ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

**ကြီးမားသောအကျိုးကိုရနိုင်**

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှုပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မင်္ဂလာအကျိုးကို ရနိုင်၏။ ထိုသို့ ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။

**လောကဝင်္ဂ(ဓမ္မပဒ-၁၇၂)**

၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၀ ရက်၊ တနင်္ဂနွေနေ့။ Sunday, 27 October 2024 ၁၁၆၂၃

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



## ကန့်ဘလူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ပဲမျိုးစုံ ဧက ၉၇၀၀၀ ကျော် လျာထားစိုက်ပျိုးမည်

**ကန့်ဘလူ အောက်တိုဘာ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်၌ ၂၀၂၄-၂၀၂၅ ခုနှစ် ဆောင်းသီးနှံစိုက်ပျိုးချိန်တွင် ပဲမျိုးစုံ ၉၇၁၃၇ ဧက လျာထားစိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။

**ရွေးချယ်စိုက်ပျိုးလာ**

ဒေသခံတောင်သူများအနေဖြင့် ဈေးကွက်ကောင်းဝင်နိုင်သည့်ပဲမျိုးများကို ရွေးချယ်စိုက်ပျိုးလာကြကြောင်း၊ အဆိုပါပဲမျိုးများသည် စိုက်ပျိုးရေ လိုအပ်ချက်နည်းသည့် သီးနှံများဖြစ်ပြီး ပဲစားသုံးမှုနှင့် ကုန်ထုတ်လုပ်မှုများ အားကောင်းလာသည့်အတွက် စပါးစိုက်ပျိုးရေးပြီးလျှင် ကန့်ဘလူမြို့နယ်တွင် ပဲမျိုးစုံစိုက်ပျိုးမှု အများဆုံးဖြစ်ကြောင်း၊ ပိုလျှံသည့်ပဲများကိုလည်း အခြားတိုင်းဒေသကြီးများနှင့် ပြည်ပသို့ တင်ပို့နိုင်သည်အထိ စိုက်ပျိုးထုတ်လုပ်မှုများရှိကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကန့်ဘလူမြို့နယ်အတွင်းရှိ တောင်သူများ ပဲမျိုးစုံစိုက်ပျိုးရေးအဖြစ် မတ်ပဲ ၃၈၄၃၇ ဧက၊ ပဲတီစိမ်း ဧက ၂၂၅၀၀၊ ထောပတ်ပဲ ၃၈၄၂ ဧက၊ စွန်တာနီ ၁၄၁၅ ဧက၊ စွန်တာပြာ ၇၂၄၄ ဧက၊ ကုလားပဲ ၇၀၈၉ ဧက၊ ပဲလွမ်း ၂၄၅၅ ဧက၊ စားတော်ပဲ ဧက ၁၀၄၄၀ နှင့် အခြားပဲ ၃၇၁၅ ဧကတို့ကို စိုက်ပျိုးရန်လျာထားကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**



## မှော်ဘီမြို့နယ်နှင့် အောင်မြေသာစံမြို့နယ်တို့ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၂၆**

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် ယင်းတိုက်ပင်ကျေးရွာအုပ်စု ညောင်းတံခါးကျေးရွာရှိ ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်း(ညောင်းတံခါး)၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

စာမျက်နှာ ၄ ကော်လံ ၁ သို့ ☆

**ယနေ့ ဖတ်စရာ**

### တစ်လ နှစ်ကြိမ် ကံစမ်းနိုင်မည့် အောင်ဘာလေအွန်လိုင်းထီ ပုံစံသစ်ကို စိတ်ဝင်စားသူ များပြားနေသဖြင့် (ဃ) အက္ခရာကို ထပ်တိုးထား

စာမျက်နှာ » ၅



### နိုင်ငံ၏အင်အား၊ အနာဂတ်များ

ဆောင်းပါး စာမျက်နှာ » ၆

### ရွှေတိဂုံစေတီတော်မြတ်ကြီး (၃၆)ကြိမ်မြောက် မသိုးရွှေကြာသင်္ကန်းရက်လုပ် ကပ်လှူပူဇော်ပွဲ အခမ်းအနား ကျင်းပမည်

စာမျက်နှာ » ၁၀

ကြေးမုံ

# ပြည်ထောင်စုစိတ်ဓာတ်မွေးမြူ နိုင်ငံကောင်းကျိုးအစဉ်ရှင်သန်ဖွံ့ဖြိုး

မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုး ၁၃၀ ကျော် မှီတင်းနေထိုင်ကြသည့် ပြည်ထောင်စုနိုင်ငံဖြစ်သည်။ ပြည်ထောင်စုကြီးအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားလူမျိုးအပေါင်းတို့ ချစ်ကြည်ရင်းနှီးစွာ အတူလက်တွဲနေထိုင်ခဲ့ကြသောကြောင့် ပြည်ထောင်စုကြီး နှစ်ပေါင်းထောင်ချီ ယနေ့ထက်တိုင် တည်တံ့ခိုင်မြဲလျက်ရှိသည်။ ထို့ကြောင့် တိုင်းရင်းသားများ အတူလက်တွဲနေထိုင်ကြမည်ဆိုသည့် ပြည်ထောင်စုစိတ်ဓာတ် အစဉ်ရှင်သန်ထွန်းကားနေစေရန် အထူးအရေးကြီးသည်။

"ပြည်ထောင်စုစိတ်ဓာတ်ဆိုသည်မှာ မိမိတို့တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအားလုံးသည် "တစ်မြေတည်းနေ၊ တစ်ရေတည်းသောက်၊ တို့အားလုံးသည် သွေးချင်းညီအစ်ကိုများဖြစ်ပြီး အရေးကြီးရင် သွေးနီးကြရမည်" ဆိုသည့်စိတ်၊ "တောင်ပေါ်မြေပြန့်မခွဲခြား၊ တို့အားလုံးသည် သားချင်းများဖြစ်ကြပြီး နိုင်ငံတော်ကို ပူးပေါင်းကာကွယ်စောင့်ရှောက်ကြရမည်" ဆိုသည့်စိတ်၊ "မရှိအတူ ရှိအတူ၊ အေးအတူပူအမျှ၊ ဥမကွဲ သိုက်မပျက် အတူတကွ ချစ်ကြည်ရင်းနှီးစွာ နေထိုင်ကြသည့် မိသားစုများ" ဆိုသည့် စိတ်ဓာတ်များပင်ဖြစ်ကြောင်း" နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်ပညာရေးဘွဲ့ ငါးနှစ်သင်တန်း အမှတ်စဉ်(၆)မှ ကျောင်းသား ကျောင်းသူများနှင့်တွေ့ဆုံစဉ် ပြောကြားခဲ့သည်။

တိုင်းရင်းသားလူမျိုးပေါင်း တစ်ရာကျော်နေထိုင်သည့် ပြည်ထောင်စုနိုင်ငံအတွက် ပြည်ထောင်စုစိတ်ဓာတ်ထားရှိရေး၊ အစဉ်ရှင်သန်ဖြစ်ထွန်းရေးသည် အလွန်အရေးကြီးသောအချက်ဖြစ်သည်။ သမိုင်းကြောင်းတစ်လျှောက်၌ တိုင်းရင်းသားလူမျိုးအချင်းချင်းအကြား ရံဖန်ရံခါ အခန့်မသင့်သည့်အခါ စိတ်သဘောထား ကွဲပြားမှုများရှိခဲ့သော်လည်း ပြည်ထောင်စုစိတ်ဓာတ်အရင်းခံရှိသောကြောင့် ပြန်လည်ပေါင်းစည်းသင့်မြတ်ခဲ့ကြသည်။ ပြည်ထောင်စုကြီးကို နှောင့်ယှက်ဖျက်ဆီးမည့် ပြည်ပအန္တရာယ်များ ဖြစ်ပေါ်လာသည့်အခါတွင် "အရေးကြီးရင် သွေးနီးကြရမည်" ဆိုသည့်အတိုင်း လက်တွဲပေါင်းစည်း တွန်းလှန်တိုက်ဖျက်ခဲ့ကြသည်။ ပြည်ထောင်စုကြီး မပြိုကွဲအောင် ကာကွယ်စောင့်ရှောက်ခဲ့ကြသည့် မြန်မာတို့၏ ဂုဏ်ယူဖွယ်ရာသမိုင်းကြောင်းကို တွေ့ရမည်ဖြစ်သည်။

မျက်မှောက်ကာလတွင် ပြည်ထောင်စုတိုင်းရင်းသားအချင်းချင်း စိတ်ဝမ်းကွဲသည့် အခြေအနေများနှင့် ကြုံနေရသည်။ ကိုလိုနီနယ်ချဲ့တို့၏ သွေးခွဲခဲ့သည့်အမွေဆိုးကြောင့် လွတ်လပ်ရေးရပြီးချိန်မှစ၍ လက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပွားခဲ့သည်။ ပြည်ပမှ သွေးခွဲသပ်လျှို မြှောက်ပင့်အားပေးမှုကြောင့် တိုင်းရင်းသားအချင်းချင်း စိတ်ဝမ်းကွဲပြားပြီး ပဋိပက္ခများ ရှည်ကြာလျက်ရှိသည်။ တိုင်းရင်းသားပြည်သူများ အတိဒုက္ခရောက်ကြသည်။ လက်ရှိကာလတွင် မြန်မာ့အခြေအနေ၊ ကမ္ဘာ့အခြေအနေတို့အရ မြန်မာနိုင်ငံသားတိုင်း ကိုယ့်မြေ၊ ကိုယ့်ရေ၊ ကိုယ့်လူမျိုး၊ ကိုယ့်အချုပ်အခြာအာဏာကို ကာကွယ်စောင့်ရှောက်ရန် အချိန်ကြရောက်လာပြီဖြစ်သည်။ အတိတ်တစ်ချိန်က ပြည်ထောင်စုကြီးကို ကာကွယ်စောင့်ရှောက်ခဲ့ကြသလို စုပေါင်းကာကွယ်စောင့်ရှောက်ကြရမည်ဖြစ်သည်။

တိုင်းရင်းသားပြည်သူတစ်ယောက်အနေဖြင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ထမ်းဆောင်ခြင်းသည် ပြည်ထောင်စုကြီးတစ်ခုလုံးနှင့် နိုင်ငံသူ နိုင်ငံသားအားလုံးကို ကာကွယ်စောင့်ရှောက်ခြင်းဖြစ်သည်။ ထိုသို့စောင့်ရှောက်ခြင်းသည် ပြည်ထောင်စုစိတ်ဓာတ်ဖြင့် အမျိုးသားရေးတာဝန်ကို ထမ်းဆောင်ခြင်းပင်ဖြစ်သည်။ နိုင်ငံတော်ကာကွယ်ရေးတွင် အဓိကတာဝန်ရှိသည့် တပ်မတော်ကို ပြည်သူအားဖြင့် ပူးပေါင်းကူညီကြရမည်ဖြစ်သကဲ့သို့ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတာဝန်များကို တိုင်းရင်းသားပြည်သူများနှင့်တပ်မတော် အတူတကွ ဦးထမ်းပဲ့ထမ်း တာဝန်ထမ်းဆောင်ခြင်းဖြင့် ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ခိုင်မြဲအောင် ကာကွယ်စောင့်ရှောက်ကြရမည်ဖြစ်သည်။

တိုင်းပြည်၏အားသည် ပြည်တွင်းမှာသာရှိသည်ဆိုသည့်အချက်ကို မြန်မာတစ်မျိုးသားလုံး ဖြတ်သန်းခဲ့ကြရသည့် သမိုင်းကြောင်းတစ်လျှောက်၌ ဂုဏ်ယူဖွယ်ရာဖော်ညွှန်းပြသခဲ့ပြီးဖြစ်သည်။ တိုင်းပြည်ကာကွယ်ရေးအတွက်သာမက တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးကို ပြည်တွင်းအားဖြင့်သာ အဓိကအားထားတည်ဆောက်ကြရမည်ဖြစ်သည်။ မြေပေါ်၊ မြေအောက်နှင့်ရေသယံဇာတများ ကြွယ်ဝပြီး လူသားအရင်းအမြစ်များ ပေါများသည့် မြန်မာနိုင်ငံတွင် တိုင်းရင်းသားအားလုံး ညီညီညွတ်ညွတ်ဖြင့် လက်တွဲကြိုးပမ်းဆောင်ရွက်ကြပါက ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို ကာကွယ်စောင့်ရှောက် တည်ဆောက်ပေးနိုင်ပြီး ဒေသတွင်းမှာသာမက ကမ္ဘာ့အဆင့်တွင်ပါ ထိပ်တန်းသို့ရောက်ရှိနိုင်သည်ကို ဆင်ခြင်ကြည့်နိုင်သည်။

ထို့ကြောင့် ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုမောင်နှမများအကြား အပြန်အလှန်လေးစားမှု၊ အပြန်အလှန်ယုံကြည်မှုများ တည်ဆောက်ကြရာတွင် အတွေးအခေါ်အယူအဆမှန်ကန်စွာဖြင့် စည်းစည်းလုံးလုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်သည်။ အထူးသဖြင့် တိုင်းရင်းသားလူငယ်များကြားတွင် ပြည်ထောင်စုစိတ်ဓာတ်ကိန်းအောင်းပြီး နိုင်ငံ၏ကောင်းကျိုးကို သယ်ပိုးဆောင်ရွက်လိုသော မွန်မြတ်သည့် စိတ်စေတနာကောင်းများ ထာဝစဉ်ရှင်သန်ဖြစ်ထွန်းအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် စွမ်းအင်ဝန်ကြီးဌာန၊ ရေနံထွက်ပစ္စည်း ကြီးကြပ်စစ်ဆေးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထက်သျှန်ဖြိုး ကို ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

# မြဝတီမြို့ ရွှေမြင်းဝန်စေတီတော်မြတ်ကြီး၌ ဥပ္ပါတသန္တိပါဠိတော် ရွတ်ဖတ်ပူဇော်ခြင်းအောင်ပွဲ မင်္ဂလာအခမ်းအနား ကျင်းပ

မြဝတီ အောက်တိုဘာ ၂၆

ကရင်ပြည်နယ် မြဝတီမြို့၏ကျက်သရေဆောင်ရှေးဟောင်းသမိုင်းဝင် ဆံတော်ရှင် ရွှေမြင်းဝန်စေတီတော်မြတ်ကြီး၌ ဥပ္ပါတသန္တိပါဠိတော်ရွတ်ဖတ်ပူဇော်ခြင်းအောင်ပွဲ မင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၉ နာရီက ကျင်းပသည်။

ဦးစွာ ကျောင်းတိုက်အသီးသီးမှ ဆရာတော်၊ သံဃာတော်အရှင်သူမြတ်တို့က နမောတဿသုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ပေးပြီး နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် မြဝတီမြို့ တပ်ဦးကျောင်းတိုက်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ ဒေါက်တာအရှင်ပညာနန္ဒထံမှ မြဝတီခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံလင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်လွင်၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်ဒေသပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး အန္တရာယ်ကင်း ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ခြင်းကို နာယူကြည်ညိုကြသည်။



ဆက်လက်၍ဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပေးပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေပြီး ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ဥပ္ပါတသန္တိပါဠိတော်ရွတ်ဖတ်ပူဇော်ခြင်း အောင်ပွဲမင်္ဂလာ အခမ်းအနား အောင်မြင်စွာ ပြီးမြောက်ခဲ့ကြောင်း သိရသည်။

ဇာဖြူဝင်း(မြဝတီ)

# အိမ်မဲမြို့နယ်၌ ကြက်ခြေနီရှေးဦးပြုစုခြင်း အခြေခံသင်တန်းဖွင့်ပွဲ ကျင်းပ

အိမ်မဲ အောက်တိုဘာ ၂၆

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ် အထက(၂)၌ မြို့နယ်ကြက်ခြေနီအသင်းခွဲမှ ဦးဆောင်ကျင်းပသည့် ကြက်ခြေနီ ရှေးဦးပြုစုခြင်း အခြေခံသင်တန်း အမှတ်စဉ် (၃/၂၀၂၄ ) သင်တန်း ဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီခွဲက ကျင်းပသည်။

အခမ်းအနားတွင် အိမ်မဲမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၂) ဒေါက်တာသန်းဌေး နှင့် မြို့နယ်ကြက်ခြေနီအသင်းခွဲဥက္ကဋ္ဌ ဦးကျော်မြင့်တို့က အဖွင့်အမှာစကားများ နှင့်သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ပြောကြားသည်။

ထို့နောက် အကြံကောင်းတစ်ခုရဲ့ သမိုင်းကြောင်း၊ ကြက်ခြေနီအကြောင်း သိကောင်းစရာ၊ မြို့နယ်ကြက်ခြေနီ အသင်းခွဲ၏လှုပ်ရှားမှု video clip များကို ပြသခဲ့သည်။



### သုံးရက်ကြာသင်ကြားမည်

အဆိုပါ သင်တန်း၌ သင်တန်းနည်းပြ ခုနစ်ဦးက သင်တန်းသား သင်တန်းသူ ၅၁ ဦးအား ရှေးဦးပြုစုခြင်းဆိုင်ရာ ဘာသာရပ် ၁၂ ခုကို စာတွေ့လက်တွေ့ သုံးရက်ကြာ သင်ကြားသွားမည်ဖြစ်ကြောင်းနှင့် မြို့နယ်ကြက်ခြေနီအသင်းခွဲအနေဖြင့် ရှေးဦးပြုစုခြင်း အခြေခံသင်တန်းများကို အထက(၁)နှင့် အထက(ခွဲ)(တကော) တို့တွင် သင်ကြားပေးပြီးဖြစ်ရာ ယခု အထက(၂)တွင် တတိယအကြိမ် အဖြစ် ဆောင်ရွက်ခြင်းဖြစ်ကြောင်းသိရသည်။

မြို့နယ်(ပြန်/ဆက်)

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**


ကြေးမုံ

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | - ဦးဝင်းနိုင် | အကြီးတန်း သတင်းထောက်များ | - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ |
| ခေတ္တ စာတည်းမှူး | - ဦးအေဝမ်းစိုး | အငယ်တန်း သတင်းထောက်များ | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| စာတည်းများ | - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ | သုတေသန | - ဒေါ်ဇင်မာဝင့် |
| | | စာပြင် | - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့ |
| ဘာသာပြန် စာတည်းများ | - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့ |
| | | အီးမေးလ်နှင့် အွန်လိုင်း | - ဦးစိုးချစ်ဦးနှင့်အဖွဲ့ |



ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

## ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်း တတိယအကြိမ်မြောက် ရပ်ဝန်းနှင့် ပိုးလမ်းမစွမ်းအင်ဝန်ကြီးများ ကွန်ဖရင့် တက်ရောက်




နေပြည်တော် အောက်တိုဘာ ၂၆

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှန်တုန်ပြည်နယ် ချင်းတောင်မြို့၌ အောက်တိုဘာ ၂၃ ရက်မှ ၂၄ ရက်အထိ ကျင်းပသည့် တတိယအကြိမ်မြောက် ရပ်ဝန်းနှင့် ပိုးလမ်းမစွမ်းအင်ဝန်ကြီးများ ကွန်ဖရင့်သို့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ပြီး ကွန်ဖရင့်၏ပထမနေ့ နံနက်ပိုင်းအစီအစဉ် ဖိုရမ်ဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကား ပြောကြားခဲ့သည်။

ထိုသို့ပြောကြားရာတွင် Belt and Road Energy Partnership (BREP) စတင်ခဲ့သည့် လွန်ခဲ့သောငါးနှစ်အတွင်း BREP အဖွဲ့ဝင်နိုင်ငံများနှင့် ပြည်သူများ၏ အာရုံစိုက်မှုနှင့် အလေးထားမှုများ ပိုမိုရရှိလာကာ စွမ်းအင်ပူးပေါင်းဆောင်ရွက်မှု ပလက်ဖောင်းတစ်ခုသို့ ရောက်ရှိနေသည်မှာ သိသာထင်ရှားကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ၂၀၃၀ ပြည့်နှစ်တွင် လျှပ်စစ်ဓာတ်အားအပြည့်အဝရရှိရန် ကြိုးစားနေသကဲ့သို့ နိုင်ငံတကာ စွမ်းအင်အခင်းအကျင်း၏ တိုးတက်မှုနှင့် ဆန်းသစ်တီထွင်မှုများကို မျှဝေခံစားနိုင်ရန် Belt and Road Initiative အောက်တွင် စွမ်းအင်ပူးပေါင်းဆောင်ရွက်မှုများကို အလေးပေးဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် “Belt and Road Green Energy Cooperation Action Plan (2024–2029)” ကို အကောင်အထည်ဖော်ရာတွင် BREP အဖွဲ့ဝင်များနှင့်အတူ တက်ကြွစွာပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းပြောကြားခဲ့သည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်အမျိုးသားစွမ်းအင် အုပ်ချုပ်ရေးအဖွဲ့ (National Energy Administration–NEA) ၏ ဥက္ကဋ္ဌ Mr. Zhang Jianhua နှင့် တာဝန်ရှိသူများအား တွေ့ဆုံ၍ တရုတ်-မြန်မာ လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ၊ ရှေ့ဆက်ဆောင်ရွက်ရန်များကို ဆွေးနွေးကြသည်။

ကွန်ဖရင့်၏ ဒုတိယနေ့၌ ကျင်းပခဲ့သည့် Smart Energy Sub Forum ဖွင့်ပွဲအခမ်းအနားတွင် မြန်မာနိုင်ငံအနေဖြင့်လည်း United Nations Framework Convention on Climate Change (UNFCCC) ၏ဆုံးဖြတ်ချက်နှင့် ပါရီသဘောတူညီချက်တို့နှင့်အညီ မြန်မာနိုင်ငံအမျိုးသားအဆင့် ရာသီဥတုပြောင်းလဲမှုလျော့ချရေးနှင့် လိုက်လျောညီထွေရှိစေရေးဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်မည့်အစီအစဉ် (Nationally Determined Contribution_NDC)ကို ၂၀၂၂ ခုနှစ် ဩဂုတ်လတွင် စတင်ခဲ့ကြောင်း၊ မြန်မာနိုင်ငံတွင် ပြန်ပြည့်မြဲစွမ်းအင် အရင်းအမြစ်ဖြင့် ဓာတ်အားထုတ်လုပ်ဆဲ(သို့မဟုတ်) စီမံကိန်းအသစ်များတွင် Green Growth Models နှင့် ESS တို့ အသုံးပြုတည်ဆောက်နိုင်မည့်အခွင့်အလမ်းများစွာရှိနေသည့်အတွက် အစိမ်းရောင်စွမ်းအင်သုံးစွဲသည့် မြန်မာနိုင်ငံ(Myanmar Green) ဖြစ်စေရေး ဆောင်ရွက်ခြင်းမှတစ်ဆင့် အစိမ်းရောင်စွမ်းအင်သုံးစွဲသော အာရှ (Asia Green) ဖြစ်စေနိုင်မည်ဖြစ်သည့်အတွက် မိတ်ဖက်အဖွဲ့အစည်းများအား လာရောက်ရင်းနှီးမြှုပ်နှံရန် ဖိတ်ခေါ်ပါကြောင်း ရှင်းလင်းဆွေးနွေးသည်။

ထို့ပြင် ယူနန်ပြည်နယ်ရှိ ၈၀၀ ကေဗွီ DC Converter ဓာတ်အားခွဲရုံ၊ ချင်းတောင်မြို့ရှိ Huadin Qingdao Gas Turbine Engineering Project နှင့် TELD EV Charging Network Center တို့သို့ သွားရောက်ကြည့်ရှုလေ့လာခဲ့ကြပြီး ယနေ့မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး ရုရှားဖက်ဒရေးရှင်းနိုင်ငံ Tour Operator များနှင့် Tour Agency များပါဝင်သော ရင်းနှီးကျွမ်းဝင်မှုခရီးစဉ်တွင် လိုက်ပါခဲ့သည့်ကိုယ်စားလှယ်အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးပွဲနှင့် Business Matching အခမ်းအနားသို့ တက်ရောက်

**နေပြည်တော် အောက်တိုဘာ ၂၆**

မြန်မာ-ရုရှား ခရီးသွားလုပ်ငန်း မြှင့်တင်ရေးအတွက် ရည်ရွယ်၍ ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ Tour Operator များနှင့် Tour Agency များပါဝင်သော ရင်းနှီးကျွမ်းဝင်မှု ခရီးစဉ်တွင် လိုက်ပါလာသည့် ကိုယ်စားလှယ်အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးပွဲနှင့် Business Matching အခမ်းအနားကို ယမန်နေ့ ညနေပိုင်းက ရန်ကုန်မြို့ရှိ Pan Pacific ဟိုတယ်၌ ကျင်းပသည်။




**တက်ရောက်**

အခမ်းအနားသို့ ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းဆိုင်ရာ အသင်းအဖွဲ့များမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံရုံးမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ မြန်မာ့အာမခံလုပ်ငန်း၊ လေကြောင်းလိုင်းများနှင့် ဟိုတယ်နှင့် ခရီးသွားကုမ္ပဏီများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီးက အဓိကခရီးစဉ် ဒေသများအကြား အချိန်တိုတိုအတွင်း သွားရောက်လည်ပတ်နိုင်စေရန်၊ ချောင်းသာ၊ ငွေဆောင်ကမ်းခြေဒေသများနှင့် ချိတ်ဆက်နိုင်ရန် ရည်ရွယ်ပြီး ရန်ကုန်-ပုသိမ်-ညောင်ဦး-မန္တလေး အသွားအပြန် လေကြောင်းခရီးစဉ်ကို ပြီးခဲ့သည့် အောက်တိုဘာ ၁၃ ရက်မှစတင်၍ ပျံသန်း ပြေးဆွဲနေကြောင်း၊ နိုင်ငံတော်က သာမန်နိုင်ငံကူး လက်မှတ်ကိုင်ဆောင်သည့် ရုရှား ခရီးသွား ဧည့်သည်များအတွက် ဗီဇာကင်းလွတ်ခွင့်ကို တစ်နှစ် ထပ်မံခွင့်ပြုပေးခဲ့ပြီးဖြစ်ရာ ရုရှား ခရီးသွားများ ပိုမိုလာရောက်လည်ပတ်စေရေး ဝိုင်းဝန်းဆောင်ရွက် ပေးစေလိုကြောင်း၊ မြန်မာ-ရုရှား နှစ်နိုင်ငံယဉ်ကျေးမှုနှင့် ခရီးသွားလုပ်ငန်းဖလှယ်ရေး ခရီးလမ်းကြောင်း ရေရှည်တည်တံ့ခိုင်မြဲအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**မေးမြန်းဆွေးနွေး**

ထို့နောက် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံရုံးမှ စီးပွားရေးသံမှူးတို့က အမှာစကားပြောကြားကြပြီး ရင်းနှီးကျွမ်းဝင်မှုခရီးစဉ်တွင် လိုက်ပါလာသည့် ကိုယ်စားလှယ်တစ်ဦးက ခရီးစဉ်အတွင်း ကြုံတွေ့ခဲ့ရသည့် အတွေ့အကြုံများကို ပြန်လည်ရှင်းလင်းကာ မြန်မာနိုင်ငံသို့ ပိုမိုအဆင်ပြေစွာ လာရောက်နိုင်ရေးအတွက် သိရှိလိုသည့် အချက်အလက်ကို မေးမြန်းဆွေးနွေးကြသည်။

ညနေပိုင်းတွင် ခရီးစဉ်တွင် လိုက်ပါလာသည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ ခရီးသွားကုမ္ပဏီများနှင့် မြန်မာနိုင်ငံမှ ဟိုတယ်များ၊ ခရီးသွားကုမ္ပဏီများ တွေ့ဆုံကာ Business Matching အစီအစဉ်ကို ဆက်လက် ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ရန်ကုန်တိုင်းဒေသကြီးကိုယ်စားပြု အောင်ပွဲရပြိုင်ပွဲဝင်များအား ထပ်ဆင့်ဂုဏ်ပြုချီးမြှင့်ပွဲ ကျင်းပ



**ရန်ကုန် အောက်တိုဘာ ၂၆**

(၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ဗဟိုအဆင့်တွင် ရန်ကုန်တိုင်းဒေသကြီး ကိုယ်စားပြု ယှဉ်ပြိုင်ခဲ့သည့် အောင်ပွဲရပြိုင်ပွဲဝင် များအား ဂုဏ်ပြုချီးမြှင့်ပွဲနှင့် ဂုဏ်ပြုနေ့လယ်စာဖြင့် ဧည့်ခံပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ကျင်းပ သည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီးကိုယ်စားပြု ဆုတံဆိပ်အသီးသီးဆွတ်ခူးရရှိသော ပြိုင်ပွဲဝင်များက "အောင်စေပိုင်စေ"တေးသီချင်းဖြင့် ဖျော်ဖြေတင်ဆက် ကြသည်။

ထို့နောက် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်း အမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ သွားရောက်ယှဉ်ပြိုင်ခဲ့သည့် မှတ်တမ်း Video Clip ကို ပြသသည်။

ယင်းနောက် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်း အမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ရန်ကုန်တိုင်းဒေသကြီး ကျင်းပရေး ဦးစီးကော်မတီနာယက တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ထို့နောက်တိုင်းဒေသကြီးပြိုင်ပွဲကျင်းပရေးဦးစီး ကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးအောင်နိုင်ရေး ကော်မတီဥက္ကဋ္ဌ လူမှုရေးရာဝန်ကြီး ဦးဌေးအောင်က ဗဟိုအဆင့်တွင် ယှဉ်ပြိုင်ခဲ့ရသည့် ပြိုင်ပွဲအတွေ့ အကြုံများကို ရှင်းလင်းတင်ပြသည်။

**ချီးမြှင့်ပေးအပ်**

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဇနီး၊ တိုင်းမှူးနှင့်ဇနီး၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ ကပထမဆုရရှိသောမဟာဇနကဇာတ်တော်ကြီးအဖွဲ့၊ ဇာတ်တော်ကြီးပံ့ပိုးဆိုင်းထူးချွန်ဆုရရှိသောအဖွဲ့၊ ၂၀၂၂ ခုနှစ်မှ ၂၀၂၄ ခုနှစ်အထိ အဆို၊ အက၊ အရေး၊ အတီး ဂုဏ်ပြုတေးသီချင်းရေးစပ်သူ တေးရေး လင်းတေဇ၊ ဝေဿန္တရာရုပ်သေးဇာတ်တော်ကြီး ပထမဆုရ တော်ဝင်ရုပ်စုံအဖွဲ့၊ ရုပ်သေးဇာတ်တော် ကြီး ဆို၊ ငို၊ ပြော ထူးချွန်ဆုရအဖွဲ့၊ ချင်းယိမ်းအဖွဲ့၊ ကဗျာလွတ်အကအဖွဲ့၊ ကျေးလက်ယိမ်းအဖွဲ့၊ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများတွင် တစ်ဦးချင်းဆုရရှိ သူများ၊ အဖွဲ့လိုက်ဆုရရှိသူများ၊ အောင်နိုင်ရေး ဦးစီးကော်မတီဝင်များ၊ ပံ့ပိုးသူများနှင့် ရုံးလုပ်ငန်း အဖွဲ့များအား ထပ်ဆင့်ဂုဏ်ပြုဆုများကို ချီးမြှင့် ပေးအပ်ကြသည်။

ဆက်လက်၍ အခြေခံပညာအဆင့် အတီး ဘာသာရပ်၌ ရွှေတံဆိပ်သုံးခု ဆွတ်ခူးရရှိခဲ့သော မောင်အံ့ထူးကိုကိုက ကျေးဇူးတင်စကားပြောကြား သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ဂုဏ်ပြုနေ့လယ်စာဖြင့်ဧည့်ခံပြီး ပြိုင်ပွဲတွင် ဆုရရှိသူ များက ဖျော်ဖြေရေးအစီအစဉ်များဖြင့် ဖျော်ဖြေ တင်ဆက်ကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဖျော်ဖြေတင်ဆက်ကြသူများအား ဂုဏ်ပြုချီးမြှင့်ငွေ များ ပေးအပ်သည်။

ရန်ကုန်တိုင်းဒေသကြီးအနေဖြင့် ပြိုင်ပွဲဝင် ဘာသာရပ် ၂၉ မျိုးတွင် ပြိုင်ပွဲဝင် ၂၈၅ ဦး၊ ဘာသာရပ် အလိုက် ပြိုင်ပွဲဝင် ၃၉၄ ဦးဖြင့် ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ပြိုင်ပွဲအပြီးတွင် ရွှေတံဆိပ်ဆု ၆၅ ခု၊ ငွေတံဆိပ်ဆု ၄၃ ခု၊ ကြေးတံဆိပ်ဆု ၁၉ ခု၊ အထူးဆု တစ်ဆုဖြင့် စုစုပေါင်းဆုတံဆိပ် ၁၂၈ ခု ဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။

**ဆန်းကျော်ဦး(ပြန်/ဆက်)**

# ကချင်ပြည်နယ်ဝန်ကြီးချုပ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ဗဟိုအဆင့်ပြိုင်ပွဲဝင် ပြည်နယ်ကိုယ်စားပြု အနုပညာရှင် မောင်မယ်များအား ကြိုဆိုဂုဏ်ပြု



**မြစ်ကြီးနား အောက်တိုဘာ ၂၆**

(၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ဗဟိုအဆင့်ပြိုင်ပွဲကို ကချင်ပြည်နယ်အနေဖြင့် အောင်မြင်စွာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည့် ကချင် ပြည်နယ်ကိုယ်စားပြု အနုပညာရှင် မောင်မယ်များ အား ယနေ့နံနက်ပိုင်းတွင် ပြည်နယ်အစိုးရအဖွဲ့က ဦးဆောင်၍ မြစ်ကြီးနားလေဆိပ်၌ ဂုဏ်ပြုကြိုဆို ခဲ့ကြသည်။

ယင်းနောက် မြစ်ကြီးနားမြို့ ပြည်သူ့အားကစား ကွင်းအတွင်းရှိ မိုးလုံလေလုံအားကစားခန်းမ၌ ပြိုင်ပွဲ ဝင်များအား ဂုဏ်ပြုချီးမြှင့်ပွဲ ကျင်းပရာ ပြည်နယ် ဝန်ကြီးချုပ်က (၂၅)ကြိမ်မြောက် ငွေရတုအထိမ်း အမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲတွင် အဆင့်အတန်းရှိရှိဖြင့် ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ ကြိုးစားယှဉ်ပြိုင် အနိုင်ရခဲ့ကြသည့် အတွက် ပြိုင်ပွဲဝင် အနုပညာရှင်မောင်မယ်များအား ယခုလို ကြိုဆိုဂုဏ်ပြုချီးမြှင့်ခြင်းပင်ဖြစ်ကြောင်း၊ လာမည့်နှစ်များတွင်လည်း မိမိတို့ပြည်နယ်အတွက် ရွှေတံဆိပ်ဆုများ ပိုမိုရရှိအောင်၊ မိမိတို့၏ ရိုးရာ ယဉ်ကျေးမှုအမွေအနှစ် အနုပညာရပ်များကို အစွမ်းကုန် ထိန်းသိမ်းစောင့်ရှောက်ခြင်းဖြင့် မြန်မာ့ ဂုဏ်ကို အစွမ်းကုန်ဖော်ဆောင်ကြသောသူများ ဖြစ်အောင် ကြိုးစားကြရန်လိုကြောင်း ဂုဏ်ပြု ပြောကြားသည်။

ထို့နောက် ရေးဟောင်းသုတေသနနှင့် အမျိုးသား ပြတိုက်ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သူဇာလှိုင်က ဗဟိုအဆင့်ပြိုင်ပွဲ ဝင်ရောက်ခဲ့မှုများ နှင့် စပ်လျဉ်း၍ အတွေ့အကြုံများကို ရှင်းလင်းတင်ပြ ပြီး ပြိုင်ပွဲဝင် ဆုရမောင်မယ်များအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ရာ ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး တို့က ရွှေတံဆိပ်ဆုရ ဝါသနာရှင်(ပထမတန်းနှင့် ဒုတိယတန်း)တို့တွင် နှဲ၊ ပလွေ၊ တယော အတီးပြိုင်ပွဲ တို့တွင် ရွှေတံဆိပ်ဆုရ ပြိုင်ပွဲဝင် လေးဦးတို့ကို လည်းကောင်း၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးတူးဂျာ၊ ပြည်နယ်လူမှုရေးရာ ဝန်ကြီး ဦးမိုးမင်းသိန်းနှင့် ပြည်နယ်တိုင်းရင်းသား ရေးရာဝန်ကြီးတို့က ဘာသာရပ်အလိုက် ပြိုင်ပွဲ အသီးသီးတွင် ငွေတံဆိပ်ဆုရ ပြိုင်ပွဲဝင် လေးဦး၊ ကြေးတံဆိပ်ဆုရ ပြိုင်ပွဲဝင် ခြောက်ဦးတို့နှင့် နှစ်သိမ့် ဆုရ ပြိုင်ပွဲဝင် လေးဦးတို့ကို လည်းကောင်း ဂုဏ်ပြု ချီးမြှင့်ငွေများကို ပေးအပ်ချီးမြှင့်ခဲ့ကြရာ ဝါသနာရှင် ဒုတိယတန်း တယောအတီးပြိုင်ပွဲတွင် ခုနစ်နှစ် ဆက်တိုက် ရွှေတံဆိပ်ဆုရသူက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန် ရှိသူများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ ဗဟိုအဆင့် ပြိုင်ပွဲဝင် အနုပညာရှင် မောင်မယ်များနှင့်အတူ နံနက်စာ အတူတကွသုံးဆောင်ခဲ့ကြကြောင်း သိရ သည်။

**ပြည်နယ်(ပြန်/ဆက်)**

☆ **မှော်ဘီမြို့နယ်မှ**

ထိုသို့ဆောင်ရွက်ပေးရာတွင် နယ်လှည့် ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူ ၁၅၆ ဦးအား ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ အရိုး အကြောရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သားဖွားမီးယပ် ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ် သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။


အလားတူ မန္တလေးတိုင်းဒေသကြီး အောင်မြေ သာစံမြို့နယ် အနိုပ်တော်ရပ်ကွက် ကထိန်တော် ကျောင်းတိုက်ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူ များအား အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံ ဆေးကုသရေးအဖွဲ့က အဆိုပါ ကျောင်းတိုက်ရှိ ဓမ္မာရုံ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေး အဖွဲ့က သံဃာတော် ၁၀၉ ပါးနှင့် ဒေသခံပြည်သူ ၂၂ ဦးတို့အား သွေးတိုးရောဂါ၊ အဆစ်အမျက်ရောင် ရောဂါ၊ ဆီးချိုရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါ၊ မျက်စိရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ ခွဲစိတ် ကုသမှုဆိုင်ရာရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသ ပေးခြင်းများ ဆောင်ရွက်ပေးပြီး ကျန်းမာရေးဆိုင်ရာ အသိပညာပေးခြင်းများ ဟောပြောဆွေးနွေးကာ ဆေးရုံတက်ရောက်ရန်လိုအပ်သည့် လူနာများအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသ နိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက် ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက် ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# သာပေါင်း သီရိရွှေသာဈေး၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ဆောင်ရွက်



**သာပေါင်း အောက်တိုဘာ ၂၆**

ပုသိမ်ခရိုင် သာပေါင်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့၏ လမ်းညွှန်မှု ဖြင့် မီးဘေးအန္တရာယ် ကြိုတင် ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့် မှုများကို ယနေ့နံနက် ၈ နာရီက သီရိရွှေသာဈေး၌ ဆောင်ရွက် ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ် မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်သူလွင် ဦးဆောင်၍ သန္ဓေ မီးသတ်တပ်ဖွဲ့ဝင် ခြောက်ဦးတို့က မီးငြိမ်းသတ်ယာဉ် တစ်စီးဖြင့် မီးငြိမ်းသတ်ခြင်းကို သရုပ်ပြ ဇာတ်တိုက် လေ့ကျင့်ခြင်းနှင့် မီးလောင်မှုအန္တရာယ် ကြုံတွေ့ ပါက အရေးပေါ်မီးငြိမ်းသတ်နိုင် ရန် မီးသတ်ဆေးဘူး အသုံးပြုပုံ၊ ဆီမီးလောင်မှုကို မီးသတ်ဆေးဘူး အသုံးပြု ငြိမ်းသတ်နည်းများ နှင့်စပ်လျဉ်း၍ ဈေးသူ ဈေးသား များအား လက်တွေ့သရုပ်ပြခဲ့ကြ ကြောင်း သိရသည်။

**မျိုးဇော်သိန်း(ပြန်/ဆက်)**

## သန်းခေါင်စာရင်း အကောက်မခံရသေးသော ပြည်သူများအား ပြန်လည်ကောက်ခံပေးသွားမည်

- ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို ၂၀၂၄ ခုနှစ် အောက်တိုဘာလ (၁) ရက်နေ့မှ (၁၅) ရက်နေ့အထိ ကောက်ယူခဲ့ပါသည်။
- အကြောင်းအမျိုးမျိုးကြောင့် သန်းခေါင်စာရင်း အကောက်မခံရသေးသော ပြည်သူများအနေဖြင့် သန်းခေါင်စာရင်း ပြန်လည်ကောက်ခံနိုင်ရေးအတွက် သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်စု သန်းခေါင်စာရင်းကော်မတီနှင့် မြို့နယ်သန်းခေါင်စာရင်းကော်မတီထံသို့ ဆက်သွယ်နိုင်ပါကြောင်းနှင့် ဆက်သွယ်လာသည့် ပြည်သူများအား ပြန်လည်စာရင်းကောက်ယူပေးသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။
- ဖုန်းနံပါတ် - ၀၆၇ - ၄၃၁၀၆၂၊ ၀၆၇ - ၄၃၁၃၅၉၊ ၀၆၇ - ၄၃၁၀၆၇၊ ၀၆၇ - ၄၃၁၃၃၉

သို့လည်း ဆက်သွယ်မေးမြန်းအကြောင်းကြားနိုင်ပါသည်။ (ဗဟိုသန်းခေါင်စာရင်းကော်မရှင်)

## မုံရွာမြို့၌ ပဥ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးနှင့် အောင်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

မုံရွာ အောက်တိုဘာ ၂၆

စစ်ကိုင်းတိုင်းဒေသကြီးမှ ပဥ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲများသို့ ဝင်ရောက် ယှဉ်ပြိုင်နိုင်ရေးနှင့် အောင်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၅/၂၀၂၄)ကို ယနေ့ နံနက်ပိုင်းတွင် တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ဦးစွာ တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးအောင်ဇော်လွင်က ပဥ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲများသို့ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများနှင့် ပြိုင်ပွဲဝင်အားကစားသမားများ စုဖွဲ့လေ့ကျင့်နေမှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အားကစားနှင့် ကာယပညာသိပ္ပံ (မုံရွာ) ကျောင်းအုပ်ကြီးနှင့် အားကစားနည်းများအလိုက် တာဝန်ခံများ၊ အသင်းနည်းပြများ၊ အုပ်ချုပ်သူများနှင့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများက အားကစားနည်းများအလိုက် စခန်းသွင်းလေ့ကျင့်နေမှုများနှင့် ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက အားကစားပြိုင်ပွဲများသို့ ဝင်ရောက် ယှဉ်ပြိုင်နိုင်ရေး အောင်နိုင်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ လိုအပ်သည်များ ဆွေးနွေးတင်ပြသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်က အမှာစကား ပြောကြားကာ ဆွေးနွေး တင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

## ပေါင်မြို့နယ်၌ သန်းခေါင်စာရင်းကောက်ယူမှု ရာနှုန်းပြည့်ပြီးစီး

ပေါင် အောက်တိုဘာ ၂၆

မွန်ပြည်နယ် ပေါင်မြို့နယ်၌ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူမှု ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း မြို့နယ်သန်းခေါင်စာရင်းကော်မတီထံမှ သိရသည်။

**ရာနှုန်းပြည့်ကောက်ယူပြီးစီး**

ပေါင်မြို့နယ်တွင် အိမ်ထောင်စုကောက်ကွက် ၄၂၆ ကွက်၊ အဖွဲ့အစည်းကောက်ကွက် သုံးကွက် စုစုပေါင်းကောက်ကွက် ၄၂၉ ကွက်ရှိ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၂၄ ရက်တွင် ရာနှုန်းပြည့်ကောက်ယူပြီးစီးပြီဖြစ်သည်။ စာရင်းစစ်၊ စာရင်းကောက်များ၏ သန်းခေါင်စာရင်းကွင်းဆင်းကောက်ယူနေမှုတို့ကို သထုံခရိုင်နှင့် မြို့နယ်သန်းခေါင်စာရင်းကောက်ယူရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ကြီးကြပ်ကြည့်ရှုဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မွန်မလေး(ပြန်/ဆက်)






5 Digits အောင်ဘာလေအွန်လိုင်းထီ ကြော်ငြာကို တွေ့ရစဉ်။

## တစ်လနှစ်ကြိမ်ကံစမ်းနိုင်မည့် အောင်ဘာလေအွန်လိုင်းထီပုံစံသစ်ကို စိတ်ဝင်စားသူများပြားနေသဖြင့် (ဃ)အက္ခရာကို ထပ်တိုးထား

ရန်ကုန် အောက်တိုဘာ ၂၆

တစ်လနှစ်ကြိမ် ကံစမ်းနိုင်မည့် အောင်ဘာလေအွန်လိုင်းထီပုံစံသစ်ကိုစိတ်ဝင်စားသူများပြားနေခြင်းကြောင့်(ဃ)အက္ခရာကို ထပ်တိုးထားကြောင်း သိရသည်။

5 Digits အောင်ဘာလေအွန်လိုင်းထီသည် အက္ခရာတစ်လုံးနှင့် ဂဏန်းငါးလုံးထီကို ကံစမ်းရမည့်ထီအမျိုးအစားဖြစ်ကာ ထီဖွင့်ပွဲကို လတစ်လ၏ ၂ ရက်နှင့် ၁၆ ရက်တို့တွင် ကျင်းပသွားမည်ဖြစ်ပြီး ရက်သတ္တနှစ်ပတ်လျှင်တစ်ကြိမ် ဖွင့်လှစ်ပေးသွားမည်ဖြစ်သည်။

ထို့ပြင် ဆတိုးထီဆုကြီးလည်းပါဝင်ကာ အဆိုပါထီဆုမှာ အမြင့်ဆုံးထီဆုအတွက် ထီနံပါတ်ကို ကံထူးရှင်ထွက်ပေါ်လာသည်ဖြစ်စေ၊ မထွက်ပေါ်လာသည်ဖြစ်စေ သုံးကြိမ်အများဆုံး ဖွင့်လှစ်မည်ဖြစ်သည်။

သုံးကြိမ်ဖွင့်လှစ်ပြီးနောက် ကံထူးရှင်မထွက်ပေါ်လာပါက အဆိုပါထီဆုကြေးငွေကို နောက်တစ်ကြိမ် ထီဖွင့်ပွဲတွင် ပေါင်းထည့်ပေးမည်ဖြစ်သည့်အတွက် ထီဆုငွေ ဆတိုးတက်သွားခြင်းဖြစ်သည်။ အဆိုပါကံစမ်းမှုမျိုးကို ခြောက်ကြိမ်အထိ ပြုလုပ်ပေးမည်ဖြစ်သောကြောင့် ငွေကျပ် ၁၀၀၀ ဖြင့်ဝယ်ပြီး သိန်းပေါင်းများစွာ ကံထူးနိုင်မည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ 5 Digits အွန်လိုင်းထီကနေပြီး ထီဝါသနာရှင်များ ပိုမိုကံစမ်းနိုင်ရန်အတွက် " ဃ" အက္ခရာတစ်လုံးထပ်တိုးပေးထားပါကြောင်း သတင်းကောင်းပါးရင်းနဲ့ 5 Digits အောင်ဘာလေအွန်လိုင်းထီ ပထမဆုံးအကြိမ်ရဲ့ ဆတိုးဆုကံထူးရှင်ဖြစ်နိုင်ပြီမို့ အခုပဲ ထီကံစမ်းပြီး စိတ်ကူးအိပ်မက်တွေ အကောင်ထည်ဖော်လိုက်ကြစို့နော်" ဟု အောင်ဘာလေ အွန်လိုင်းထီက လူမှုကွန်ရက်ဖေ့စ်ဘွတ်ခ်စာမျက်နှာတွင် ကြေညာထားသည်။

ထို့ပြင် ယခုလအတွက် အွန်လိုင်းထီလက်မှတ်များ အနည်းငယ်သာကျန်တော့သည့်အတွက် လာရောက်ကံစမ်းရန် ဖိတ်ခေါ်ထားသည်။ "အရင်ကတော့ ရိုးရိုးထီထိုးတာပါ။ အခုက ကိုယ်ကြိုက်တဲ့ဂဏန်း ရွေးချယ်ထိုးလို့ရတဲ့ အွန်လိုင်းထီကို ကံစမ်းဖြစ်ပါတယ်။ တချို့ကလည်းမသိကြသေးဘူး။ အွန်လိုင်းထီက အချိန်ကုန်သက်သာတယ်၊ တစ်လနှစ်ကြိမ်ဆိုတော့ အခွင့်အရေးလည်းများတယ်" ဟု ပုဇွန်တောင်မြို့နယ်ရှိ ထီပုံမှန်ကံစမ်းသူ ဦးလှမြင့်က ဆိုသည်။

MT

## မိုးတိမ်တောင် ဖြစ်ပေါ်မှုအခြေအနေ

နေပြည်တော် အောက်တိုဘာ ၂၆

ရန်ကုန် တိုင်းဒေသကြီး၊ ဧရာဝတီ တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာ တစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ

# နိုင်ငံ၏အင်အား၊ အနာဂတ်များ

ဇော်လင်း

“နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုရဲ့ အခြေခံအုတ်မြစ်ဟာ ပညာတတ်အရင်းအမြစ်များ ပေါ်များခြင်းပဲဖြစ်တယ်။ နိုင်ငံတော်အနေနဲ့လည်း အသိပညာ၊ အတတ်ပညာပြည့်စုံတဲ့ ပညာတတ်တွေနဲ့ သာယာဝပြောတဲ့ အနာဂတ်နိုင်ငံတော်ကြီးကို တည်ဆောက်ဖို့ ဦးတည်ဆောင်ရွက်နေပြီး အရည်အသွေးပြည့်ဝတဲ့ ဘက်စုံပညာရေးစနစ်တိုးတက်ဖြစ်ပေါ်ရေးကိုလည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိတယ်။ အသိဉာဏ်ပညာပြည့်စုံပြီး ဆင်ခြင်တုံတရားပြည့်ဝတဲ့ ကျောင်းသား ကျောင်းသူ လူငယ်တွေဟာ နိုင်ငံရဲ့အင်အား၊ နိုင်ငံရဲ့အနာဂတ်များပဲဖြစ်တယ်။”




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်(စစ်ကိုင်း) ပညာရေးဘွဲ့ ငါးနှစ်သင်တန်း အမှတ်စဉ်(၆) သင်တန်းဆင်း ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံရာတွင် မြွက်ကြားသည့် ဩဝါဒအမှာစကားမှ ကောက်နုတ်ချက်ဖြစ်သည်။

## ပြည်ထောင်စုစိတ်ဓာတ်

အဆိုပါ **“နိုင်ငံ၏အင်အား၊ အနာဂတ်များ”** သည်ကား ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်(စစ်ကိုင်း)မှ ငါးနှစ်ကြာ လေ့ကျင့်ပျိုးထောင်ပေးလိုက်သော နယ်စပ်ဒေသအသီးသီးမှ ပြည်ထောင်စုတိုင်းရင်းသားလူငယ်မောင်မယ် ၂၀၇ ဦးပင်ဖြစ်သည်။ ဤတိုင်းရင်းသားလူငယ်မောင်မယ်များတွင် ကချင်တိုင်းရင်းသား တိုင်းရင်းသူ ကိုးဦး၊ ကယားတိုင်းရင်းသား တိုင်းရင်းသူ လေးဦး၊ ကရင်တိုင်းရင်းသား တိုင်းရင်းသူ ၁၉ ဦး၊ ချင်းတိုင်းရင်းသား တိုင်းရင်းသူ ၂၁ ဦး၊ ဗမာတိုင်းရင်းသား တိုင်းရင်းသူ ၇၀၊ မွန်တိုင်းရင်းသား တိုင်းရင်းသူ ကိုးဦး၊ ရခိုင်တိုင်းရင်းသား တိုင်းရင်းသူ ၃၄ ဦး၊ ရှမ်းတိုင်းရင်းသား တိုင်းရင်းသူ ၄၁ ဦး ပါဝင်ပါသည်။

မိမိတို့နိုင်ငံတော်သည် တိုင်းရင်းသားလူမျိုးပေါင်းစုံ အတူယှဉ်တွဲနေထိုင်သော နိုင်ငံဖြစ်သည်။ “မြန်မာ”ဟူသော ဝေါဟာရသည် တိုင်းရင်းသားမျိုးနွယ်စုများဖြစ်သည့် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းနှင့် ကျန်တိုင်းရင်းသားမျိုးနွယ်စုအားလုံးကို ပေါင်းရုံး၍ ခေါ်ဆိုခြင်းဖြစ်သည်။ တိုင်းရင်းသားအားလုံးတို့သည် နိုင်ငံတော်အပေါ် ကျရောက်လာသည့် အခက်အခဲများကို စုပေါင်းအားဖြင့် လက်တွဲတွန်းလှန် ကာကွယ်ခဲ့ကြသကဲ့သို့ ပြည်ထောင်စုစိတ်ဓာတ်၊ စည်းလုံးညီညွတ်မှုစွမ်းအားတို့ဖြင့် စည်ပင်ဝပြောသည့်နိုင်ငံတော်ကြီးကို ထူထောင်နိုင်ခဲ့ကြသည်။

ပြည်ထောင်စုစိတ်ဓာတ်ဟူသည် **“တစ်မြေတည်းနေ၊ တစ်ရေတည်းသောက်၊ အားလုံးသည် သွေးချင်းညီအစ်ကိုများဖြစ်ပြီး အရေးကြီးလျှင် သွေးနီးကြသောစိတ်၊ တောင်ပေါ်မြေပြန့်မခွဲခြား၊ အားလုံးသည် သားချင်းများဖြစ်ပြီး နိုင်ငံတော်ကို ပူးပေါင်းကာကွယ်စောင့်ရှောက်ကြမည်ဆိုသောစိတ်၊ မရှိအတူ ရှိအတူ၊ အေးအတူ ပူအမျှ၊ ဥမကွဲသိုက်မပျက် အတူတကွချစ်ကြည်ရင်းနှီးစွာ နေထိုင်ကြသောမိသားစုများ”**ဆိုသည့် စိတ်ဓာတ်ပင်ဖြစ်သည်။ ပြည်ထောင်စုကြီး၏ အသက်ဝိညာဉ်သဖွယ် အရေးကြီးသော အဆိုပါစိတ်ဓာတ်များ ခိုင်မာရင့်သန်စေခဲ့သော ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် (စစ်ကိုင်း)၏ သမိုင်းကို အကျဉ်းမျှတင်ပြလိုပါသည်။



ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် ကျောင်းသား ကျောင်းသူများ ကိုယ်ကာယကြံ့ခိုင်ရေး လေ့ကျင့်နေမှုကို တွေ့ရစဉ်။

## ပညာရေးဝန်ထမ်းကောင်းများ လေ့ကျင့်ပျိုးထောင်ပေး

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်(စစ်ကိုင်း)သည် ၁၉၆၄ ခုနှစ်တွင် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးသိပ္ပံအဖြစ် စတင်သန္ဓေတည်ခဲ့ခြင်းဖြစ်သည်။ “တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်းလုံးညီညွတ်ရေးတို့ကို အလေးထားဆောင်ရွက်ပေးနိုင်သော ပညာရေးဝန်ထမ်းကောင်းများ လေ့ကျင့်ပျိုးထောင်ပေးနိုင်ရန်” ရည်ရွယ်၍ စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး ၁၉၉၁ ခုနှစ်တွင် တက္ကသိုလ်အဆင့်သို့ တိုးမြှင့်ခဲ့ပါသည်။ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်အား တည်ထောင်ဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက် (၅) ရပ်ရှိပြီး အဆိုပါရည်ရွယ်ချက် (၅) ရပ်မှာ–

- ပြည်ထောင်စုတိုင်းရင်းသားလူငယ်များသည် ပညာရှာမှီးရင်း တိုင်းရင်းသားအချင်းချင်း ပိုမိုစည်းလုံးချစ်ခင်လျက် ပြည်ထောင်စုစိတ်ဓာတ် ခိုင်မြဲသည့် လူငယ်များ ဖြစ်လာစေရန်။
- ပါတီနိုင်ငံရေးကင်းစင်ပြီး စာရိတ္တနှင့် ကိုယ်ကျင့်တရားကောင်းမွန်သော ပညာရေးဝန်ထမ်းကောင်းများ မွေးထုတ်ပေးရန်။
- နယ်စပ်ဒေသဖွံ့ဖြိုးရေးနှင့် လူနေမှုအဆင့်အတန်းမြင့်မားရေးအတွက် ဆောင်ရွက်ရာတွင် လိုအပ်သည့် ဦးဆောင်နိုင်စွမ်းရည် မြှင့်တင်ရန်။
- ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးမှုလုပ်ငန်းများ အောင်မြင်မှုကို ရှေးရှု၍ သုတေသနလုပ်ငန်းများ ဆောင်ရွက်လိုသည့် စိတ်ဓာတ်မွေးမြူပေးရန်။
- ပြည်ထောင်စုတိုင်းရင်းသား လူငယ်များသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး တည်းဟူသော ဒို့တာဝန်အရေးသုံးပါးကို သက်ဝင်ယုံကြည်၍ ထိန်းသိမ်းစောင့်ရှောက်သော လူငယ်များဖြစ်လာစေရန်တို့ ဖြစ်ပါသည်။

မတူကွဲပြားမှုများသည် သဘာဝတရားဖြစ်သည်။ မတူကွဲပြားမှုများကြားမှ တူညီသောစံတန်ဖိုးများမွေးမြူ၍ နိုင်ငံတော်အပေါ်တွင် တူညီသော စေတနာထားရှိသော အသိုက်အဝန်းတစ်ခု၊ မြန်မာနိုင်ငံ၏ မည်သည့်ဒေသမှ ရောက်ရှိလာသည်ဖြစ်စေ၊ မည်သည့်တိုင်းရင်းသားဖြစ်စေ ပြည်ထောင်စုစိတ်ဓာတ်အခြေခံ၍ အပြန်အလှန်ချစ်ခင်လေးစားလက်တွဲထားသော အသိုက်အဝန်းတစ်ခုကိုပြပါဟုဆိုလျှင် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်(စစ်ကိုင်း)အား လက်ညှိုးညွှန်ပြရပါမည်။

## ပြည်ထောင်စုလေးသဖွယ်

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်(စစ်ကိုင်း)သည် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်းဟူသော တိုင်းရင်းသား လူငယ်မောင်မယ်များအတွက် အဆင့်မြင့်ပညာများဆည်းပူးရာ ပြည်ထောင်စုကျောင်းတော်ကြီးဖြစ်သည်။ တိုင်းရင်းသားလူငယ်မောင်မယ်များ၏ နေထိုင်စားသောက်ရေး၊ ကျန်းမာရေးကစ၍ နိုင်ငံတော်က လိုလေသေးမရှိ အခမဲ့တာဝန်ယူစောင့်ရှောက်ပေးထားပါသည်။ ကျောင်းအိပ်ကျောင်းစားဖြစ်ပြီး အိပ်ဆောင်တိုင်းတွင် တိုင်းရင်းသားပေါင်းစုံ စုစည်းနေထိုင်ကြရသဖြင့် နေထိုင်ရာအဝန်းအဝိုင်းသည်လည်း ပြည်ထောင်စုလေးသဖွယ်ဖြစ်နေသည်။ အိပ်ဆောင်များအား ကချင်၊ ကယား၊ ကရင်၊ ချင်း စသော တိုင်းရင်းသားမျိုးနွယ်စုနာမည်များ၊ တိုင်းရင်းသားဒေသအသီးသီး၏ အထင်ကရမြို့များ စသည်ဖြင့် မှည့်ခေါ်ထားပါသည်။ ဖွံ့ဖြိုးရေးတက္ကသိုလ်၏ ထူးခြားချက်သည် Guardian စနစ်ဖြစ်သည်။ Senior အစ်မကြီးက မွန်တိုင်းရင်းသူ ဖြစ်ကောင်းဖြစ်မည်။ Junior ညီမငယ်က ကရင်တိုင်းရင်းသူ ဖြစ်ကောင်းဖြစ်မည်။ မတူညီသောဓလေ့၊ ဘာသာစကား၊ ရိုးရာယဉ်ကျေးမှုများမှ ညီရင်းအစ်ကို မောင်ရင်းနှမ သံယောဇဉ်ဖြင့် တူညီသောတန်ဖိုးများကို မွေးဖွားပေးနိုင်ခဲ့သည်။

## စာကိုသင်ကြားရုံသာမက စိတ်ကိုလည်း သင်ကြားပေး

ဤကျောင်းတော်ကြီးတွင် သင်ကြားရေးဌာန ၁၁ ဌာနဖြင့် သင်ကြားပို့ချမှုဆိုင်ရာ သင်ရိုးညွှန်းတမ်းဘာသာရပ်များ၊ အခြေခံဘာသာရပ်များ၊ ဝိဇ္ဇာဘာသာရပ်များ၊ သိပ္ပံဘာသာရပ်များ၊ တွဲဖက်သင်ရိုးညွှန်းတမ်းဘာသာရပ်များနှင့် အထူးတွဲဖက်သင်ရိုးညွှန်းတမ်းဘာသာရပ်များ သင်ကြားကြရသည်။ အထူးတွဲဖက်သင်ရိုးညွှန်းတမ်းဘာသာရပ်များတွင် မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှု သမိုင်းနှင့် စာရိတ္တပညာ၊ တိုင်းရင်းသားဘာသာစကားနှင့် ယဉ်ကျေးမှုဘာသာရပ်များပါဝင်သည်။ ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ဘာသာရပ်များ ပါဝင်သည်။ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် (စစ်ကိုင်း)သည် စာကို သင်ကြားရုံသာမက စိတ်ကိုလည်း သင်ကြားပေးသော ကျောင်းတော်ကြီးဖြစ်သည်။

စာမျက်နှာ ၇ သို့ ✻

# သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ၂၀၂၄ ခုနှစ် ပြည်ထောင်စုဝန်ကြီးဖလား အားကစားပြိုင်ပွဲများ ကျင်းပလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၂၆**

ပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော်တွင် အားကစား အရည်အသွေး ပြည့်မီစွာဖြင့် အဆင့်အတန်းရှိရှိ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေး ကြိုတင်ပြင်ဆင်သည့်အနေဖြင့် လည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းများနှင့် ကျောင်းသားလူငယ်များ ကျန်းမာကြံ့ခိုင်စေရေးနှင့် နိုင်ငံ့ဂုဏ်ဆောင် ထွန်းပြောင်စေမည့် အားကစားသမားကောင်းများ ပေါ်ထွန်းလာစေရေးအတွက် လည်းကောင်း သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ၂၀၂၄ ခုနှစ် ပြည်ထောင်စုဝန်ကြီး ဖလား အားကစားပြိုင်ပွဲများကို နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ အားကစားကွင်းနှင့် ဝန်ကြီးဌာနပိုင် အားကစားကွင်းများတွင် ယခုလ ၂၅ ရက်နေ့မှ စတင်၍ ကျင်းပယှဉ်ပြိုင်လျက်ရှိသည်။





ယနေ့မွန်းလွဲပိုင်း၌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်သည် ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျနှင့်အတူ ဝဏ္ဏသိဒ္ဓိ အားကစားကွင်း အားကစားလေ့ကျင့်ရေးခန်းမ(၁)၌ ဘော်လီဘော (အမျိုးသား) ပြိုင်ပွဲများ ယှဉ်ပြိုင်ကစားနေမှုများကို သွားရောက်ကြည့်ရှု အားပေးသည်။ ပွဲစဉ်(၁)တွင် နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန အသင်း (က) က အဆင့်မြင့် သိပ္ပံနှင့် နည်းပညာဦးစီးဌာနအသင်း (က) ကို ပွဲငယ်သုံးပွဲ-တစ်ပွဲဖြင့် အနိုင်ရရှိသည်။ ပွဲအပြီးတွင် ပြည်ထောင်စုဝန်ကြီးသည် ဒုတိယဝန်ကြီးနှင့်အတူ အားကစားသမားများကို ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်အားပေးကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဒေါက်တာ အောင်ဇေယျသည် တာဝန်ရှိသူများ၊ ကျောင်းသားများနှင့်အတူ ဘော်လီဘော (အမျိုးသား)ပွဲစဉ်နှင့် ပိုက်ကျော်ခြင်း(အမျိုးသား)ပွဲစဉ်၊ ဖူဆယ်ဘောလုံး (အမျိုးသား)ပြိုင်ပွဲများကို ကျင်းပသည့်နေရာအသီးသီးသို့ သွားရောက်ကြည့်ရှု အားပေးသည်။

ဘော်လီဘော (အမျိုးသား) ပွဲစဉ်(၂)တွင် နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနအသင်း(ခ)က အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာနအသင်း (ခ) ကို ပွဲငယ်သုံးပွဲပြတ်ဖြင့် အနိုင်ရရှိသည်။

ပိုက်ကျော်ခြင်း (အမျိုးသား) ပြိုင်ပွဲပွဲစဉ်များကို အားကစားလေ့ကျင့်ရေးခန်းမ (၃) တွင် ကျင်းပရာ ပွဲစဉ် (၃) တွင် အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာနအသင်း(ခ)က အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာနအသင်း (က) ကို ပွဲငယ်နှစ်ပွဲ - တစ်ပွဲဖြင့်လည်းကောင်း၊ ပွဲစဉ် (၄) တွင် နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနအသင်း(ခ)က နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန အသင်း (က) ကို ပွဲငယ်နှစ်ပွဲ - တစ်ပွဲဖြင့် လည်းကောင်း အနိုင်ရရှိသည်။

ဆက်လက်၍ အစိုးရစက်မှုလက်မှုသိပ္ပံ(နေပြည်တော်)တွင် ဖူဆယ်ဘောလုံး (အမျိုးသား) ပြိုင်ပွဲကိုကျင်းပသည်။ ပွဲစဉ် (၁) တွင် နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနအသင်း (က) က အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာနအသင်း (က) ကို လေးဂိုး - တစ်ဂိုးဖြင့် လည်းကောင်း၊ ပွဲစဉ်(၂)တွင် နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနအသင်း(ခ)က အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန အသင်း(ခ)ကို နှစ်ဂိုး-တစ်ဂိုးဖြင့် လည်းကောင်း အနိုင်ရရှိသည်။ ပွဲစဉ်အပြီးတွင် ဒုတိယဝန်ကြီးက အားကစားသမားများကို ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

✻ စာမျက်နှာ ၆ မှ




တိုင်းရင်းသားအချင်းချင်း ချစ်တတ်အောင် သင်သည်။ ဖေးမတတ်အောင် သင်သည်။ စာနာတတ်အောင် သင်သည်။ တိုင်းရင်းသားအသီးသီး၏ ဘာသာစကား၊ ရိုးရာဓလေ့စရိုက်များ သင်ကြားဖလှယ်ခွင့်ရရှိကြသည်။ မည်သည့်တိုင်းရင်းသား တိုင်းရင်းသူဖြစ်စေ နှစ်သက်ရာ တိုင်းရင်းသား ဘာသာစကားသင်ယူနိုင်သည်။ ကချင်တိုင်းရင်းသားက ကရင်ရိုးရာဝတ်စုံဝတ်ကာ ကရင်ရိုးရာအက ကရင်း ပျော်နေသည်။ အချင်းချင်း ရိုးရာဝတ်စုံ လဲလှယ်ကြသည်။ သူတို့တစ်တွေသည် ပြည်ထောင်စုသား ဖြစ်သည်ကို ဂုဏ်ယူဝင့်ကြွားကြသည်။ သူတို့တစ်တွေသည် မြန်မာနိုင်ငံသားဖြစ်၍ ဂုဏ်ယူဝင့်ကြွားကြသည်။ သူတို့တစ်တွေသည် အမိနိုင်ငံတော်ကြီးမှ မွေးဖွားပေးလိုက်သော ညီရင်းအစ်ကို မောင်ရင်းနှမများဖြစ်သည်။ သူတို့တစ်တွေသည် နိုင်ငံတော်ကို ထိလျှင် မချိအောင်နာတတ်ကြသည်။ **"စည်းလုံးခြင်းသည်အင်အား"** ဟူသည် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် (စစ်ကိုင်း)၏ ဆောင်ပုဒ်ဖြစ်ပြီး အနာဂတ်နိုင်ငံတော်ကြီးအတွက် သူတို့၏လက်များ မြဲမြံစွာတွဲထားကြသည်။

### အရည်အသွေး မြင့်မားသော လူ့စွမ်းအားအရင်းအမြစ်များ

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်(စစ်ကိုင်း)သည် စတင်ဖွင့်လှစ်ခဲ့သော ၁၉၆၄ ခုနှစ်မှစ၍ ယနေ့အချိန်ထိ မဟာပညာရေးဘွဲ့ ၁၅၆ ဦး၊ မဟာဒဿနပညာရေးဘွဲ့ ၃၅ ဦး၊ ပညာရေးဘွဲ့ ၄၇၉၃ ဦး၊ ဆရာအတတ်ပညာဒီပလိုမာ ၉၃၂ ဦး၊ အလယ်တန်းဆရာအတတ်ပညာ ဒီပလိုမာ ၉၅၆ ဦး၊ အထူးမူလတန်းဆရာအတတ်သင်တန်း ၄၆၁ ဦး၊ မူလတန်းဆရာအတတ်သင် ၇၁၆၂ ဦး စုစုပေါင်း ၁၄၄၉၅ ဦးအား မွေးထုတ်ပေးနိုင်ခဲ့ပြီးဖြစ်သည်။ ဆရာ ဆရာမများအဖြစ်သာမက ဆရာဝန်၊ အင်ဂျင်နီယာ၊ ကွန်ပျူတာကျွမ်းကျင်ပညာရှင်များ၊ သူနာပြုဆရာ ဆရာမများ၊ ဌာနဆိုင်ရာအကြီးအကဲများလည်း ပေါ်ထွက်ခဲ့ပြီးဖြစ်သည်။ ပြည်ထောင်စုကြီး၏ အရည်အသွေးမြင့်မားသော လူ့စွမ်းအားအရင်းအမြစ်များပင်ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံမှ ဖွံ့ဖြိုးရေးတက္ကသိုလ်(စစ်ကိုင်း) ပညာရေးဘွဲ့ ငါးနှစ်သင်တန်း အမှတ်စဉ်(၆) သင်တန်းဆင်း ကျောင်းသား ကျောင်းသူများ၏ ဩဝါဒခံယူပွဲတွင် ကျောင်းသား ကျောင်းသူများကိုယ်စား ချင်းတိုင်းရင်းသူတစ်ဦးက ဖော်ပြပါအတိုင်း ဂါရဝပြုတင်ပြခဲ့ပါသည်-

- "အနာဂတ်နိုင်ငံတော်ကို ဖန်တီးတည်ဆောက်ကြမယ့် မျိုးဆက်သစ် လူငယ်တွေကို နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်တွေ ရှိလာအောင်၊ အကျင့်စာရိတ္တကောင်းမွန်ပြီး ရိုးသားဖြောင့်မတ်သူများဖြစ်လာအောင် လေ့ကျင့်သင်ကြားပေးသွားပါမယ်။"
- "အနာဂတ်မှာ အသိပညာကြွယ်ဝတဲ့ လူ့အသိုက်အဝန်းကို ပုံဖော်တည်ဆောက်နိုင်ရေးတွေမှာ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်သွားပါမယ်။"
- "ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် နိုင်ငံတော်ကာကွယ်ရေးကဏ္ဍတွေမှာ ပူးပေါင်းပါဝင်ဆောင်ရွက်သွားပါမယ်။"
- "နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးမှာ၊ အရေးပါတဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေမှာ တတ်စွမ်းသလောက် ပါဝင်ဆောင်ရွက်သွားပါမယ်။"
- "ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားရေးနဲ့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကြိုးပမ်းဆောင်ရွက်သွားပါမယ်။"

အမိနိုင်ငံတော်ကြီးအတွက် မျိုးဆက်သစ် တိုင်းရင်းသားလူငယ်များ၏ ကတိကဝတ်များမှ ကောက်နုတ်ထားခြင်းဖြစ်ပါသည်။ ကတိကဝတ်များက ကြက်သီးမွေးညင်းထစရာ၊ အားရကျေနပ်စရာကောင်းလှသည်။ ကတိကဝတ်များက ဖွံ့ဖြိုးရေးတက္ကသိုလ်ဆင်း သား၊ သမီးများပီသလှစွာ ရဲရင့်ခိုင်ကျည်သည်။

ဤသား ဤသမီးများ၏ နိုင်ငံတော်အပေါ်ထားရှိသော မေတ္တာ၊ စေတနာသည်လည်း ကြီးမားသကဲ့သို့ ဤသားသမီးများသည် နိုင်ငံတော်အတွက် ထမ်းဆောင်ကြရမည့် တာဝန်များသည် ကြီးမားလှပါသည်။ ဤသား ဤသမီးများအတွက် အမိမြန်မာနိုင်ငံတော်ကြီးသည်လည်း ကျေနပ်ဝမ်းမြောက်နေမည်မှာ သေချာပါသည်။

မည်သို့ပင်ဆိုစေ ပြည်ထောင်စုကြီး၏ ပြည်ထောင်စု ကျောင်းတော်ကြီးဖြစ်သော ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် (စစ်ကိုင်း)မှ မွေးဖွားသန့်စင်ပေးလိုက်သည့် နိုင်ငံ၏ အင်အား၊ အနာဂတ်များသည် နိုင်ငံ့အကျိုး၊ တိုင်းရင်းသားပြည်သူလူထု၏ အကျိုးစီးပွားအတွက် ကျရာတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်ကြမည့် ပုံရိပ်များကို မြင်ယောင်လျက် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်(စစ်ကိုင်း)၏ ပညာရေးဘွဲ့ ငါးနှစ်သင်တန်း အမှတ်စဉ်(၆) သင်တန်းဆင်း ကျောင်းသား ကျောင်းသူများအား ဤဆောင်းပါးဖြင့် ရေးသားဂုဏ်ပြုလိုက်ပါသည်။ ။

❖ **မတူကွဲပြားမှုများကြားမှ တူညီသောစံတန်ဖိုးများမွေးမြူ၍ နိုင်ငံတော်အပေါ်တွင် တူညီသော စေတနာထားရှိသော အသိုက်အဝန်းတစ်ခု၊ မြန်မာနိုင်ငံ၏ မည်သည့်ဒေသမှ ရောက်ရှိလာသည်ဖြစ်စေ၊ မည်သည့်တိုင်းရင်းသားဖြစ်စေ ပြည်ထောင်စုစိတ်ဓာတ်အခြေခံ၍ အပြန်အလှန် ချစ်ခင်လေးစားလက်တွဲထားသော အသိုက်အဝန်းတစ်ခု**

❖ **အနာဂတ်နိုင်ငံတော်ကို ဖန်တီးတည်ဆောက်ကြမယ့် မျိုးဆက်သစ်လူငယ်တွေကို နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်တွေရှိလာအောင်၊ အကျင့်စာရိတ္တကောင်းမွန်ပြီး ရိုးသားဖြောင့်မတ်သူများဖြစ်လာအောင် လေ့ကျင့်သင်ကြားပေးသွားပါမယ်**

# ရိုးရာယဉ်ကျေးမှုအနုပညာအမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများကို ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်နိုင်ခဲ့သည့် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးမှ ပထမဆုရရှိသူများ၏ ယှဉ်ပြိုင်ခဲ့မှုမှတ်တမ်း



အရေးပြိုင်ပွဲ အခြေခံပညာအဆင့်(အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း)၌ ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးမှ အိန္ဒြေမြင့်မိုရ် "လူငယ်အားမာန် အမြဲရှင်သန် နိုင်ငံပြည်ကျိုးဆောင်သယ်ပိုး" ခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်မှုကို တွေ့ရစဉ်။



ဆိုင်းအဖွဲ့လိုက် အတီးပြိုင်ပွဲ အဆင့်မြင့်ပညာ (အမျိုးသား)၌ ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးမှ မောင်ဟိန်းမေတ္တာနှင့်အဖွဲ့ တီးခတ်ယှဉ်ပြိုင်စဉ်။



စန္ဒရား အတီးပြိုင်ပွဲ ဝါသနာရှင် ဒုတိယတန်းအဆင့်(အမျိုးသား)၌ ပထမဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးမှ ဦးအာကာလင်း "ပန်းဟောဝန်" (ယိုးဒယား) သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်စဉ်။



ဆိုင်းတစ်ဦးချင်း အတီးပြိုင်ပွဲ ဝါသနာရှင်ပထမတန်းအဆင့်(အမျိုးသား)၌ ပထမဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးမှ ဦးကောင်းဆက် (ခ) ကျော်ဆန်းလွင်က"ထောင်ရောင် နေကသာ" (သီချင်းခံ) သီချင်းဖြင့် ဤသို့ တီးခတ်ယှဉ်ပြိုင်ခဲ့သည်။



စောင်း အတီးပြိုင်ပွဲ အဆင့်မြင့်ပညာ(အမျိုးသား)၌ ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးမှ မောင်အောင်သူဟိန်း "ပန်းဟောဝန်"(ယိုးဒယား) သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်စဉ်။



မဟာဂီတ အဆိုပြိုင်ပွဲ ဝါသနာရှင် ဒုတိယတန်းအဆင့် (အမျိုးသား)၌ ပထမဆုရရှိသည့် ရခိုင်ပြည်နယ်မှ ဦးရဲလင်းကျော် "စိန်ကြောင်နီလာ"(ပတ်ပျိုး) သီချင်းဖြင့် သီဆိုယှဉ်ပြိုင်စဉ်။



အကပြိုင်ပွဲ အဆင့်မြင့်ပညာ (အမျိုးသမီး)၌ ပထမဆုရရှိသည့် ကယားပြည်နယ်မှ မမွန်းဘေဘီမောင်၏ ကပြယှဉ်ပြိုင်ဟန်။




ချင်းတိုင်းရင်းသားရိုးရာအက (အလွတ်တန်း) ပြိုင်ပွဲ၌ ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးမှ မောင်ကောင်းစံဟိန်းနှင့်အဖွဲ့ "ချင်းတောင်တန်းမှ ကြိုဆိုလျက်" သီချင်းနောက်ခံဖြင့် ဤသို့ ကပြယှဉ်ပြိုင်ခဲ့ကြသည်။



စောင်း အတီးပြိုင်ပွဲ ဝါသနာရှင် ဒုတိယတန်းအဆင့်(အမျိုးသား)၌ ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးမှ ဦးမျိုးကို "ညာသပြေဘောင်" (ကြိုး) သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်စဉ်။




စောင်းအတီးပြိုင်ပွဲ ဝါသနာရှင် ဒုတိယတန်းအဆင့်(အမျိုးသမီး)၌ ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးမှ ဒေါ်ခြူးရတနာစိမ့် "ရေယမုန်"(ပတ်ပျိုး) သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်မှုကို တွေ့ရစဉ်။



မဟာဂီတ အဆိုပြိုင်ပွဲ ဝါသနာရှင် ဒုတိယတန်းအဆင့် (အမျိုးသမီး) ၌ ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးမှ မလင်းလက်နွယ် "တောတောင်စွယ်"(ယိုးဒယား) သီချင်းဖြင့် သီဆိုယှဉ်ပြိုင်စဉ်။



ဆိုင်းအဖွဲ့လိုက် အတီးပြိုင်ပွဲ ဝါသနာရှင် ဒုတိယတန်းအဆင့်(အမျိုးသမီး)၌ ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးမှ ဒေါ်ဝင့်ရွှေရည်မိုး (ခ) စတားရွှေရည်ဖိုးဇော်နှင့်အဖွဲ့ တီးခတ်ယှဉ်ပြိုင်စဉ်။



စန္ဒရား အတီးပြိုင်ပွဲ ဝါသနာရှင် ပထမတန်းအဆင့်(အမျိုးသမီး)၌ ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးမှ ဒေါ်တင်ဇာအေးလွင် ယမုန်နာ(ပတ်ပျိုး) သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်စဉ်။

# ရွှေတိဂုံစေတီတော်မြတ်ကြီး (၃၆)ကြိမ်မြောက် မသိုးရွှေကြာသင်္ကန်း ရက်လုပ်ကပ်လှူပူဇော်ပွဲအခမ်းအနား ကျင်းပမည်

**ရန်ကုန်  အောက်တိုဘာ ၂၆**

ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ကကြီးမှူး၍ တန်ဆောင်မုန်းလ အဖိတ်နေ့နှင့် လပြည့်နေ့တို့တွင် (၃၆) ကြိမ်မြောက် မသိုးရွှေကြာသင်္ကန်း ရက်လုပ်ကပ်လှူပူဇော်ပွဲ အခမ်းအနားနှင့် သာမညဖလအခါတော်နေ့ အခမ်းအနားများကို သတ်မှတ်နေရာများ၌ ကျင်းပသွားမည်ဖြစ်သည်။

**ကျင်းပသွားမည်ဖြစ်**

တန်ဆောင်မုန်းလ အဖိတ်နေ့ (နိုဝင်ဘာ ၁၄ ရက်) ညနေ ၄ နာရီတွင် ဘဏ္ဍာတော်ထိန်းဂေါပက အဖွဲ့ဝင်များ၊ ဗုဒ္ဓဝေယျာဝစ္စအသင်းအဖွဲ့များ၊ ဝန်ထမ်းများနှင့် ရက်ကန်းပြိုင်ပွဲဝင်အဖွဲ့များက စေတီတော်ရင်ပြင်တောင်ဘက်ရှေးဟောင်း ဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်းရှေ့စုရပ်မှ စေတီတော်မြတ်ကြီးအား လက်ျာရစ် တစ်ပတ်လှည့်လည်ပူဇော်ပြီး ရာဟုထောင့် အောင်မြေတွင် ရက်ကန်းပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနား ကျင်းပသွားမည်ဖြစ်သည်။

ယင်းနောက် ည ၁၀ နာရီတွင်ရက်ကန်းပြိုင်ပွဲ ဆုပေးပွဲအခမ်းအနား ကျင်းပ၍ ဆုရရှိသည့် ရက်ကန်းစင်တော်များ အလိုက် ဆုချီးမြှင့်ခြင်း၊ ရရှိလာသော ပိတ်သားများကို ရွှေကြာသင်္ကန်းတော်များ အဖြစ် ညတွင်းချင်း အပြီးချုပ်လုပ်ခြင်းတို့ ဆောင်ရွက်သွားမည်ဖြစ်သည်။



တန်ဆောင်မုန်းလပြည့်နေ့ (နိုဝင်ဘာ ၁၅ ရက်) နံနက် ၄ နာရီတွင် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဝင်များ၊ ဗုဒ္ဓဝေယျာဝစ္စ အသင်းအဖွဲ့များ၊ ဝန်ထမ်းများ၊ ရက်ကန်းပြိုင်ပွဲဝင်အဖွဲ့များက ရွှေကြာသင်္ကန်းတော်များ ကိုင်ဆောင်လျက် စေတီတော်မြတ်ကြီးအား လက်ျာရစ်တစ်ပတ် လှည့်လည်ပူဇော်၍ အာရုံခံမုခ်ဦးများ အတွင်းရှိ ပွင့်တော်မူပြီးသော ဘုရားရှင်လေးဆူတို့၏ ရုပ်ပွားတော်များ၊ အထက်ပစ္စယံရှိ ပတ္တမြားမျက်ရှင်ရုပ်ပွားတော်နှင့် သတ်မှတ်တန်ဆောင်းများ အတွင်းရှိ ရုပ်ပွားတော်များကို မသိုးရွှေကြာသင်္ကန်းများ လှည့်လည်ပူဇော် ကပ်လှူသွားမည်ဖြစ်သည်။

နံနက် ၅ နာရီတွင် ရင်ပြင်တော်တောင်ဘက် ဒွေ့ခံတန်ဆောင်း၌ အရဟံဆွမ်းတော်ကြီး ကပ်လှူပူဇော်ခြင်း၊ နံနက် ၅ နာရီခွဲတွင် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ ဩဝါဒါစရိယဆရာတော်ကြီးများအား အရဟံဆွမ်းဆက်ကပ်လှူဒါန်းခြင်းနှင့် နံနက် ၆ နာရီတွင် ဆရာတော်ကြီးများထံမှ သာမညဖလအခါတော်နေ့ဆိုင်ရာ တရားတော်များ နာကြား၍ ပြုခဲ့သော ကုသိုလ်ကောင်းမှု အစုစုတို့အတွက် ရေစက်ချ အနုမောဒနာအခမ်းအနားများ ကျင်းပသွားမည်ဖြစ်၍ သဒ္ဓါကြည်လင် ပါရမီရှင်အပေါင်းတို့ လာရောက်ကုသိုလ်ပြု လှူဒါန်းနိုင်ကြောင်း အသိပေးနှိုးဆော်ထားသည်။

**မေတ္တာရပ်ခံထား**

ထို့အပြင် တန်ဆောင်မုန်းလ အဖိတ်နေ့ (နိုဝင်ဘာ ၁၄ ရက်)တွင် ညအိပ်ကုသိုလ်ပြုမည့် ဘုရားဖူးပြည်သူများအနေဖြင့် ရင်ပြင်တော်တောင်ဘက်ရှိ လုံခြုံ/မီးသတ်ဌာနရုံးခန်းနှင့် သတ်မှတ်တန်ဆောင်းများတွင် ညအိပ်ဧည့်စာရင်းတိုင်ကြားနိုင်ရေးအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ယူဆောင်လာကြရန်နှင့် လုံခြုံရေးအရ စစ်ဆေးမှုများအား ပူးပေါင်းကူညီ ဆောင်ရွက်ခြင်းဖြင့် ကုသိုလ်ယူကြပါရန် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့က မေတ္တာရပ်ခံထားရှိကြောင်း သိရသည်။

**ဇော်မင်းလတ်(MNA)**

# ကကြီးခခွေး၊ မတတ်သေး၊ လူရေးညံ့တော့သည်

**ဒေါက်တာထွန်းတင့်**

## ဗျည်း ၃၃ လုံး၏ အနက်နှင့်အဓိပ္ပာယ်

**(၂၁-၁၀-၂၀၂၄ ရက်နေ့မှအဆက်)**

လက်ယပ်ခေါ်သည် ဟူသည်၌ လက်လှုပ်၍ မိမိဘက်သို့ ခေါ်ယူသည့်ဟန်ဖြင့် မိမိဘက်သို့ လာရန်၊ ဆက်စပ်ရန်၊ ပေါင်းစည်းရန် ဟန်မူရာ ပြခြင်းဖြစ်သည်။

**ယပ်** ကိုကြိယာအဖြစ် ဖွင့်ပြပြီး နာမ်အဖြစ်လည်း အဓိပ္ပာယ်ဖွင့်ပြပါသည်။ **ယပ်** ကို မြန်မာအဘိဓာန်တွင် "လေခတ်ရသော အပြားအချပ်ပစ္စည်း"ဟု အဓိပ္ပာယ်ဖွင့်ထားပါသည်။ ဤတွင် သတိချပ်ရမည်မှာ အချပ်အပြားဖြစ်စေ၊ အလုံးအတွေဖြစ်စေ ပေါင်းစည်းခြင်းကို အခြေခံပါသည်။ အချပ်အပြား ဖြစ်စေရန်လည်း အဆောက်အအုံ အပိုင်းအစများကို ပေါင်းစည်းရသည်။ အလုံးအတွေဖြစ်ရန်လည်း အဆောက်အအုံအပိုင်းအစများကို ပေါင်းစည်းရပါသည်။

**ယပ်**သို့မဟုတ် ယပ်တောင် အမျိုးမျိုးရှိသည်။ မင်းမြောက်တန်ဆာငါးပါး အပါအဝင် သားမြီးယပ်၊ ဒေါင်းတောင်ယပ်၊ စလူယပ်၊ ဝါးနီးယပ်၊ စက္ကူယပ်၊ ပလတ်စတစ်ယပ်၊ နံ့သာယပ် စသည်တို့ဖြစ်သည်။ ယပ်တောင်တိုင်းသည် အမွေးအမှင်၊ အမျှင်အရွက် စသည်ကို ပေါင်းစည်းထားသော အချပ်အပြားများဖြစ်သည်။

ထိုမှတစ်ပါးလည်း **ယပ်** သည် အမြင့်ကိုလည်း ဟောသေးသည်။ အထက်အရပ်သို့ ဆက်၍ စပ်၍ ပေါင်းစည်း၍ အမြင့်ကိုဖြစ်စေခြင်းဖြစ်သည်။ ကမ်း**ယပ်**၊ အိမ်**ယပ်**၊ နံပါးနံ**ယပ်**၊ အဖီအ**ယပ်**၊ မိုး**ယပ်**၊ တိမ်**ယပ်** စသည်ဖြင့် သုံးသည်။

### ရ

**ရ**၏အနက်လည်း 'ပေါင်းစည်းခြင်း'ပင်ဖြစ်သည်။ မြန်မာအဘိဓာန်တွင် **ရ** ၏ အဓိပ္ပာယ်ကို "ကြိ- ၁၊ လက်ဝယ်ရောက်ရှိသည်။ ပိုင်ဆိုင်မှု အပိုင်းအခြားသို့ ရောက်ရှိသည်။ ၂၊ အိမ်ထောင်ကျသည်။ ညားသည်။ ၃၊ ဆိုက်ရောက်သည်။ သက်ရောက်သည်။" ဟူ၍ ဖွင့်ဆိုထားပါသည်။

ဤတွင် "လက်ဝယ်ရောက်ရှိသည်။ ပိုင်ဆိုင်မှုအပိုင်းအခြားသို့ ရောက်ရှိသည်" ဟူ၍ ဆိုရာ၌ ရောက်ရှိသည်၊ ရောက်သည်ဟုဆိုသော် ရနိုးအံ့သည်။ တစ်နည်းဆိုသော် **ရ** ဆိုသည်မှာ ရောက်သည်၊ ရောက်ရှိသည်ပင်ဖြစ်သည်။

လက်ဝယ်ရောက်ရှိသည်ဆိုသည်မှာ ဘဏ္ဍာ၊ ဥစ္စာ၊ ရွှေငွေ၊ ကျောက်သံပတ္တမြား၊ အသုံးအဆောင်၊ အဆောက်အအုံ၊ အဝတ်အထည်၊ အစားအစာ၊ လုပ်ခ၊ လခ၊ လက်ခ၊ ဆုငွေ၊ ချီးမြှင့်ငွေ စသည် ရခြင်းမျိုးဖြစ်သည်။

ပိုင်ဆိုင်မှုအပိုင်းအခြားသို့ ရောက်ရှိသည် ဆိုသည်မှာ ရွှေ့ပြောင်းနိုင်သော ယာဉ်၊ လှည်း၊ ကား စသည့်သက်မဲ့များ၊ ရွှေ့ပြောင်းနိုင်သော ဆင်၊ မြင်း၊ ကျွဲ၊ နွား၊ သိုး၊ ဆိတ် စသည့်သက်ရှိများ၊ မရွှေ့ပြောင်းနိုင်သော တိုက်တာ၊ အိမ်၊ ခြံ၊ မြေ၊ ဥယျာဉ် စသည်များကို ရရှိခြင်းမျိုးဖြစ်သည်။

စိတ်ဝယ်ရောက်ရှိသည်များမှာ ဈာန်၊ အဘိညာဉ်၊ မဂ်ဖိုလ်တရား၊ သံဝေဂ၊ ဥပုသ်၊ သတိ စသည်ရခြင်းမျိုးဖြစ်သည်။

ဆိုက်ရောက်သည်။ သက်ရောက်သည် ဆိုသည်မှာ အနာ၊ ဒဏ်ရာ၊ ဆင်းရဲ၊ ချမ်းသာ၊ ပြစ်ဒဏ် စသည်ရခြင်းမျိုးဖြစ်သည်။

ဖော်ပြပါ လက်ဝယ်ရောက်ရှိခြင်း၊ ပိုင်ဆိုင်မှု အပိုင်းအခြားသို့ ရောက်ရှိခြင်း၊ စိတ်ဝယ်ရောက်ရှိခြင်း၊ ဆိုက်ရောက်ခြင်း၊ သက်ရောက်ခြင်းတို့၏ အနက်သည် ပေါင်းစည်းခြင်းပင်ဖြစ်သည်။

ယောကျ်ားရသည်၊ မိန်းမရသည် စသည်၌ **ရ** ၏အဓိပ္ပာယ်မှာ အိမ်ထောင်ကျသည်။ ညားသည် ဟူ၍ဖြစ်ရာ ပေါင်းစည်းခြင်းအနက်ပင်ဖြစ်သည်။ ကျ ၏အနက်လည်း ထိမိခြင်း၊ ဆက်စပ်ခြင်း၊ ပေါင်းစည်းခြင်း၊ ညား၏အနက်လည်းထိမိခြင်း၊ ဆက်စပ်ခြင်း၊ ကြုံတွေ့ခြင်း၊ ပေါင်းစည်းခြင်းပင်ဖြစ်သည်။

**ရ** ကို "အခွင့်အရေးရခြင်း၊ အခွင့်အမိန့်ရခြင်း၊ မလွှဲရှောင်သာခြင်း" အနက်တို့ဖြင့် ကြိယာကို ထောက်ပံ့သော ပစ္စည်းစကားအဖြစ်လည်း သုံးသည်။ "စား**ရ**သည်၊ စား**ရ**မည်၊ လုပ်**ရ**သည်၊ လုပ်**ရ**မည်၊ ကြုံ**ရ**သည်၊ ကြုံ**ရ**မည်" စသည်တို့ဖြစ်သည်။ ပေါင်းစည်းနက်ပင်ဖြစ်သည်။

ထိုမှတစ်ပါးလည်း **ရ** ၏ အသုံးမှာ များပြားလှပါသည်။ ကောက်ချက်ချကြည့်လျှင် အသုံးများလှသော **ရ** ၏ အနက်တိုင်းသည် ပေါင်းစည်းခြင်းပင်ဖြစ်ကြောင်း တွေ့ရမည်ဖြစ်ပါသည်။

ဤတွင် **ရ** ၏ အနက်နှင့်ပတ်သက်၍ ဒုတိယကျော်အောင်စံထားဆရာတော်၏ အဆိုအမိန့်သည် မှတ်သားဖွယ်၊ ကြံဆပုံနည်းယူဖွယ်ဖြစ်သဖြင့် ဆက်လက်ဖော်ပြလိုပါသည်။ ဆရာတော်က "ဆုလာဘ်ရသည် စသော ဆိုမိန့်ခြင်း၌ **ရ** သည် ဟူသောစကား၏ အရကား ကိုယ်စိတ်သို့ ရောက်ခြင်း၊ ဝင်ခြင်းအနက်တည်း။ ထိုနှင့်လျော်စွာ ရွှေငွေစသော ဥစ္စာ လက်သို့ရောက်သည်ကို လက်ရောက် လက်**ရ** ဆိုသည်။ စိတ်သို့ တရားရောက်သည်ကို တရား**ရ**သည်။ စကား**ရ**သည်။ ဈာန်မဂ်ဖိုလ်**ရ**သည်။ အနာအဖျား**ရ**သည်။ ဘေးဒဏ်**ရ**သည် စသည်ဖြင့် ကိုယ်စိတ်သို့ ရောက်ခြင်း၊ ဝင်ခြင်း အနက်ကိုဆိုသော အရာထင်၏။ မိမိရရ ဟူသည်၌လည်း သဘောသကန် ဆိုမိန့်ခြင်းသည် နားနှလုံးသို့ရောက်ခြင်း ဝင်ခြင်း အနက်တည်း" ဟူ၍ ရှင်းပြမိန့်ဆိုခဲ့ပါသည်။

**ရ** ၏တိုင်သံမှာ **ရက်**၊ **ရပ်**တို့ဖြစ်သည်။ **ရက်** ကို မြန်မာအဘိဓာန်တွင် "**ရက်**၊ ကြိ- ချည်၊ လျှော်၊ နီးစသည်ဖြင့် အထည်၊ ဖျာ စသည် ဖြစ်အောင်လုပ်သည်။" ဟု အဓိပ္ပာယ်ဖွင့်ထားပါသည်။ ဤတွင်ရက်ကန်း**ရက်**သည်၊ ဖျာ**ရက်**သည်၊ တောင်း**ရက်**သည် စသည်တို့ကို ရကောက်ကသတ်ဖြင့် ရေးမှုမှန်ပါသည်။ မြန်မာစကားစစ်စစ်ဖြစ်ပါသည်။ "**ရက်** ၏အနက် ပေါင်းစည်းခြင်းဖြစ်သည်။ ရက်ကန်းရက်သည် (စောင်**ရက်**သည်၊ ပုဆိုး**ရက်**သည်) မှ **ရက်** သည် ချည်မျှင်များကို စနစ်တကျ ပေါင်းစည်းခြင်းအနက်ဖြစ်သည်။ တောင်း**ရက်**သည်၊ ဖျာ**ရက်**သည်တို့မှ **ရက်** သည်လည်း နီး၊ လျှော်၊ ကြိမ် စသည်တို့ကို တစ်ပင်နှင့်တစ်ပင် တစ်မျှင်နှင့်တစ်မျှင်စနစ်တကျ ဆက်စပ်ပေါင်းစည်းခြင်းပင်ဖြစ်သည်။ အချို့က ရက်ကန်းကို ယက်ကန်းဟု တာလုဇ **ယ** ဖြင့် ရေးလိုကြသည်မှာ မသင့်ပါ။ တာလုဇ **ယ** မှာ(ကြက်ယက်သကဲ့သို့) ထိဆက်မှုသာရှိ၍ စနစ်တကျ ယက်ခြင်းမဟုတ်။ ယက်ပြီးလျှင်လည်း ပေါင်းစည်းမနေပါ။ မုဒ္ဓဇ **ရ** သာလျှင် စနစ်တကျ ဆက်စပ်ပေါင်းစည်းပြီးလျှင် မကွဲမကွေ ဆက်စပ်ပေါင်းစည်းလျက်သာ ရှိနေပေသည်။ ထို့ကြောင့် ရက်ကန်း**ရက်**၊ တောင်း**ရက်**၊ ဖျာ**ရက်** စသည် တို့ကို မုဒ္ဓဇ ရ ဖြင့် **ရက်** ဟု ရေးရပါသည်" **ရက်** သည် ပေါင်းစည်းနက် ဖြစ်သည်။ (သုဒ္ဓကြိယာ **ရက်** ၏ ကာရိုက်ကြိယာမှာ **ရှက်** ဖြစ်သည်ကို ဆင်ခြင်သင့်သည်။)

**ရက်** ကို နာမ်အဖြစ်ဖြင့် "တစ်ခုသော သန်းခေါင်အချိန်မှ နောက်တစ်ခုသော သန်းခေါင်အချိန်ထိ ၂၄ နာရီကာလအပိုင်းအခြား"ဟု မြန်မာအဘိဓာန်တွင် အဓိပ္ပာယ်ဖွင့်ပါသည်။ ၁၂ နာရီစီ အချိန်နှစ်ခုကို ပေါင်းစည်းထားသော ကာလဖြစ်ပါသည်။ တစ်နည်းဆိုသော်နေရှိသော နေ့အချိန်အခါနှင့် မှောင်မိုက်သော၊ ညစ်မှောင်သော ညဉ့်(ည) အချိန်ကာလ နှစ်ခုကို ပေါင်းစည်း၍ **ရက်** ဟု ခေါ်ခြင်းဖြစ်ပါသည်။

**ရ** ၏ တိုင်သံတစ်ခုမှာ **ရပ်** ဖြစ်ပါသည်။ **ရပ်** ကို မြန်မာအဘိဓာန်တွင် "ကြိ-၁၊ မတ်မတ်ထသည်။ မတ်မတ်တည်သည်။ ၂၊ ရွေ့လျားလှုပ်ရှားဖြစ်ပျက်မှု တစ်စုံတစ်ရာတန့်သည်။ ၃၊ တန့်အောင် ပြုသည်။ တန့်စေသည်။ ၄၊ ပန်ကြားသည်။ တောင်းခံသည်။" "မေတ္တာ**ရပ်**သည်။ ဆွမ်း**ရပ်**သည်။"

ဤတွင် မတ်မတ်ထသည်။ မတ်မတ်တည်းသည် ဆိုသည်မှာ မိမိတည်ရှိရာအရပ်၌ စွဲမြဲစွာတည်ရှိသည့် သဘောဖြင့် စွဲမြဲစွာ ဆက်စပ်ပေါင်းစည်းခြင်း အနက်ပင်ဖြစ်သည်။ ရွှေ့လျား၊ လှုပ်ရှားရာမှ တန့်သည်မှာလည်း ရွှေ့လျားလှုပ်ရှားရာမှ နေရာတစ်ခုတွင် စွဲမြဲစွာ ဆက်စပ်ပေါင်းစည်းတည်နေခြင်း၊ တည်နေစေခြင်းကိုဖြစ်စေသဖြင့် ပေါင်းစည်းနက်ပင်ဖြစ်သည်။ မေတ္တာရပ်သည်၊ ဆွမ်းရပ်သည် ဆိုသည်မှာလည်း မေတ္တာနှင့် ဆက်စပ်မှုရရန်၊ ဆွမ်းနှင့်ဆက်စပ်မှုရရန် ရပ်တည်ခြင်းပင်ဖြစ်၍ ပေါင်းစည်းခြင်းအနက်ပင်ဖြစ်သည်။ တောင်းခံသည့် သဘောသည်လည်း ဆက်စပ်ပေါင်းစည်းခြင်းပင်ဖြစ်သည်။

အချုပ်အားဖြင့်ဆိုသော် ရ၊ ရက်၊ ရပ်တို့သည် ပေါင်းစည်းခြင်း အနက်ရှိကြပေသည်။

**(ဆက်လက်ဖော်ပြပါမည်)**

# ချစ်စွာသော ခရီးသွားမြို့လေးသို့ ......

စည်သူကျော်

မိုးသည်စွေ၍ ရွာလျက်ရှိသည်။

မြွေလိမ်မြွေကောက်လို တွန့်လိမ်တွားတက်လာသည့် ရှည်လျားသောလမ်းမကြီးကို ကျော်ဖြတ်လာပြီး လမ်းဘေးဝဲယာမှာ ကြံ့ခိုင်သန်စွမ်းသော ကာယဗလမောင်တစ်ယောက်၏ ကိုယ်ပေါ်မှ ကြွက်သားအဖုအထစ်များကဲ့သို့ ခုံးထနေသည့် မြေသားနီနီများနှင့် ပနံရလှသော အဝေးတောင်ကုန်းပေါ်မှ ထင်းရှူးပင်စိမ်းစိမ်းများ၊ လတ်ဆတ်အေးမြသော လေထု၊ ယင်းတို့ကို တွေ့မြင်ခံစားရလျှင် ဤမြို့လေး (ကလော) ကို ရောက်ပါပြီ။

ရှမ်းပြည်နယ်(တောင်ပိုင်း) ၏ ဝင်ပေါက်မြို့လေးက လမ်းပန်းဆက်သွယ်ရေးလွယ်ကူချောမွေ့ခြင်း၊ ထင်းရှူးတောများနှင့် အေးမြသည့်ရာသီဥတု၊ သာယာလှပသည့် တောတောင်ရှုခင်းများ၊ ဆွတ်ပျံ့ဖွယ် ရေးဟောင်းကိုလိုနီခေတ်အငွေ့အသက်များ၊ မြေဆီဩဇာကြွယ်ဝသော မြေသားပေါ်တွင် စိုက်ပျိုးထားသည့်လတ်ဆတ်ဖွံ့ထွားသော ဟင်းသီးဟင်းရွက်များရောင်းချရာ ငါးရက်တစ်ဈေး၊ ကြော်ငြာတစ်ခု၏ ထုတ်ကုန်နှင့်အတူ နာမည်ကြီးသွားသည့် တောင်ကုန်းတစ်ခုက ကြော်ငြာသရုပ်ဆောင်မင်းသား၏အမည်ကို အစွဲပြုခေါ်ဆိုကြသည်အထိ ထင်ရှားခဲ့သည်။

### ထင်းရှူးရနံ့လို မွှေးပျံ့

ထို့ကြောင့် ပြည်တွင်း၊ ပြည်ပခရီးသွားများ၏ ရွေးချယ်စရာစာရင်း၌ မြို့လေး၏အမည်က အမြဲတမ်းပါဝင်လေ့ရှိသည်။ အားလပ်ရက်ရှည်များတွင် ရပ်ဝေးရပ်နီး ခရီးသွားများနှင့် အမြဲလိုလို စည်ကားနေတတ်သော မြို့လေးဖြစ်သည်။ ဤမြို့လေးမှာ စီးပွားရေးအရ ရင်းနှီးမြှုပ်နှံလိုသူများ လိုလားမျက်စိကျသော မြို့လေးတစ်မြို့လည်းဖြစ်လာသည်။ လူမှုကွန်ရက်စာမျက်နှာများပေါ်မှ မြို့လေး၏ အခင်းအကျင်းကလည်း ခရီးသွားများ၏ လှုပ်ရှားမှုပုံရိပ်များနှင့် အစဉ်လိုလို လှုပ်လှုပ်ခတ်ခတ်ရှိနေတတ်သည်။ ဖော်ရွေသည်။ ညှို့ဝတ်ကျေသည်။ မြို့လေး၏ သတင်းကား ထင်းရှူးရနံ့လို မွှေးပျံ့လှသည်။

မြို့လေး၏ ကျော်ကြားမှုဂုဏ်သတင်းက ယခုမှမွှေးပျံ့သည်မဟုတ်။ ရှေးယခင်ကတည်းကပင်။ နွေရာသီဆိုလျှင် မြေပြန့်မှအပူရှောင်ရင်း အနားယူအပန်းဖြေကြသည့် အပန်းဖြေမြို့လေးဖြစ်သလို ရေ၊ မြေ၊ တော၊ တောင် သဘာဝအလှအပများကို ခံစားလိုသူများအတွက်လည်း စိတ်လက်အပန်းဖြေစရာ၊ တိုင်းရင်းသားယဉ်ကျေးမှုနှင့် ရိုးရာအစားအစာများကို လေ့လာစားသုံးလိုသူများအတွက်လည်း ပြည့်စုံလုံလောက်သော နေရာဒေသလေးတစ်ခုဖြစ်သည်။ ထို့နောက်တွင်ကား ခရီးသွားလုပ်ငန်းကို ဒေသစီးပွားရေးအတွက် မှီခိုအားထားရာနေရာဖြစ်လာသည်နှင့်အမျှ မြို့လေးသည် ဧည့်သည်များကို သူ့ထံပိုမိုလာရောက်လည်ပတ်ရန် ဆွဲဆောင်မှုများ ပိုမိုပြုလုပ်လာခဲ့သည်။ တာဝန်ရှိသူများအပိုင်းကလည်း မြို့လေး၏ ခရီးသွားလုပ်ငန်းပိုမိုဖွံ့ဖြိုးတိုးတက်ရေးနှင့် ရေရှည်တည်တံ့ရေးကို အားပေးသည်။

ကပ်ရောဂါဆိုးကြီးကို ကျော်လွှားပြီးနောက်တွင်လည်း မြို့လေး၏ခရီးသွားလုပ်ငန်းသည် အတိတ်တွင် တွယ်ကပ်ကျန်ရစ်မနေဘဲ တိုးတက်မှုနှင့်အတူ ရှေ့ဆက်နိုင်ခဲ့သည်။ ကပ်ရောဂါဆိုးကြီး၏နောက် ပြောင်းလဲလာသော ခရီးသွားလုပ်ငန်းသဘောတရားများနှင့်အညီ လိုက်လျောညီထွေလိုက်ပါနိုင်ခဲ့ပြီး အခြားသော ခရီးစဉ်ဒေသများနှင့် နှိုင်းစာပါက တိုးတက်သောအသွင်ကိုဆောင်နိုင်ခဲ့သည်။ ကမ္ဘာ့ခရီးသွားလုပ်ငန်းနယ်ပယ်တွင် ပေါ်ပေါက်လာခဲ့သည့် Postmodern Tourism ဆိုသော အရွေ့တစ်ခု၌လည်း မြို့လေးသည် သိသိသာသာ လိုက်ပါလာခဲ့သည်။




Postmodern Tourism ၏ လက္ခဏာရပ်တစ်ခုဖြစ်သော Micro Tourism ဆိုသည့် အသေးစားခရီးသွားလုပ်ငန်းများ အပြိုင်းအရိုင်းပေါ်ပေါက်လာပြီး ခရီးစဉ်နေရာကျယ်ပြန့်မှုတွင် အခြားသော ခရီးစဉ်များထက်သာလွန်သော အနေအထားတွင် ရှိခဲ့ပြီး လည်ပတ်ရန်နေရာ များပြားလာမှုကြောင့် ညအိပ်ခရီးသွားတိုးပွားမှုကိုလည်း ဖြစ်ပေါ်စေခဲ့သည်။ ပြောင်းလဲလာသောခေတ်ကာလရေစီးတွင် နည်းပညာအသုံးပြု၍ မိမိ၏ထုတ်ကုန်များကို ဖွံ့ဖြိုးတိုးတက်အောင်၊ အများသိအောင်မြှင့်တင်ရသော ကာလများတွင်လည်း မြို့လေး၏ ပုံရိပ်များက နည်းပညာစာမျက်နှာများတွင် ဝေဝေဆာဆာရှိလှသည်။

### အမှတ်တရများထားရှိရန် ကောင်းသောခရီးစဉ် ဒေသတစ်ခု

ဒစ်ဂျစ်တယ်နည်းပညာကို ယနေ့ခရီးသွားလုပ်ငန်းတွင် အပြောင်းအလဲကိုဖြစ်စေသည့်အရာ Game Changer ဟုပင် ခေါ်ဝေါ်သုံးစွဲလာရာ မြို့လေးက ယင်းအချက်ကို မသိမသာရော သိသိသာသာပါ အားပြုအသုံးချနိုင်ခဲ့သည်။ အခြားသော ခရီးစဉ်များနှင့် အနည်းငယ်ကွဲထွက်လျက် Photo Shooting Destination ဓာတ်ပုံရိုက်ကူး၍ ဘဝ၏အမှတ်တရများထားရှိရန်ကောင်းသော ခရီးစဉ်ဒေသတစ်ခုဖြစ်ခြင်းကလည်း လူမှုကွန်ရက် ဖြန့်ကြက်ရာကာလတွင် အားသာချက်တစ်ခုဖြစ်စေခဲ့သည်။

ထို့အပြင် အလှအပကြည့်ရုံသက်သက်အတွက်သာ မြို့လေးက သင့်ကိုဖိတ်ခေါ်သည်မဟုတ်။ သဘာဝအတိုင်းတည်ရှိနေသော တောတောင်များတွင် လမ်းလျှောက်ခရီးနှင်ခြင်း၊ စက်ဘီးစီးခြင်း၊ ဒေသခံများ၏ နေအိမ်တွင် တည်းခိုနေထိုင်၍ ရိုးရာအစားအစာများနှင့် ဌာနေတိုင်းရင်းသားများ၏ နေ့စဉ်လှုပ်ရှားနေထိုင်မှု လူနေမှုဘဝများကိုလည်း သွားရောက်လေ့လာလည်ပတ်နိုင်သည်။ မြို့လေး၌ ဧည့်သည်သည် ကြည့်မောရုံ ဧည့်သည်သက်သက် (Just Gaze Tourist) မဟုတ်ပေ။ ခရီးသွားဆွဲဆောင်မှုများတွင် ကိုယ်တိုင်ပါဝင်ပတ်သက်နိုင်သည်။ ထိုအချက်များကြောင့်ပင် ပြည်နယ်၏ ခရီးသွားဧည့်သည်ဝင်ရောက်မှုအရေအတွက် တိုးတက်မှုဇယားတွင် မြို့လေး၏ကိန်းဂဏန်းများသည် အရေးပါလှသည်။

သို့သော် ယခုနှစ်မိုးနှောင်းကာလဝယ် မြို့လေး၏ စိတ်မကောင်းဖွယ်ရာသတင်းများကို မြင်တွေ့ကြားသိနေရသည်။ ပင်လယ်ရပ်ခြားတိုင်းတစ်ပါးတွင် တိုက်ခတ်သည့် မုန်တိုင်း၏အရှိန်ကြောင့် မိုးရွာသွန်းမှုများပြားပြီး နေရာအနှံ့အပြား၌ ရေကြီးရေလျှံမှု၊ မြေပြိုမှုများ ဖြစ်ပေါ်ခဲ့ရာ ချစ်စရာခရီးသွားမြို့လေးသည် ရေဘေးသင့်မှုတွင်ပါဝင်၍ ထိခိုက်ပျက်စီးမှုများပြားခဲ့သည်။ ထိခိုက်လွယ်သော ခရီးသွားလုပ်ငန်း၏ သဘောသဘာဝအရကပ်ရောဂါဆိုးကြီးကြောင့် အထိခိုက်ခံရဆုံး (Hardest Hit) ဟုဆိုရလောက်အောင် စီးပွားရေးအရ၊ လူမှုရေးအရ ထိခိုက်ဆုံးရှုံးမှုများရှိခဲ့သည်။ ယခုကျရောက်ခဲ့သော သဘာဝဘေးသည်လည်း မြို့လေး၏ သမိုင်းတွင် Hardest Hit ဟုဆိုရလောက်အောင် သူ့အတိုင်းအတာ သူ့ပမာဏနှင့် အပြင်းထန်ဆုံးဖြစ်ခဲ့သည်။ သဘာဝဘေးကျရောက်ချိန်နှင့် သဘာဝဘေးအလွန် ကာလတို့တွင် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို တတ်စွမ်းသူအားလုံးတို့က ပစ္စည်းအား၊ လူအား၊ ငွေအားဖြင့် တတ်စွမ်းသမျှ လုပ်ကိုင်ဆောင်ရွက်ပေးနေကြသည်။

သို့သော် ခရီးသွားလုပ်ငန်းနှင့်ယှဉ်တွဲ၍ မြင်ယောင်မိသော မြို့လေး၏စိတ်ထဲတွင် ချစ်စွာသော ခရီးသွားဧည့်သည်များ ပြန်လာကြပါ့မလား ဟူသော စိုးရိမ်စိတ်များရှိနေမည်မှာ အမှန်ဖြစ်သည်။ မိုးလေကင်းလွတ်သော ဝါကျွတ်အချိန်အခါသမယ သီတင်းကျွတ်ကာလသို့ ရောက်ရှိပြီဖြစ်သည်။ ယခင်ကမူ ယခုလိုအားလပ်ရက်ရှည် ကာလများတွင် မြို့လေးသို့ လာရောက်လည်ပတ်ကြမည့် ခရီးသွားဧည့်သည်မိတ်ဆွေများကို ကြိုဆိုလက်ခံဖို့ လုပ်ငန်းအသီးသီးသည် လှုပ်လှုပ်သဲသဲပြင်ဆင်ဆောင်ရွက်နေကြပြီဖြစ်သည်။ ယခုမူ ခရီးသွားတို့ လာရောက်လည်ပတ်နိုင်ကြပါ့မလားဟု ပူပန်နေကြရပြီ။

### လျင်လျင်မြန်မြန်ဆောင်ရွက်နိုင်ခဲ့

သဘာဝဘေးအန္တရာယ် တစ်ခုဖြစ်သော ရေဘေးကြောင့် ခရီးသွားလုပ်ငန်းအပေါ် ထိခိုက်မှုများတွင် ခရီးသွားဧည့်သည်ဝင်ရောက်မှုကျဆင်းခြင်း၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများမှ ဝင်ငွေရရှိမှု ကျဆင်းခြင်းနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဆုံးရှုံးခြင်း၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများထိခိုက်ဆုံးရှုံးခြင်း၊ သဘာဝနှင့် ယဉ်ကျေးမှုဆိုင်ရာ ခရီးသွားဆွဲဆောင်မှုများ ပျက်စီးဆုံးရှုံးခြင်းတို့သည် ယေဘုယျလက္ခဏာများဖြစ်ကြပါသည်။ ကပ်ရောဂါကြောင့် ခရီးသွားလုပ်ငန်းများရပ်ဆိုင်းခြင်းသည် ခရီးသွားဧည့်သည်ဝင်ရောက်မှုလျော့နည်းကျဆင်းခြင်းကြောင့် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများ ဝင်ငွေရရှိမှုကျဆင်းခြင်းနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဆုံးရှုံးခြင်းတို့သာ အဓိကကြုံတွေ့ရပြီး ခရီးသွားဆွဲဆောင်မှုများဖြစ်သော ရေမြေတောတောင်သဘာဝအလှအပများ၊ ယဉ်ကျေးမှုနှင့် မြို့ပြအခြေခံအဆောက်အအုံများအပေါ် ထိခိုက်ပျက်စီးမှုမရှိနိုင်ခဲ့ပေ။ ကပ်ရောဂါလွန်သည်နှင့် ခရီးသွားလုပ်ငန်း ပြန်လည်နာလန်ထူရေးကို လျင်လျင်မြန်မြန်ဆောင်ရွက်နိုင်ခဲ့သည်။ လမ်းပန်းဆက်သွယ်ရေး အခြေခံအဆောက်အအုံများပျက်စီးမှုမရှိခြင်းကြောင့် မိတ်ဆွေခရီးသွားများနှင့် အမြဲထိတွေ့ဆက်သွယ်နိုင်ခဲ့သည်။

သို့သော် သဘာဝဘေးကား သဘာဝနှင့် ယဉ်ကျေးမှုဆိုင်ရာ ခရီးသွားဆွဲဆောင်မှုများ၊ လမ်းပန်းဆက်သွယ်ရေး အခြေခံအဆောက်အအုံများကိုပါ အလွတ်မပေး၊ သူ့လမ်းကြောင်းတစ်လျှောက် ကျရောက်သမျှ အသက်အိုးအိမ်စည်းစိမ်များကိုပါ ဖျက်ဆီးပစ်သည်။ ထို့ကြောင့် မြို့လေးသည် ယခုနှစ်ခရီးသွားရာသီတွင် ခရီးသွားချစ်မိတ်ဆွေများနှင့် တွေ့ဆုံခွင့်ရှိပါ့မလားဟု စိုးရိမ်မိနေခြင်းဖြစ်လိမ့်မည်။ အားမငယ်ပါနှင့်။ ယခုပင် ရပ်နီးမိတ်ဆွေများသာမက ရပ်ဝေးနိုင်ငံတစ်နံတစ်လျားက ခရီးသွားမြို့လေးသို့ ဧည့်သည်အဖြစ် လာရောက်ဖူးသူရော မရောက်ဖူးဘဲအဝေးကပင် သံယောဇဉ်ဖြစ်နေကြသူများကပါ စေတနာထက်သန်စွာဖြင့်လာရောက်လှူဒါန်းကူညီမှုများပြုနေကြသည်ပင် မျက်မြင်မဟုတ်လား။

မြို့လေးစိုးရိမ်နေသလိုပင် သူတို့သည်လည်း မြို့လေးသို့ လာရောက်လည်ပတ်ခွင့်မရမည်ကို စိုးရိမ်နေကြပါမည်။ သဘာဝဘေးနှင့်ဆက်စပ်လျက်ရှိသော စကားလုံးတစ်လုံးကား "ကြံ့ကြံ့ခံနိုင်စွမ်း" ဖြစ်သည်။ ကြံ့ကြံ့ခံနိုင်ရမည်။ မြို့လေးသည် ကြံ့ကြံ့ခံနိုင်သော မြို့လေးဖြစ်သည်။ အနိမ့်အမြင့်အတက်အကျရှိသော ခရီးသွားလုပ်ငန်းတွင် အောင်မြင်စွာရပ်တည်နိုင်ခဲ့သည်မှာ ယင်းကြံ့ကြံ့ခံနိုင်စွမ်းကြောင့်ပင်မဟုတ်ပါသလော။ ယခုအချိန်အခါ၌လည်း မြို့လေး၏ တင့်လှပေဟန်သဘာဝအသွင်သဏ္ဌာန်ကို မိတ်ဆွေများသို့ ပြန်လည်ချပြရင်း ပြန်လည်ဖိတ်ခေါ်ပါရစေ။ ရင်းနှီးဖော်ရွေမှု ချစ်ကြည်မှုတို့ဖြင့် တံ့လှယ်မေတ္တာပြုဖို့ ဖိတ်ခေါ်ပါရစေ။ မိတ်ဆွေတို့၏ အလည်တစ်ခေါက်က မြို့လေးအတွက် ခွန်အားတစ်ရပ် ယုံကြည်ချက်တစ်ခုဖြစ်စေပါလိမ့်မည်ဖြစ်ကြောင်း။ ။

(ရေဘေးဒဏ်ခံ ကလောခရီးသွားမြို့လေးသို့)

> **"အလှအပကြည့်ရုံသက်သက်အတွက်သာ မြို့လေးက သင့်ကို ဖိတ်ခေါ်သည်မဟုတ်။ သဘာဝအတိုင်းတည်ရှိနေသော တောတောင်များတွင် လမ်းလျှောက်ခရီးနှင်ခြင်း၊ စက်ဘီးစီးခြင်း၊ ဒေသခံများ၏ နေအိမ်တွင် တည်းခိုနေထိုင်၍ ရိုးရာအစားအစာများနှင့် ဌာနေတိုင်းရင်းသားများ၏ နေ့စဉ်လှုပ်ရှားနေထိုင်မှု လူနေမှုဘဝများကိုလည်း သွားရောက်လေ့လာလည်ပတ်နိုင်"**

# အစ္စရေးက အီရန်နိုင်ငံရှိ စစ်ဘက်ဆိုင်ရာပစ်မှတ်များကို လေကြောင်းတိုက်ခိုက်မှု ပြုလုပ်

**ဂျေရုဆလင် အောက်တိုဘာ ၂၆**

အစ္စရေးတပ်မတော်က အီရန်နိုင်ငံရှိ စစ်ဘက်ဆိုင်ရာပစ်မှတ်များကို လေကြောင်းတိုက်ခိုက်မှုများ ယနေ့ ပြုလုပ်ခဲ့ကြောင်းသိရသည်။



အဆိုပါတိုက်ခိုက်မှုများတွင် စစ်အခြေစိုက်စခန်းများကို ပစ်မှတ်ထားခဲ့ကြောင်း အီရန်မီဒီယာများက သတင်းဖော်ပြသည်။ ပျက်စီးမှုပမာဏကို ရှင်းရှင်းလင်းလင်း မသိရသေးပေ။

**လက်တုံ့ပြန်ခြင်းဖြစ်**

အဆိုပါ တိုက်ခိုက်မှုသည် အောက်တိုဘာ ၁ ရက်က အီရန်၏ကြီးမားသော ဒုံးကျည်တိုက်ခိုက်မှုအတွက် လက်တုံ့ပြန်ခြင်းဖြစ်သည်ဟု ယူဆရသည်။

အစ္စရေးနိုင်ငံသည် အခြား အချုပ်အခြာအာဏာပိုင်နိုင်ငံကဲ့သို့ တုံ့ပြန်ရန် အခွင့်အရေးနှင့်တာဝန်ရှိကြောင်း အစ္စရေးကာကွယ်ရေးတပ်ဖွဲ့၏ ပြောရေးဆိုခွင့်ရှိသူ ဒယ်နီရယ်ဟာဂါရီက ပြောကြားသည်။

အစ္စရေး၏ခံစစ်နှင့် ထိုးစစ်စွမ်းရည်များကို အပြည့်အဝစုစည်းထားပြီး နိုင်ငံနှင့် ၎င်း၏ပြည်သူများကိုကာကွယ်ရန် တတ်နိုင်သမျှ လုပ်ဆောင်ရန် စီစဉ်ထားကြောင်းလည်း ၎င်းကဆက်လက်ပြောကြားသည်။

အောက်တိုဘာ ၂၆ ရက် ဒေသစံတော်ချိန် နံနက် ၆ နာရီတွင် အစ္စရေးတပ်မတော်က ၎င်း၏တိုက်ခိုက်မှုကို ပြီးမြောက်ပြီဟု ကြေညာထားသော်လည်း အီရန်က နောက်ထပ်တိုက်ခိုက်မှုများကို လုပ်ဆောင်ပါက အစ္စရေးက ပြန်လည်တိုက်ခိုက်မည်ဖြစ်ကြောင်း ဒယ်နီရယ် ဟာဂါရီက ပြောကြားသည်။

အစ္စရေးသည် တီဟီရန်အနောက်ပိုင်းနှင့် အနောက်တောင်ပိုင်းရှိ စစ်အခြေစိုက်စခန်းများကို ပစ်မှတ်ထားတိုက်ခိုက်ခဲ့ကြောင်း အီရန်၏ Fars သတင်းဌာနက သတင်းဖော်ပြသည်။

**ပစ်မှတ်ထား**

အစ္စရေးသည် အမေရိကန်အရာရှိများ၏ အချက်အလက်ကို ကိုးကား၍ အီရန်၏ နျူကလီးယား သို့မဟုတ် စွမ်းအင်ဆိုင်ရာ အဆောက်အအုံများကို ပစ်မှတ်ထားသည်ဟု သည်ဝေါစထရိဂျာနယ်က သတင်း ဖော်ပြသည်။

အစ္စရေး၏ ပြင်းထန်သော တိုက်ခိုက်မှုများကြောင့် အီရန်တပ်မတော်သားနှစ်ဦး သေဆုံးခဲ့ကြောင်း တရားဝင်သတင်းအေဂျင်စီ IRNA က သတင်းဖော်ပြသည်။

အီရန်နိုင်ငံ၏ လုံခြုံရေးနှင့် အကျိုးစီးပွားကို ကာကွယ်ရန် အစ္စရေး၏ဒုံးကျည်များကို ထိပ်တိုက်ရင်ဆိုင်တွေ့ရစဉ် ၎င်း၏ တပ်မတော်သားနှစ်ဦး အသက်ပေးခဲ့ကြောင်း အီရန်တပ်မတော်က အစီရင်ခံစာတစ်ရပ် ထုတ်ပြန်ခဲ့သည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အောင်ကျော်ကျော်**

# ဂါဇာကမ်းမြောင်ဒေသ၌ ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးရေးလှုပ်ရှားမှု ရွှေ့ဆိုင်း

**ဂါဇာစီးတီး အောက်တိုဘာ ၂၆**

ဂါဇာ ကမ်းမြောင်ဒေသ၌ အစ္စရေးနှင့် ဟားမတ်စ်တို့အကြား ပြင်းထန်သော ဖုံးကြဲတိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွားလျက်ရှိပြီး လူသားချင်း စာနာထောက်ထားမှုအဖြစ် တိုက်ပွဲများ ခေတ္တရပ်တန့်ပေးခြင်း မရှိခြင်းကြောင့် ဂါဇာကမ်းမြောင် မြောက်ပိုင်းတွင် ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးရေးလှုပ်ရှားမှုကို ရွှေ့ဆိုင်းခဲ့ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပြောကြားသည်။

ဂါဇာတွင် ပိုလီယိုရောဂါပျံ့နှံ့မှုနှင့်ပတ်သက်၍ စိုးရိမ်မှုများ မြင့်တက်လျက်ရှိစဉ် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ယခုကဲ့သို့ဆုံးဖြတ်ခဲ့ခြင်း ဖြစ်သည်။

စက်တင်ဘာလ ပထမနှစ်ပတ်တွင် ဒေသခံကလေးများအား ပိုလီယိုကာကွယ်ဆေး ပထမအကြိမ် တိုက်ကျွေးပေးခဲ့ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပြောကြားသည်။

ဒုတိယအကြိမ် တိုက်ကျွေးမှုကို အောက်တိုဘာ ၂၃ ရက်တွင် စတင်ရန်စီစဉ်ထားပြီး မြောက်ပိုင်းဒေသရှိ ကလေး ၁၁၉၀၀၀ ခန့်ကို ကာကွယ်ဆေး တိုက်ကျွေးရန် ရည်ရွယ်ထားကြောင်း သိရသည်။



သို့သော် လက်ရှိအခြေအနေများသည် ဂါဇာကမ်းမြောင်ဒေသရှိ အရပ်ဘက် အခြေခံအဆောက်အအုံများကို တိုက်ခိုက်မှုများအပါအဝင် ဂါဇာမြောက်ပိုင်းရှိပြည်သူများ၏ ဘေးကင်းရေးနှင့် သွားလာလှုပ်ရှားမှုကို ထိခိုက်စေသည့်အတွက် မိဘများကလည်း ၎င်းတို့၏ ကလေးများကို ကာကွယ်ဆေး တိုက်ကျွေးရန်နှင့် ကျန်းမာရေးဝန်ထမ်းများကို ဂရုစိုက်စောင့်ရှောက်ရန် မဖြစ်နိုင်ကြောင်း သိရသည်။

ပထမအကြိမ် ကာကွယ်ဆေး တိုက်ကျွေးပြီးနောက် ခြောက်ပတ်အတွင်း ဒုတိယအကြိမ် ကာကွယ်ဆေးတိုက်ကျွေးမှုကို မဖြစ်မနေ ဆောင်ရွက်ရမည် ဖြစ်သည့်အတွက် တိုက်ပွဲများကို လူသားချင်း စာနာထောက်ထားမှုအဖြစ် ခေတ္တရပ်ထားရန်လိုအပ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပြောကြားခဲ့သည်။ **ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**

# တိုင်ဖွန်း ထရာမီ အားကောင်းလာသဖြင့် ဟိုင်နန်ကျွန်းရှိ ငါးဖမ်းလုပ်သား ၅၀၀၀၀ ကျော် ဘေးလွတ်ရာသို့ ရွှေ့ပြောင်း

**ပေကျင်း အောက်တိုဘာ ၂၆**

တိုင်ဖွန်းထရာမီ အားကောင်းလာသဖြင့် တရုတ်နိုင်ငံ တောင်ဘက်စွန်း ကျွန်းစုပြည်နယ် ဟိုင်နန်ရှိ ငါးဖမ်းသင်္ဘောများအားလုံးသည် ဆိပ်ကမ်းသို့ ပြန်လည်ရောက်ရှိလာပြီး ငါးဖမ်းလုပ်သား ၅၀၀၀၀ ကျော်ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ကြောင်း ပြည်နယ် မိုးလေဝသဗျူရိုက ယနေ့ပြောကြားသည်။

ယခုနှစ်အတွင်း မုန်တိုင်းဝင်ရောက်မှုအကြိမ် ၂၀ မြောက်ဖြစ်သည့် တိုင်ဖွန်း ထရာမီသည် တစ်နာရီလျှင် ၇၃ မိုင်အထိ တိုက်ခတ်နိုင်ကြောင်း သိရသည်။

**ခန့်မှန်းပြောကြား**

အောက်တိုဘာ ၂၈ ရက် ညပိုင်းမှစပြီး ဟိုင်နန်ကမ်းရိုးတန်းနှင့် ရှီရှားကျွန်းစုများ၏ တောင်ဘက်ပိုင်းရှိရေပြင်ကို ဝင်ရောက်တိုက်ခတ်နိုင်ကြောင်း မိုးလေဝသပညာရှင်များက ခန့်မှန်းပြောကြားသည်။

ဟိုင်နန်ကျွန်းရှိ ဆန်ရှားမြို့တော်၌ မုန်တိုင်းသတိပေးချက်အဆင့်ကို မြင့်တင်ခဲ့ပြီး တိုင်ဖွန်းမုန်တိုင်းကြောင့် အရေးပေါ်တုံ့ပြန်မှုများကို စတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မုန်တိုင်းတုံ့ပြန်မှု အစီအစဉ်အဖြစ် ဟိုင်နန်ကျွန်းရှိ မြန်နှုန်းမြင့်ရထားခရီးစဉ်များကို ဆိုင်းငံ့ထားကြောင်းသိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အောင်ကျော်ကျော်**

# အမေရိကန်က ပါလက်စတိုင်းပြည်သူများအား အမေရိကန်ဒေါ်လာ ၁၃၅ သန်း ကူညီထောက်ပံ့မည်

**ဝါရှင်တန် အောက်တိုဘာ ၂၆**

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး အန်ထော်နီဘလင်ကန်သည် ၎င်း၏ အရှေ့အလယ်ပိုင်းခရီးစဉ်အတွင်း ပါလက်စတိုင်းပြည်သူများအား လူသားချင်းစာနာမှုဆိုင်ရာ အကူအညီအဖြစ် အမေရိကန်ဒေါ်လာ ၁၃၅ သန်းကို ပေးအပ်ရန် ကြေညာခဲ့ကြောင်း သိရသည်။

ဘလင်ကန်သည် ၂၀၂၃ ခုနှစ် အောက်တိုဘာ ၇ ရက်တွင် အစ္စရေးနိုင်ငံကို ဟားမတ်စ်အဖွဲ့ တိုက်ခိုက်ပြီးနောက် ၎င်း၏ ၁၁ ကြိမ်မြောက် ကာတာနိုင်ငံသို့ ခရီးစဉ်အတွင်း အဆိုပါကြေညာချက်ကို ထုတ်ပြန်ခဲ့သည်။

မကြာသေးမီက ဟားမတ်စ်ခေါင်းဆောင် ယာရာ့ဆင်းဝါ သတ်ဖြတ်ခံရပြီးနောက် ပဋိပက္ခကိုရပ်တန့်ရန် အစ္စရေးကို အမေရိကန်က တောင်းဆိုထားသည်။ ဂါဇာကမ်းမြောင်ဒေသ မြောက်ပိုင်းရှိ ပါလက်စတိုင်း အရပ်သားများအား အကူအညီများပေးရန်နှင့် ဂါဇာသို့ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီများပေးရေးအတွက် လမ်းကြောင်းများဖွင့်ပေးရန် အစ္စရေးနိုင်ငံအား အမေရိကန်နိုင်ငံခြားရေးဝန်ကြီး အန်ထော်နီဘလင်ကန်က တိုက်တွန်းခဲ့ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အောင်ကျော်ကျော်**

# ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ၌ မျောက်ကျောက်ရောဂါ ကာကွယ်ဆေးထိုးနှံမှု ဒုတိယအဆင့် စတင်

**ကင်ရှာဆာ အောက်တိုဘာ ၂၆**

ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ၌ မျောက်ကျောက်ရောဂါ ကာကွယ်ဆေးထိုးနှံမှု ဒုတိယအဆင့်ကို ယမန်နေ့တွင် စတင်ခဲ့ကြောင်း သိရသည်။

နိုင်ငံအတွင်း ရောဂါကူးစက်မှုအမြင့်ဆုံးပြည်နယ်များတွင် ကာကွယ်ဆေးထိုးနှံမှု ပထမအဆင့်ကို အောက်တိုဘာ ၅ ရက်တွင် စတင်ခဲ့ပြီး ကျန်းမာရေးဝန်ထမ်းများကို အဓိကထိုးနှံပေးခဲ့ကြောင်း သိရသည်။

**အဓိကထားထိုးနှံပေးမည်**

ကာကွယ်ဆေးထိုးခြင်း ဒုတိယအဆင့်ကို လိင်လုပ်သားများနှင့် နိုင်ငံတစ်ဝန်းရှိ လူနာများနှင့် ထိတွေ့နေရသူများအပါအဝင် ဗိုင်းရပ်စ်နှင့် ထိတွေ့နိုင်ခြေ မြင့်မားသူများကို အဓိကထားထိုးနှံပေးမည်ဖြစ်ကြောင်း ကျန်းမာရေးအာဏာပိုင်များက ပြောသည်။

နိုင်ငံအတွင်းရှိ ပြည်သူ ၂ ဒသမ ၅ သန်းအတွက် ကာကွယ်ဆေး သုံးသန်းခန့် လိုအပ်ကြောင်း ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ ကျန်းမာရေးဝန်ကြီး ရောဂျာကမ်ဘာက ပြောကြားသည်။

ယခုနှစ်အစပိုင်းမှစပြီး နိုင်ငံအတွင်း၌ မျောက်ကျောက်ရောဂါ ကူးစက်မှုသံသယရှိသူ ၃၅၉၂၅ ဦး ရှိပြီး ရောဂါကူးစက်ခံရသူ ၇၅၃၄ ဦးနှင့် သေဆုံးသူ ၁၀၀၆ ဦးရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန် သော အစီရင်ခံစာအရသိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အောင်ကျော်ကျော်**



# တရားမဝင်သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ တိရစ္ဆာန်အစားအစာများ၊ လိုင်စင်မဲ့ဆိုင်ကယ်များနှင့် ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် အောက်တိုဘာ ၂၆

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၂၄ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စက်ယန္တရားအပိုပစ္စည်း ရှစ်မျိုး၊ လုပ်ငန်းသုံးပစ္စည်း သုံးမျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၈၁၆၆၇၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မကွေးခရိုင်နှင့် သရက်ခရိုင်တို့အတွင်း၌ လိုင်စင်မဲ့ဆိုင်ကယ် ငါးစီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် အောက်တိုဘာ ၂၅ ရက်တွင် ကချင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ (၂၁) မိုင် ပူးပေါင်းစစ်ဆေးရေးဂိတ်၌ မြစ်ကြီးနားမြို့မှ နမ္မတီးမြို့သို့ သွားရောက်မည့်ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၅၀၀၀၀) နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Nissan AD Van တစ်စီးနှင့် Hiace Mini Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၈၅၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ထီလုံ-ဘားအံလမ်းရှိ ခမရ (၂၀၂) စစ်ဆေးရေးဂိတ်၌ ယာဉ်ငါးစီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း ၁၅ မျိုး၊ လုပ်ငန်းသုံးပစ္စည်း ငါးမျိုး၊ လူသုံးကုန်ပစ္စည်း ငါးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၁၇၂၃၂၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Probox နှစ်စီး၊ Mitsubishi Canter Truck တစ်စီး၊ Forland Dump Truck တစ်စီး၊ Yutong Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀၀) စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၁၇၂၃၂၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မူဆယ်မြို့ ဆင်ဖြူဂိတ်အကျော် လမ်းဘေးတစ်နေရာ၌ စုပုံထားသော အကောက်ခွန်မဲ့လုပ်ငန်းသုံးပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၆၅၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မော်လမြိုင်-ကျိုက်မရောလမ်း ကွဲခြံကုန်းရပ်ကွက် လမ်းဘေးတစ်နေရာ၌ စုပုံထားသော အကောက်ခွန်မဲ့စားသောက်ကုန်ပစ္စည်း နှစ်မျိုး (စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀) ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



မန္တလေးတိုင်းဒေသကြီး၌ သိမ်းဆည်းရမိမှု။

ထို့အတူ တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြိတ်မြို့ မင်းဓမ္မ (၈) လမ်း အင်းလေးမြိုင် စက်မှုဇုန်ရှိ ဂိုဒေါင်တစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ၁၆ မိုင် ကျောက်ချောစစ်ဆေးရေးစခန်း၌ ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၁၈ မျိုး၊ လူသုံးကုန်ပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၅၈၃၄၂၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် စက်မှုဇုန်ထုတ် Myanmar Station Wagon တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀)ကိုလည်းကောင်း၊ ပြင်ဦးလွင်မြို့ ပြင်စာရွာ လမ်းဘေးတစ်နေရာ၌ စုပုံထားသော အကောက်ခွန်မဲ့လူသုံးကုန်ပစ္စည်း နှစ်မျိုး၊ တိရစ္ဆာန်အစားအစာလေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၄၅၀၀၀၀) ကိုလည်းကောင်း (စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၃၈၀၃၃၄၂၀ )ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ညောင်လေးပင်ခရိုင်အတွင်း၌ တရားမဝင် သစ်မာသုည ဒသမ ၄၈၆ တန်၊ အခြားသစ် ၂ ဒသမ ၅၄၅ တန် စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၉၄၂၀၁၆ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၄ ခုနှစ် အောက်တိုဘာ ၂၄ ရက်နှင့် ၂၅ ရက်တို့တွင် သိမ်းဆည်းရမိမှုစုစုပေါင်းမှာ အမှုတွဲ ၄၈ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၁၈၈၆၅၃၃၆) ကို သိမ်းဆည်းရမိခဲ့သည်။ ယနေ့သိမ်းဆည်းရမိမှုများတွင် စားသောက်ကုန်ပစ္စည်းများ တရားမဝင်တင်သွင်းလာသည်ကို တွေ့ရှိရပြီး ၎င်းစံချိန်စံညွှန်းအရည်အသွေးပြည့်ဝခြင်း မရှိနိုင်သည့် စားသောက်ကုန်ပစ္စည်းများကြောင့် နိုင်ငံအတွင်းရှိ ပြည်သူများအတွက် စားသုံးသူအခွင့်အရေးဆုံးရှုံးခြင်းများ ဖြစ်ပေါ်စေနိုင်သည့်အပြင် အသက်အန္တရာယ်ထိခိုက်နစ်နာမှုများလည်း ဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်ပါ၍ တရားမဝင်ကုန်သွယ်မှုများ လျော့နည်းပပျောက်စေရေး သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

---

**❖ MFF မှ**

ဗိုလ်လုပွဲတွင် နှစ်သင်းစလုံး အကြိတ်အနယ်ယှဉ်ပြိုင်ကစားခဲ့ပြီး ၁၉ မိနစ်တွင် ထူးဝေယံသွင်းယူသည့် တစ်လုံးတည်းသော ဂိုးဖြင့် ဟသ်ာအသင်း ဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။ ဗိုလ်လုပွဲအပြီးတွင် ဆုချီးမြှင့်ပွဲ ဆက်လက်ကျင်းပရာ အသန့်ရှင်းဆုံးအသင်းဆုရ YCDC Marga အသင်းအား ဆုဖလားနှင့် ဆုကြေးငွေကျပ် သုံးသိန်း၊ ပြိုင်ပွဲတစ်လျှောက် အကောင်းဆုံး ကစားသမားဆုရရှိသော ဖွဲ့လူထွတ် (ဟသ်ာ) ကို ဆုတံဆိပ်နှင့် ဆုကြေးငွေကျပ်နှစ်သိန်း၊ အကောင်းဆုံးအားကစားသမားဆုရရှိသော သက်ထွန်း (ဟသ်ာ) ကို ဆုတံဆိပ်နှင့် ဆုကြေး ငွေကျပ်နှစ်သိန်း၊ တတိယဆုရရှိသော ဘူရှီဒိုလူငယ်အသင်းကို တစ်ဦးချင်းဆုတံဆိပ်နှင့် ဆုကြေး ငွေကျပ် ၁၅ သိန်း၊ ဒုတိယဆုရရှိသော ရန်ကုန်ဖူဆယ်အသင်းကို တစ်ဦးချင်းဆုတံဆိပ်နှင့် ဆုကြေးငွေကျပ်သိန်း ၂၀၊ ပထမဆုရရှိသော ဟသ်ာအသင်းကို တစ်ဦးချင်းဆုတံဆိပ်၊ ဆုကြေးငွေကျပ်သိန်း ၃၀ နှင့် ချန်ပီယံဆုဖလား ပေးအပ်ချီးမြှင့်သည်။

**သတင်း-ကိုညီလေး**
**ဓာတ်ပုံ-MFF**

---

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card၊ Mobile Payment Account၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

---

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၇-၁၀-၂၀၂၄ တနင်္ဂနွေနေ့

### MRTV HD

- **၀၆:၀၀** ပင်းကွန်းဆရာတော်ဘုရားကြီး၏ ပရိတ်တရားတော်(မင်္ဂလသုတ်)
- **၀၇:၀၀** နံနက်ခင်းသတင်း
- **၀၈:၄၀** စေတနာ့အလှူ
- **၀၉:၁၅** ကာတွန်းအစီအစဉ် **'တိရစ္ဆာန်မြို့တော်၏ဇာတ်လမ်း'** (အပိုင်း-၁၃)
- **၀၉:၄၀** နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်နဲ့ စစ်မှုထမ်းဆောင်ကြပါစို့ (Video Clip)
- **၁၀:၀၀** သတင်းသမားပြောတဲ့သတင်းစကား
- **၁၀:၃၀** **'ပင်းဖဲအနားမှာနေ'** တေးဂီတဖျော်ဖြေပွဲ ထုတ်လွှင့်မှုအစီအစဉ်
- **၁၁:၃၀** အသိပညာနှင့်အမှန်တရား
- **၁၂:၅၀** MRTV National News
- **၁၃:၁၅** မြန်မာဝန္တ ဝင်ရုပ်ရှင် **'သံပတ်သစ္စာ'** (ထွန်းဝေ၊ ဇော်လွင်၊ ဒေဇီကျော်ဝင်း)
- **၁၆:၅၀** Sports Diary
- **၁၇:၁၀** ထူးခြားစုံလင်အာရှပစိဖိတ်အစီအစဉ်
- **၁၇:၂၀** သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
- **၁၇:၃၅** လေ့လာစရာစုံလင်အမိမြန်ပြည်တစ်ခွင် **'လှုရက်ရွှန်းစို ပူတာအို'**
- **၁၈:၃၅** ပြည်ချစ်သားမွန်တေးသဝဏ်
- **၁၈:၄၅** သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
- **၁၉:၁၅** နိုင်ငံခြားဇာတ်လမ်းတွဲ **'ချစ်သူအနားကချစ်လိပ်ပြာ'** (အပိုင်း-၃၀)
- **၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- **၂၁:၀၀** ဘဝနှင့်အနုပညာ **'ရိုရိုခင်၏ဂီတစွမ်းအား'** (အပိုင်း-၃) **'တေးသံရှင်ရိုရိုခင်'**
- **၂၁:၂၀** ဆေးရောင်စုံရုပ်ရှင် **'ကြိုးတန်း'** (ကျော်ဟိန်း၊ ကျော်ရဲအောင်၊ စိုးမြတ်သူဇာ၊ ထွန်းအိန္ဒြာဗို)

### mitv

- **07:01** Evergreen Classic: An Da Yel Kin (Htar)
- **07:10** Myanmar Marionette
- **07:38** Empowering Myanmar's MSMEs: Success Story in Fish Farming Business Development
- **07:50** Skilled Performance of Traditional Myanmar Colored Glass Ball
- **08:01** News
- **08:26** The High Reliability (GTI) Thanlyin for the Students Youths
- **08:49** The Bamboo Hat
- **09:01** Commercial Farming to GDP Growth, Pomelo Grower
- **09:31** Today Myanmar: Read me a Book
- **09:44** Broom Making Business
- **09:56** Myanmar Street Foods
- **10:01** News
- **10:28** Topics Potpourri; Unveiling the Climate Crisis in the Baltic Sea

### MRTV NRC

**ဝ (၀၆:၀၀ မှ ၀၈:၀၀)**
ချစ်ရမွက်မီး(အပိုင်း-၁)(ဇာတ်လမ်း)

**ကချင် (၀၈:၀၀ မှ ၁၀:၀၀)**
ခေါ်လန်ဖူးအလွန်မှ ဒီးလာဝါဇီကျေးရွာသို့

**ကယား (၁၀:၀၀ မှ ၁၂:၀၀)**
ခံတွင်းမြိန်စေမဲ့ ကယားရိုးရာအစားအစာ

**စကောကရင် (၁၂:၀၀ မှ ၁၃:၀၀)**
သင်ယူလေ့လာတို့ရဲ့စာ(အပိုင်း-၁၀)

**အနောက်ပိုးကရင် (၁၃:၀၀ မှ ၁၄:၀၀)**
အကြေပုဂံလို့တင်စားခေါ်ဝေါ်တဲ့မြောင်းမြမြို့ဟောင်း

**အရှေ့ပိုးကရင် (၁၄:၀၀ မှ ၁၅:၀၀)**
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ(အပိုင်း-၁၃)

**ချင်း (လိုင်ဇို) (၁၅:၀၀ မှ ၁၆:၀၀)**
ဆီးချိုရောဂါအတွက် စားပေးသင့်သောသစ်သီးများ

**ချင်း (ဇိုး) (၁၆:၀၀ မှ ၁၇:၀၀)**
ကောက်ရိုးမှိုစိုက်ပျိုးခြင်း

**မွန် (၁၇:၀၀ မှ ၁၉:၀၀)**
တညင်းသီး၏ကောင်းကျိုးဆိုးကျိုး

**ရခိုင် (၁၉:၀၀ မှ ၂၁:၀၀)**
ထူးဆန်းဖွယ်ရာရခိုင့်ဓလေ့ရှေးရိုးရာ(ငစွေအက)

**ရှမ်း (၂၁:၀၀ မှ ၂၃:၀၀)**
နှစ်ပေါင်းရှည်ကြာတည်မြဲပါတဲ့ အိုးလက်ရာ

### MRTV NEWS

- **၀၆:၀၀** အဖွင့်၊ တေးသီချင်း
- **၀၆:၄၀** အားကစားသတင်း
- **၀၈:၃၀** နိုင်ငံတကာသတင်း(LIVE)
- **၁၁:၀၀** ပြည်တွင်းသတင်း (LIVE)
- **၁၂:၃၀** နိုင်ငံတကာသတင်း(LIVE)
- **၁၄:၀၀** MRTV National News
- **၁၄:၁၅** News Desk
- **၁၆:၀၀** သတင်းမှန်ကဏ္ဍ(LIVE)
- **၁၇:၃၀** နိုင်ငံတကာသတင်း(LIVE)
- **၁၈:၄၅** Football Highlights
- **၁၉:၄၅** ကမ္ဘာတစ်လွှားအနုပညာသတင်းများ
- **၂၀:၀၀** ပြည်တွင်းသတင်း (LIVE)
- **၂၀:၄၅** စူးစမ်းရာပွေ ရှေးဟောင်းအငွေ့

### MRTV PARLIAMENT

- **၀၉:၀၀** အဖွင့်၊ အလဲ
- **၀၉:၁၅** ပြည်သူ့စစ်မှုထမ်းဥပဒေ ကျင့်သုံးနေသော နိုင်ငံများအကြောင်း သိကောင်းစရာများ **'ထိုင်းနိုင်ငံ'**
- **၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို **'အလည်လွန် အလွယ်လုပ် အလွဲဖြစ်'**
- **၁၀:၀၀** ပြည်သူ့စစ်မှုထမ်းဥပဒေ ကျင့်သုံးနေသော နိုင်ငံများအကြောင်း သိကောင်းစရာများ **'ဗီယက်နမ်နိုင်ငံ'**
- **၁၁:၀၀** နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း **'ဂျပန်နိုင်ငံ'**
- **၁၁:၃၀** ရှေ့သို့ချီမည်ပန်းတိုင်ဆီ (အပိုင်း-၃၁)

### MRTV FARMERS' / Hluttaw Channel

- **၀၆:၀၀** အဖွင့်၊ နိုင်ငံတော်သီချင်း
- **၀၆:၁၅** တောင်သူ့ဘဝမြှင့်တင်ဖို့ စနစ်ကျလယ်မြေဖော်ထုတ်ကြပါစို့
- **၀၇:၀၀** တောင်သူလယ်သမားရေးရာသတင်း
- **၁၇:၁၅** စိုက်ပျိုးမွေးမြူသုတဘာဏ်
- **၁၈:၂၀** The Birth of Sake (နိုင်ငံခြားဇာတ်လမ်း)
- **၁၉:၃၀** International Music Hits
- **၂၂:၀၀** ချွန်စက်(ဇာတ်လမ်း)

### MRTV SPORTS / Hluttaw Sports

- **၀၆:၀၀** အဖွင့်
- **၀၆:၂၀** လူငယ်တို့အတွက်လမ်းပြကြယ်
- **၀၆:၄၀** Weekly Sports Info
- **၀၇:၄၅** Weekend News
- **၁၇:၀၀** အားကစားသတင်း
- **၁၈:၀၀** E Sports

Scan Here
MRTV | MRTV | MRTV Radio | MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

# မော်လမြိုင်မြို့၌ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်



မော်လမြိုင် အောက်တိုဘာ ၂၆

(၁၆) နှစ်မြောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်ထဲရေးဝန်ကြီးဌာန မွန်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ခရိုင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းဝန်ထမ်းများနှင့် မိသားစုထိန်းသိမ်းရေးကော်မတီဝင်များက ယနေ့နံနက်ပိုင်းတွင် တောင်ရိုးတန်း၌ တည်ထားကိုးကွယ်တော်မူသော အောင်ဘယမုနိစေတီတော်မြတ်ကြီးနှင့် ရင်ပြင်တော်၊ တန်ဆောင်းနှင့် အနီးပတ်ဝန်းကျင်တို့၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုကို ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းနှင့် ပြည်နယ်ဝန်ကြီးများက ကြည့်ရှုအားပေးခဲ့သည်။

**ကြည့်ရှုအားပေး**

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မော်လမြိုင်မြို့ တောင်ရိုးတန်းလမ်း ဦးခန္တီမဟာမြတ်မုနိ ဆုတောင်းပြည့်ဘုရားနှင့် View Point အနီးပတ်ဝန်းကျင်တွင် ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ရပ်ကွက်နေပြည်သူများ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် တောင်ရိုးတန်း လမ်းတစ်လျှောက် လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများနှင့် တွေ့ဆုံကာ အများပြည်သူလာရောက်စိတ်အပန်းဖြေနိုင်ရေး၊ ကျန်းမာရေးအတွက် ကိုယ်လက်လှုပ်ရှားအားကစားများ ဆောင်ရွက်နိုင်ရေးနှင့် တောင်ရိုးတန်းလမ်းတစ်လျှောက် သန့်ရှင်းသာယာလှပရေး လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။ **သက်နိုင်(မော်လမြိုင်)**

# အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များနှင့် ပြည်သူ့ဆေးရုံများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၂၆**



၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားလျက်ရှိသည့် ကျောင်းသားကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေးနှင့် စာသင်ကျောင်းများ ဥပဓိရုပ်ကောင်းမွန်စေရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ အခြေခံပညာ ကျောင်းများနှင့် တက္ကသိုလ်များတွင် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးလုပ်ငန်းများကို စုပေါင်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော် ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်အပါအဝင် မြို့နယ် ခုနစ်မြို့နယ်၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့အပါအဝင် မြို့နယ်ခြောက်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်အပါအဝင် မြို့နယ် ၁၇ မြို့နယ်နှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့တို့၌ တက္ကသိုလ်များ၊ စာသင်ကျောင်းများ အတွင်း/ အပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ခြင်ဆေးဖျန်းပေးခြင်း၊ ကျန်းမာရေးအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းနှင့် ရေစီးရေလာ ကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်းတို့ကို စုပေါင်းဆောင်ရွက်ကြသည်။

ထိုသို့ တက္ကသိုလ်များနှင့် စာသင်ကျောင်းများ ပတ်ဝန်းကျင် သန့်ရှင်းသာယာ လှပရေးအတွက် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ နယ်မြေခံတပ်မတော်သားများက မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံ ပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့်အတူ စုပေါင်းဆောင်ရွက်ကြသည်။

ထို့အတူ ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းယန်းမြို့နှင့် မိုင်းတုံမြို့တို့ရှိ ပြည်သူ့ဆေးရုံများ၌ နယ်မြေခံတပ်မတော်သားများက ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံ ပြည်သူများနှင့်အတူ ဆေးရုံဝင်းအတွင်း၊ အပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်းနှင့် ရေစီးရေလာ ကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်းတို့ကို စုပေါင်းဆောင်ရွက်ကြသည်။

ယင်းသို့ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် အောက်တိုဘာ ၂၆**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

**အသိပေးသတင်းထုတ်ပြန်**

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော် ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီး ပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း အောက်တိုဘာ ၂၄ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “U Maung” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ ဟံသာဝတီရပ်ကွက်နေ ဝင်းမောင်အား ညနေ ၆ နာရီ ၃၅ မိနစ်တွင် ပဲခူးမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများဖြစ်ပေါ်

ရန်ကုန် အောက်တိုဘာ ၂၆

ရန်ကုန်တိုင်းဒေသကြီးတွင် ယမန်နေ့ မွန်းလွဲ ၃ နာရီခွဲမှစတင်ကာ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့တွင် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့ပြီး ရပ်ကွက်နေပြည်သူများအပြင် ခရီးသွားပြည်သူများ၊ မော်တော်ယာဉ်များနှင့် လမ်းသွားလမ်းလာများ သွားလာရေးတွင် အခက်အခဲများစွာ ဖြစ်ပေါ်ခဲ့ရကြောင်း ခရီးသွားပြည်သူတစ်ဦးထံမှ သိရသည်။



အဆိုပါ ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့သည့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တာမွေမြို့နယ်နှင့် ဗဟန်းမြို့နယ်အပါအဝင် ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့သည့်နေရာများသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများ၊ မြို့နယ်သဘာဝဘေး စီမံခန့်ခွဲရေးအဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်ကြက်ခြေနီအသင်းဝင်များ၊ မြို့နယ်အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် မြို့နယ်လူမှုကူညီရေးအသင်းဝင်များက ခရီးသွားပြည်သူများနှင့် လမ်းသွားလမ်းလာများ အနေဖြင့် ဘေးအန္တရာယ်ကင်းရှင်းပြီး အဆင်ပြေချောမွေ့စွာ သွားလာနိုင်စေရေး လိုအပ်သည်များ ပူးပေါင်းကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**နိုင်လင်းအောင်(ပြန်/ဆက်)**

# ဧရာဝတီတိုင်းဒေသကြီးကိုယ်စားပြု မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဝင်များနှင့် ဆုရရှိသူများအား ဂုဏ်ပြုဆုချီးမြှင့်

ပုသိမ် အောက်တိုဘာ ၂၆

(၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ဗဟိုအဆင့်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် ဧရာဝတီတိုင်းဒေသကြီးကိုယ်စားပြုပြိုင်ပွဲဝင်များနှင့် ဆုရရှိသူများအား ဂုဏ်ပြုပွဲအခမ်းအနားကို ပုသိမ်မြို့ မြို့တော်ခန်းမ၌ ယနေ့နံနက်ပိုင်းတွင် ကျင်းပသည်။

ဦးစွာ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းက မိမိတို့တိုင်းဒေသကြီးအနေဖြင့် ပြိုင်ပွဲဝင် ၂၆၄ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ရာ ရွှေတံဆိပ်ကိုးခု၊ ငွေတံဆိပ် ၁၉ ခု၊ ကြေးတံဆိပ် ၁၈ ခု၊ နှစ်သိမ့်ဆု နှစ်ခု စုစုပေါင်း ဆုတံဆိပ် ၄၈ ခု ဆွတ်ခူးရရှိခဲ့ပြီး တိုင်းဒေသကြီး/ပြည်နယ်များအလိုက် ဆုရရှိမှုစာရင်းတွင် ဆဋ္ဌမနေရာရရှိခဲ့ကြောင်း၊ ယခုနှစ်ရရှိခဲ့သည့် အတွေ့အကြုံများအပေါ် အခြေခံပြီး နောင်လာမည့် ပြိုင်ပွဲများတွင်လည်း ယခုထက်ပို၍ တိုးတက်




အောင်မြင်မှုများရရှိအောင် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ (၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ဗဟိုအဆင့်ပြိုင်ပွဲတွင် ဆုရရှိကြသူများ၊ အသက်အငယ်ဆုံးပြိုင်ပွဲဝင်နှင့် ဗဟိုအဆင့်တိုင်းဒေသကြီးကိုယ်စားပြုအသင်းအုပ်ချုပ်သူ၊ နည်းပြ၊ ပြိုင်ပွဲဝင်များအား တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီး၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများက ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်ကြသည်။

ထို့နောက် (၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ဆုရရှိသူများက တီးခတ်သီဆိုဖျော်ဖြေ၍ နေ့လည်ခင်းအစားအသောက်များဖြင့် တည်ခင်းဧည့်ခံကျွေးမွေးခဲ့ပြီး (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ဗဟိုအဆင့်ပြိုင်ပွဲဝင် တိုင်းဒေသကြီးကိုယ်စားပြုအသင်းနှင့် ဆုရရှိသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**



## မြောင်းမြခရိုင်လူထုအခြေပြုဗဟိုဌာန ခန်းမ၌ စားသုံးသူရေးရာ အသိပညာပေးဆွေးနွေးပွဲ ကျင်းပ

မြောင်းမြ အောက်တိုဘာ ၂၆

ဧရာဝတီတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် စားသုံးသူရေးရာဦးစီးဌာနတို့ ပူးပေါင်း၍ စားသုံးသူရေးရာအသိပညာပေးဆွေးနွေးပွဲကို ယမန်နေ့မွန်းလွဲ ၃ နာရီက လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

ဦးစွာ မြောင်းမြခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ခင်ရူပါအေးက အသိပညာပေးအစီအစဉ်ကျင်းပရခြင်း၏ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့ပြီး မြောင်းမြမြို့နယ် စားသုံးသူရေးရာဦးစီးဌာန ဦးစီးအရာရှိ ဦးလှထွဋ်ဦးက အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်းမှတ်ပုံတင်ခြင်းနှင့် ပတ်သက်၍ မှတ်ပုံတင်လက်မှတ်လျှောက်ထားသူများအနေဖြင့် ကိုက်ညီရမည့်အချက်များနှင့် ပူးတွဲတင်ပြရမည့်အချက်များ၊ မှတ်ပုံတင်လက်မှတ်ရရှိပြီးသူ၏ တာဝန်များနှင့် ရရှိနိုင်မည့်အခွင့်အရေးများ စသည့်အကြောင်းအရာများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ **ဇေယျာ (မြောင်းမြ)**

## မင်းဘူးမြို့၌ လူငယ်စကားဝိုင်းကျင်းပ

မင်းဘူး အောက်တိုဘာ ၂၆

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော လူငယ်စကားဝိုင်းကို ခလရ(၈၈) အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)တွင် ယမန်နေ့နံနက် ၉ နာရီခွဲက ကျင်းပသည်။

ဦးစွာ ကျောင်းအုပ်ဆရာကြီး ဦးစိုးမြင့်က လူငယ်စကားဝိုင်းကျင်းပရခြင်းနှင့်ပတ်သက်၍ ပြောကြားခဲ့သည်။

**ဆွေးနွေးပြောကြား**

ထို့နောက် လူငယ်စကားဝိုင်းကို ဆက်လက်ကျင်းပရာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမောင်မောင်ကျော်က ညှိနှိုင်းရေးမှူးအဖြစ် ဆောင်ရွက်၍ ကျောင်းသား ကျောင်းသူများက လူငယ်နှင့် ခေါင်းဆောင်မှု၊ လူငယ်နှင့် ကျန်းမာရေး၊ လူငယ်နှင့်အားကစား၊ လူငယ်နှင့်မူးယစ်ဆေး၊ လူငယ်နှင့် ပညာရေး စသည့်ခေါင်းစဉ်များဖြင့် ဆွေးနွေးပြောကြားသည်။




ဆက်လက်၍ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ပြသထားသော လူငယ်အသိပညာပေး နံရံကပ်စာစောင်နှင့် စာအုပ်များကို ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

**ဇေယျာထက်(မင်းဘူး)**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၇-၁၀-၂၀၂၄ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၀၈၀ | ၃၁၆၀ | ၃၁၃၅ | ၃၀၉၀ | ၃၁၆၅ | ၃၁၇၅ | ၃၁၉၀ | ၃၁၄၅ | ၄၄၀၅ | ၃၃၀၀ | ၃၁၅၀ | ၃၁၆၅ | ၃၂၀၀ | ၃၁၈၅ | ၃၂၀၀ | ၃၆၀၅ | ၄၁၀၀ |
| 95 Ron | ၃၂၉၀ | ၃၃၇၀ | ၃၃၄၅ | ၃၃၀၀ | ၃၃၇၅ | ၃၃၈၅ | ၃၄၀၀ | ၃၃၅၅ | ၄၄၅၅ | ၃၅၁၀ | ၃၃၆၀ | ၃၃၇၅ | ၃၄၁၀ | ၃၃၉၅ | ၃၄၁၀ | ၃၈၁၅ | ၄၂၅၀ |
| HSD (500 ppm) | ၂၆၁၅ | ၂၆၉၅ | ၂၆၇၀ | ၂၆၂၅ | ၂၆၉၅ | ၂၇၁၀ | ၂၇၂၀ | ၂၆၇၅ | - | ၂၈၃၀ | ၂၆၈၅ | ၂၇၀၀ | ၂၇၃၀ | ၂၇၂၀ | ၂၇၃၀ | ၃၃၃၅ | ၄၁၀၀ |
| HSD (50 ppm) | ၃၂၆၀ | ၃၃၄၀ | ၃၃၂၀ | ၃၂၇၀ | ၃၃၄၅ | ၃၃၅၅ | ၃၃၇၀ | ၃၃၂၅ | ၄၇၂၀ | ၃၄၈၀ | ၃၃၃၀ | ၃၃၄၅ | ၃၃၈၀ | ၃၃၆၅ | ၃၃၈၀ | ၃၇၈၅ | - |
| HSD (10 ppm) | ၃၂၆၀ | ၃၃၄၀ | ၃၃၂၀ | ၃၂၇၀ | ၃၃၄၅ | ၃၃၅၅ | ၃၃၇၀ | ၃၃၂၅ | - | ၃၄၈၀ | ၃၃၃၀ | ၃၃၄၅ | ၃၃၈၀ | ၃၃၆၅ | ၃၃၈၀ | ၃၇၈၅ | - |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၉၂၂ | ၃၀၁၄ |
| 95 Ron | ၃၁၂၅ | ၃၂၂၁ |
| HSD (500 ppm) | ၂၄၆၉ | ၂၅၄၈ |
| HSD (50 ppm) | ၃၀၉၇ | ၃၁၈၈ |
| HSD (10 ppm) | ၃၀၉၇ | ၃၁၈၈ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## ထူးခြားသည့် အခြေအနေ

နေပြည်တော် အောက်တိုဘာ ၂၆

ယနေ့ညနေ ၆ နာရီခွဲ တိုင်းထွာချက်များအရ တောင်တရုတ်ပင်လယ်ပြင်တွင် ဖြစ်ပေါ်နေသော အားကောင်းသော အပူပိုင်းမုန်တိုင်း "ထရမ်မီ" (TRAMI) သည် အနောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး အောက်တိုဘာ ၂၇ ရက်တွင် ဗီယက်နမ်နိုင်ငံ အလယ်ပိုင်းကမ်းခြေအနီးသို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

မိုး/ဇလ

## မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

နေပြည်တော် အောက်တိုဘာ ၂၆

တနင်္သာရီတိုင်းဒေသကြီးတွင် နေရာအနှံ့အပြား၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

မိုး/ဇလ

ပြင်ပအလင်းရောင်ကို အသုံးချပါ၊
မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ

# ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ တောင်သူများ တောင်သူနည်းပညာဆွေးနွေးပွဲ တက်ရောက်

**နေပြည်တော် အောက်တိုဘာ ၂၆**

ရေကြီးနစ်မြုပ်မှုဒဏ်ခံခဲ့ရသည့် ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ တောင်သူများ၊ နေပြည်တော် ဇေယျာသီရိမြို့နယ်နှင့် ပုဗ္ဗသီရိမြို့နယ်တို့မှတောင်သူများ ပါဝင်သောလေ့လာရေးအဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ရေဆင်းစိုက်ပျိုးရေးသုတေသနဦးစီးဌာန စပါးသီးနှံဗဟိုဌာန၌ သုတေသနပြု စိုက်ပျိုးထားရှိသည့် ရာသီဥတုနှင့် လိုက်လျောညီထွေရှိသော စပါးမျိုးသစ်များကို သွားရောက်ကြည့်ရှုလေ့လာကြပြီး တောင်သူနည်းပညာဆွေးနွေးပွဲသို့ တက်ရောက်ကြသည်။



**ရှင်းလင်းပြသ**

ရာသီဥတုနှင့် လိုက်လျောညီထွေရှိသည့် စပါးမျိုးသစ်များကို လေ့လာစဉ် ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်က သုတေသနလုပ်ငန်းများ ဆောင်ရွက်ရာတွင် တောင်သူကြီးများ ပူးပေါင်းပါဝင်ခြင်းသည် စိုက်ပျိုးရေးကဏ္ဍ အောင်မြင်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျမှု၊ မျိုး၊ မြေ၊ ရေ၊ နည်း အစရှိသည့် နည်းပညာသတင်းအချက်အလက်များ အချိန်နှင့်တစ်ပြေးညီရရှိစေရေး တောင်သူကြီးများထံသို့ သွားရောက်ပညာပေးခြင်း၊ တောင်သူများအား မိမိတို့ထံ ဖိတ်ခေါ်ပြသခြင်းများ ဆောင်ရွက်နေမှုနှင့် အွန်လိုင်းအက်ပလီကေးရှင်းများ အသုံးပြု၍ တောင်သူများနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ နှီးနှောဖလှယ်ခြင်းများ ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းပြောကြားပြီး စပါးသီးနှံဗဟိုဌာနအတွင်း စိုက်ပျိုးဖြစ်ထွန်းလျက်ရှိသည့် အရည်အသွေးကောင်း စပါးမျိုးသစ်များ၊ ရေမြုပ်ခံစပါးမျိုးသစ်များ၊ ဆည်ရေသောက်စပါးမျိုးသစ်များ၊ မိုးရေသောက်စပါးမျိုးသစ်များ၊ ဆားငန်ဒဏ်ခံစပါးမျိုးသစ်များ၊ ရေအနည်းလိုစပါးမျိုးသစ်များကို ရှင်းလင်းပြသသည်။

ရှင်းလင်းပြသမှုများကို တောင်သူများက စိတ်ပါဝင်စားစွာ လေ့လာကြပြီး စားသုံးမှုအရည်အသွေးအကဲဖြတ်ရန် ပြသထားသည့် ရွှေအာဆီယံ၊ ဝိုင်အေအာရ်-၁၄၊ ဝိုင်အေအာရ်-၀၇၊ ဝိုင်ကေကျူအာရ်-၀၃၊ ဝိုင်ဘီအက်စ်အာရ်-၁၀၊ ဝိုင်ကျူအာရ်-၁၁၊ ဝိုင်ကေကျူအာရ်-၀၁၊ ဝိုင်အက်စ်အာရ်-၁၊ ဝိုင်အာရ်အာရ်-၁၂၊ ဝိုင်အိုင်အာရ်-၁၄ မျိုးတို့ကို ဝိုင်းဝန်းအကဲဖြတ်ကြပြီး တောင်သူများ မှတ်မိလွယ်သော မျိုးအမည်များ သတ်မှတ်ပေးနိုင်ရေး အကြံပြုကြသည်။

ထို့နောက် လေ့လာရေးတောင်သူအဖွဲ့သည် စိုက်ပျိုးရေးသုတေသနဦးစီးဌာန၏ (၅၂) ကြိမ်မြောက် တောင်သူနည်းပညာဆွေးနွေးပွဲသို့ တက်ရောက်ကြပြီး စိုက်ပျိုးရေးသုတေသနဦးစီးဌာန မျိုးစေ့ဘဏ်အတွင်း အအေးခန်းများ၌ မျိုးစေ့များ နှစ်တို၊ နှစ်ရှည်သိုလှောင်ထားရှိမှုများ၊ နိုင်ငံတစ်ဝန်းမှ စုဆောင်းထားရှိသည့် စပါးနှင့် ပဲမျိုးစုံတို့အား သရုပ်ပြသထားရှိမှုတို့ကို ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ထိန်းသိမ်းထားသော ရေလှောင်တမံနှင့် ရေထိန်းတမံများ ကြံ့ခိုင်မှုကောင်းမွန်လျက်ရှိပြီး စိုးရိမ်ရန်မရှိ

**နေပြည်တော် အောက်တိုဘာ ၂၆**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် ထိန်းသိမ်းထားသော ရေလှောင်တမံနှင့် ရေထိန်းတမံစုစုပေါင်း ၁၂ ခုရှိရာ အောက်တိုဘာ ၂၆ ရက်၌ ပေါင်းလောင်းရေလှောင်တမံတွင် HED ရေတံခါး ၂၀ ချပ်ထောင်ထားသဖြင့် ရေပိုလွှဲမှ ရေကျော်စီးဆင်းမှု မရှိတော့ဘဲ ရေပိုမိုသိုလှောင်ထားသည်။

အဆိုပါ ရေလှောင်တမံများ၏ ကြံ့ခိုင်မှုအခြေအနေမှာ ကောင်းမွန်လျက်ရှိပြီး တာဝန်ကျဝန်ထမ်းများကို ၂၄ နာရီ ရေကင်းတာဝန်ချထား၍ အနီးကပ်စောင့်ကြပ်စစ်ဆေးလျက်ရှိပြီး စိုးရိမ်ရန်မရှိကြောင်း သိရသည်။

**သတင်းစဉ်**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်

ရက်စွဲ ၂၆-၁၀-၂၀၂၄
(၆:၀၀)နာရီ

ပြည်ထောင်စုနယ်မြေ နေပြည်တော်

**အကြောင်းအရာ ။** ။ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်လက်အောက်ရှိ ရေလှောင်တမံများ၏ ရေမှတ်များပေးပို့ခြင်း။

| စဉ် | ရေလှောင်တမံအမည် | ကန်ရေပြည့် | | ကန်ရေသေ | | (၂၆.၁၀.၂၀၂၄)နေ့ရှိ | | | ယနေ့ ထုတ်လွှတ်သည့် ရေပမာဏ (ဧကပေ) | ကန်ရေပြည့်ရန် လိုအပ်သည့် | | ကန်ရေပြည့်ပြီး | | မိုးရေချိန် (လက်မ) | ယခင်နေ့ ရေမှတ် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ရေမှတ် (ပေ) | သိုလှောင်ရေ ပမာဏ (ဧကပေ) | ရေမှတ် (ပေ) | သိုလှောင်ရေ ပမာဏ (ဧကပေ) | ဝင်ရေ (ဧကပေ) | ရေမှတ် (ပေ) | သိုလှောင် ပမာဏ (ဧကပေ) | | ရေအနက် (ပေ) | သိုလှောင် ပမာဏ (ဧကပေ) | အမြင့် (ပေ) | ပိုလျှံရေ ပမာဏ (ဧကပေ) | | |
| ၁ | ပေါင်းလောင်းတမံ | ၆၂၃.၃၉ | ၅၄၉၄၂၀ | ၅၄၁.၃၆ | ၂၇၃၆၆၀ | ၁၇၀၆၉ | ၆၂၅.၁၂ | ၅၅၆၈၅၃ | ၁၈၅၆၃ (လျှပ်စစ်ထုတ်ရေ) | - | - | - | - | - | ၆၂၅.၄၈ |
| ၂ | မဒန်းတမံ | ၆၃၅.၀၀ | ၃၆၅၀၀ | ၅၉၀.၀၀ | ၅၂၀၀ | ၁၃ | ၆၂၇.၆၅ | ၂၈၇၆၁ | - | ၇.၃၅ | ၇၇၃၉ | - | - | - | ၆၂၇.၆၅ |
| ၃ | ချောင်းမငယ်တမံ | ၅၂၀.၀၀ | ၉၁၇၇၀ | ၄၈၀.၀၀ | ၁၅၃၀၀ | ၄၀ | ၅၁၉.၁၀ | ၈၉၃၁၃ | - | ၀.၉၀ | ၂၄၅၇ | - | - | - | ၅၁၉.၁၀ |
| ၄ | ဖောင်းလောင်တမံ | ၅၁၂.၀၀ | ၁၂၂၅၇ | ၄၉၀.၅၀ | ၂၅၄၀ | ၉ | ၅၀၉.၇၀ | ၁၀၅၅၆ | ၁ | ၂.၃၀ | ၁၇၀၁ | - | - | - | ၅၀၉.၇၀ |
| ၅ | ရေဆင်းတမံ | ၄၃၉.၀၀ | ၇၃၀၀၀ | ၃၆၈.၄၀ | ၁၀၄၀ | ၃၁၆ | ၄၃၇.၇၉ | ၆၉၃၇၀ | ၂၈၄ | ၁.၂၁ | ၃၆၃၀ | - | - | - | ၄၃၇.၇၉ |
| ၆ | ငလိုက်တမံ | ၅၃၅.၀၀ | ၇၅၀၀၀ | ၅၀၆.၀၀ | ၁၂၉၅၀ | ၃၄ | ၅၃၄.၉၅ | ၇၄၇၉၉ | - | ၀.၀၅ | ၂၀၁ | - | - | - | ၅၃၄.၉၅ |
| ၇ | သဲဖြူတမံ | ၄၁၈.၀၀ | ၈၇၁၈ | ၃၉၀.၀၀ | ၆၈၇ | ၁ | ၄၁၅.၇၇ | ၇၄၅၉ | ၁၁ | ၂.၂၃ | ၁၂၅၉ | - | - | - | ၄၁၅.၈၁ |
| ၈ | ဆင်သေတမံ | ၇၁၀.၀၀ | ၁၄၃၀၉၀ | ၆၇၄.၀၀ | ၁၇၃၀၃ | ၄၉ | ၇၀၃.၇၂ | ၁၀၈၆၃၂ | ၂ | ၆.၂၈ | ၃၄၄၅၈ | - | - | - | ၇၀၃.၇၂ |
| ၉ | ကင်းသာရေထိန်းတမံ | ၅၅၈.၅၀ | ၇၂ | ၅၄၅.၀၀ | ၈ | | | | | ရေတိုက်စား | | | | - | |
| ၁၀ | မုန်ရေထိန်းတမံ | ၆၀၂.၀၀ | ၅၀၀ | ၅၉၂.၀၀ | ၂၂၅ | ၁၁၃ | ၆၀၁.၉၀ | ၄၉၅ | ၆၁ | ၀.၁၀ | ၅ | - | - | ၀.၃၀ | ၆၀၁.၉၀ |
| ၁၁ | မြို့လှတမံ | ၈၇၀.၀၀ | ၁၄၆၀၀ | ၈၅၀.၀၀ | ၄၅၂၀ | ၃၇ | ၈၆၃.၄၅ | ၁၀၁၁၅ | ၂၈ | ၆.၅၅ | ၄၄၈၅ | - | - | - | ၈၆၃.၄၅ |
| ၁၂ | တောက်ပြိုတမံ | ၆၇၉.၀၀ | ၂၄၉၁ | ၆၅၉.၀၀ | ၄၇၅ | ၂ | ၆၇၄.၀၀ | ၁၈၃၈ | ၁ | ၅.၀၀ | ၆၅၃ | - | - | - | ၆၇၄.၀၀ |

မှတ်ချက် - ပေါင်းလောင်းတမံတွင် HED ရေတံခါးရွက် (၂၀) ချပ်ထောင်ထားပါသည်။

# ပန်းတိုင်ချမှတ်ခြင်းနှင့် အောင်မြင်မှုဆီသို့ ခြေလှမ်းများ

မောင်မောင်လင်း

ရည်မှန်းချက်ပန်းတိုင် (Goal) ဆိုတာက လူတစ်ယောက်အတွက်သာမက အသင်းအဖွဲ့အစည်းတွေအတွက်လည်း အလွန်အရေးပါပါတယ်။ အဆောက်အအုံအသစ်တစ်ခု မဆောက်လုပ်မီ ဗိသုကာဆရာတစ်ဦးဟာ Blueprint ကြိုတင်ရေးဆွဲပြီး အဲဒီအတိုင်း အတိအကျ တည်ဆောက်ရသလိုမျိုးပဲ လူတစ်ဦးတစ်ယောက်ရဲ့ ဘဝအိပ်မက်နဲ့ မျှော်လင့်ချက်တွေအတွက် ပန်းတိုင်တွေချမှတ်ပြီး တစ်ဆင့်ချင်းအကောင်အထည်ဖော်ရတာမျိုး ဖြစ်ပါတယ်။ ဒါ့အပြင် အပြေးပြိုင်ပွဲတစ်ခုမှာ အဆုံးသတ်ပန်းဝင်ရမယ့်နေရာဖြစ်တာကြောင့် ရည်မှန်းချက်ပန်းတိုင်တွေကပဲ ကျွန်တော်တို့တွေကို ရှေ့ဆက်လျှောက်လှမ်းဖို့နဲ့ ပေါက်မြောက်သည်အထိ မရောက်ရောက်အောင်သွားဖို့ တွန်းအားပေးနေမှာ ဖြစ်ပါတယ်။

### ရည်မှန်းချက်ပန်းတိုင်ဆိုရာဝယ်

လူသားတွေအတွက် ရည်မှန်းချက်ပန်းတိုင်ဆိုတာ မရှိမဖြစ် လိုအပ်တဲ့အရာပဲဖြစ်ပါတယ်။ ခရီးသွားတစ်ဦးအတွက် လမ်းကြောင်းခရီးစဉ်အသေးစိတ်နဲ့ လေသူရဲတစ်ဦးအတွက် ပျံသန်းမှုအစီအစဉ်ဆိုတာတွေကို ကြိုတင်စီစဉ်ထားရှိမှသာ အချိန်၊ ငွေကြေးနဲ့ လုပ်အားတွေကို အကျိုးရှိရှိ ထိထိရောက်ရောက် အသုံးချပြီး သွားရောက်လိုတဲ့နေရာကို အဆင်ပြေပြေ ချောချောမွေ့မွေ့ရောက်ရှိနိုင်မှာဖြစ်ပါတယ်။ မဟုတ်လို့ကတော့ စမ်းတဝါးဝါးနဲ့ လမ်းပျောက်ကာ အခန့်မသင့်ရင် အန္တရာယ်ဆိုးတွေနဲ့တောင် ကြုံတွေ့သွားနိုင်တာကြောင့် ဘဝကို ရည်မှန်းချက်ပန်းတိုင်မရှိဘဲ ဖြတ်သန်းနေကြတဲ့ ပုဂ္ဂိုလ်တွေအတွက် ဂရုပြုဆင်ခြင်စရာဖြစ်ပါတယ်။

ရည်မှန်းချက်ပန်းတိုင်ချမှတ်ခြင်း (Goal Setting) ဆိုတာကတော့ မိမိရရှိလိုတဲ့ ရလဒ်ရဖို့အတွက် ခိုင်မာသောယုံကြည်ချက်၊ တက်ကြွသောခြေလှမ်းတွေနဲ့ ဘယ်လိုအဟန့်အတားပဲရှိရှိ နောက်မတွန့်ဘဲ အရောက်လှမ်းခြင်းပင်ဖြစ်ပါတယ်။ လူတစ်ဦးက မိမိဖြစ်ချင်တဲ့ ရည်မှန်းချက်ပန်းတိုင်ချမှတ်ပြီး ကြိုးစားဆောင်ရွက်ရသလိုမျိုး လုပ်ငန်းခွင်/ ကုမ္ပဏီတစ်ခုမှာလည်း တစ်ဦးချင်း/ အစုအဖွဲ့အလိုက် ပန်းတိုင်တွေချမှတ်ပြီး စုပေါင်းလုပ်ဆောင်ကြရပါတယ်။ ရည်မှန်းချက်ပန်းတိုင်ချမှတ်ခြင်း လုပ်ငန်းစဉ်မှာ (၁) လိုလားတဲ့ ရလဒ်တွေကို သတ်မှတ်ခြင်း၊ (၂) အဲဒီရလဒ်တွေရရှိဖို့အတွက် လမ်းစဉ်ဖန်တီးဆောင်ရွက်ခြင်း၊ (၃) အဓိကဦးတည်ချက်ကို ထိန်းသိမ်းခြင်း၊ (၄) တက်ကြွစိတ်ဖြစ်ပေါ်အောင် လှုံ့ဆော်ခြင်း၊ (၅) ကြိုးပမ်းမှုအသီးအပွင့်ထွက်ပေါ်မှုရှိခြင်းတို့ ပါဝင်ပါတယ်။ ဒီအချက်တွေက တစ်ဦးချင်း/ ဌာန/ အဖွဲ့အစည်းအလိုက် ပန်းတိုင်တွေဆီကို အရောက်လှမ်းနိုင်ဖို့ စေ့ဆော်ညွှန်ပြပေးနိုင်မှာဖြစ်ပါတယ်။

ရည်မှန်းချက်ပန်းတိုင်ရှိနေရင် “ငါ ဒါဖြစ်ချင်တယ်၊ ငါ ဒါကိုလုပ်ကိုလုပ်ရမယ်”ဆိုတဲ့ လုပ်ချင်ကိုင်ချင်စိတ် (Motivation) တွေ ဖြစ်လာပါလိမ့်မယ်။ တိုးတက်မှုအပေါ် စွဲလမ်းစိတ်လည်း စတင်ဖြစ်ပေါ်လာတတ်ပါတယ်။ ပန်းတိုင်တိုင်းရဲ့အဆုံးသတ်မှာ ကိုယ်လိုချင်နေတဲ့၊ တစ်နည်းပြောရရင် ကိုယ်တပ်မက်နေတဲ့အရာရှိနေတာကြောင့် ကိုယ့်စိတ်ကို ပိုပြီးနိုးကြားစေပါတယ်။ ကိုယ့်မှာရည်မှန်းချက်ပန်းတိုင်ရှိနေပြီဆိုရင် ပန်းတိုင်ကိုရောက်ရှိဖို့ အချိန်နဲ့အမျှ တစိုက်မတ်မတ် ကြိုးစားအားထုတ်နေမှာဖြစ်တဲ့အတွက် နေ့ရက်တွေက ပိုပြီးသက်ဝင်နေပါလိမ့်မယ်။ ဒါကြောင့် လူတစ်ယောက်ဟာ ရည်မှန်းချက်ပန်းတိုင်ရှိမယ်ဆိုရင် ဘဝဟာ ပုံမှန်ဖြတ်သန်းနေရာကနေ ယုံကြည်မျှော်လင့်ထားရှိမှုတွေ ပါဝင်လာပြီး စွမ်းအင်အပြည့်နဲ့ တစိုက်မတ်မတ် ဖြတ်သန်းချင်စိတ် ရှိလာမှာဖြစ်ပါတယ်။

### The Flow Model ဆိုရာဝယ်

ဒီနေရာမှာ ဘယ်လိုပန်းတိုင်မျိုးကို ရွေးချယ်ချမှတ်ရမလဲဆိုတာက အရေးကြီးပါတယ်။ ဘဝခရီးတစ်လျှောက်မှာ အကောင်းတကာ့အကောင်းဆုံးဖြစ်လိုတာက လူတိုင်းရဲ့ဆန္ဒဖြစ်ပေမယ့် ဘဝနဲ့ဆန္ဒထပ်တူကျဖို့က ပိုပြီးအရေးကြီးပါတယ်။ မဟုတ်ရင် ဘဝမှာ အရေးအကြီးဆုံးဖြစ်တဲ့ မိမိကိုယ်တိုင်ရဲ့ ပျော်ရွှင်မှုဟာ ပျောက်ဆုံးနေမှာဖြစ်ပါတယ်။ လွန်ခဲ့တဲ့ နှစ်ပေါင်း နှစ်ထောင်ကျော်လောက်ကတည်းက အရစ္စတိုတယ်တွေ့ရှိထားတာက လူတွေအတွက် အလိုအပ်ဆုံးအရာဟာ ပျော်ရွှင်မှုပဲဖြစ်ပါတယ်။ ၁၉၆၁ ခုနှစ်မှာ အမေရိကန်နိုင်ငံသား စိတ်ပညာရှင်တစ်ဦးဖြစ်သူ Mihaly Csikszentmihalyi ကလည်း “ကျန်းမာမှု၊ အလှတရား၊ ပိုက်ဆံနဲ့ ဩဇာလွှမ်းမိုးမှု (Power) ဆိုတဲ့ ရည်မှန်းချက်ပန်းတိုင်တွေက ပျော်ရွှင်မှုကို ရစေနိုင်တယ်လို့သာ မျှော်လင့်နေကြတာပါ၊ ကိုယ့်ရဲ့ပျော်ရွှင်မှုကို ကိုယ်ကိုယ်တိုင်ပဲ ရှာဖွေရယူရမှာဖြစ်တယ်” ဆိုပြီး ရေးသားခဲ့ပါတယ်။

သူက တစ်ဦးတစ်ယောက်ရဲ့ ပျော်ရွှင်မှုအနေအထားကို Flow လို့ သတ်မှတ်ထားပါတယ်။ သုတေသနတွေ့ရှိချက်အရ (၁) အပြည့်အဝ စိတ်နှစ်ပြီး လုပ်ရတာ၊ (၂) ကိုယ်တိုင် ရွေးချယ်ထားတာ၊ (၃) စိန်ခေါ်မှု မနည်းလွန်း/ မများလွန်းတာ၊ (၄) ရှင်းလင်းတိကျတဲ့ရည်မှန်းချက်ရှိတာ၊ (၅) ရလဒ်အပေါ် ချက်ချင်းတုံ့ပြန်မှုရှိတာ စတဲ့ အချက်ငါးချက်နဲ့ ပြည့်စုံနေချိန်မျိုးမှာ ပျော်ရွှင်မှုရရှိမယ်လို့ဆိုပါတယ်။ လူတွေဟာ အဲဒီလိုအခြေအနေမျိုးမှာများ လုပ်နေခဲ့ရရင် ပျော်ရွှင်ကျေနပ်နေရုံသာမက ထမင်းမေ့၊ ဟင်းမေ့ဖြစ်ပြီး လောကကြီးနဲ့ပါ အဆက်ပြတ်သလို ဖြစ်နေတတ်တယ်ဆိုတာကိုလည်း သူကဖော်ထုတ်တွေ့ရှိခဲ့ပါတယ်။

ရည်မှန်းချက်ပန်းတိုင်ရှိနေရင် “ငါ ဒါဖြစ်ချင်တယ်၊ ငါ ဒါကိုလုပ်ကိုလုပ်ရမယ်”ဆိုတဲ့ လုပ်ချင်ကိုင်ချင်စိတ် (Motivation) တွေ ဖြစ်လာပါလိမ့်မယ်။ တိုးတက်မှုအပေါ် စွဲလမ်းစိတ်လည်း စတင်ဖြစ်ပေါ်လာတတ်ပါတယ်။ ပန်းတိုင်တိုင်းရဲ့အဆုံးသတ်မှာ ကိုယ်လိုချင်နေတဲ့၊ တစ်နည်းပြောရရင် ကိုယ်တပ်မက်နေတဲ့အရာရှိနေတာကြောင့် ကိုယ့်စိတ်ကို ပိုပြီးနိုးကြားစေပါတယ်။ ကိုယ့်မှာ ရည်မှန်းချက်ပန်းတိုင်ရှိနေပြီဆိုရင် ပန်းတိုင်ကိုရောက်ရှိဖို့ အချိန်နဲ့အမျှ တစိုက်မတ်မတ် ကြိုးစားအားထုတ်နေမှာဖြစ်တဲ့အတွက် နေ့ရက်တွေက ပိုပြီးသက်ဝင်နေပါလိမ့်မယ်။ ဒါကြောင့် လူတစ်ယောက်ဟာ ရည်မှန်းချက် ပန်းတိုင်ရှိမယ်ဆိုရင် ဘဝဟာ ပုံမှန်ဖြတ်သန်းနေရာကနေ ယုံကြည်မျှော်လင့်ထားရှိမှုတွေ ပါဝင်လာပြီး စွမ်းအင်အပြည့်နဲ့ တစိုက်မတ်မတ် ဖြတ်သန်းချင်စိတ်ရှိလာမှာဖြစ်

### The Making-of Model ဆိုရာဝယ်

ရည်မှန်းချက်တို့၊ ပန်းတိုင်တို့ဆိုတာက အနာဂတ်အတွက် စဉ်းစားဆုံးဖြတ်ရတာမျိုးဖြစ်ပြီး ကိုယ့်ရဲ့အိပ်မက်တွေ လက်တွေ့ဖြစ်ပေါ်စေဖို့ မျှော်လင့်ချက်နဲ့ လုပ်ဆောင်နေရတဲ့ အနာဂတ်ဆိုင်ရာလုပ်ငန်းစဉ် ဖြစ်ပါတယ်။ ဒါပေမဲ့ ကိုယ့်ရဲ့အတိတ်မှာ ဖြစ်ပေါ်ခဲ့တဲ့ အကြောင်းအရာတွေကို မေ့ထားလိုက်လို့တော့ မရပါဘူး။ အတိတ်ကာလကို အသေအချာ နားလည်သဘောပေါက်ထားရမှာဖြစ်သလို အဲဒါကိုအခြေတည်ပြီးမှ အနာဂတ်ကို ဖန်တီးတည်ဆောက်ရမှာပဲ ဖြစ်ပါတယ်။ ဒါကြောင့် အရေးကြီးတဲ့မေးခွန်းက ကိုယ့်ရဲ့အနာဂတ်ကို ဘယ်လိုစိတ်ကူးပုံဖော်မလဲဆိုတာ မဟုတ်ဘဲ အနာဂတ်မှာ ဖြစ်ချင်တာနဲ့ အတိတ်ကဖြစ်ခဲ့တာရဲ့ အကြားကို ဘယ်လို ပေါင်းကူးမှုပြုလုပ်ပေးရမလဲ ဆိုတာမျိုးပဲဖြစ်ပါတယ်။

ဒီမိုဒယ်ကို ဖော်ထုတ်ခဲ့တဲ့ The Grove ဆိုတဲ့ အကြံပေးအဖွဲ့က အတိတ်မှာဖြစ်ပေါ်ခဲ့တဲ့ အကြောင်းခြင်းရာတွေအနက်က မေ့ထားပစ်လို့ရတာတွေကို မေ့လိုက်ဖို့နဲ့ သက်ဆိုင်မှုရှိနေတာတွေကိုသာ အနာဂတ်ကို သယ်ဆောင်ယူနိုင်ရမယ်လို့ ဆိုပါတယ်။ ဒီလိုလုပ်ဆောင်တဲ့အခါမှာလည်း အဲဒီကာလတုန်းက ပန်းတိုင်၊ သင်ယူလေ့လာနိုင်ခဲ့မှု၊ ကျော်လွှားနိုင်ခဲ့တဲ့ အဟန့်အတား၊ အတားအဆီး၊ ရရှိခဲ့တဲ့အောင်မြင်မှုနဲ့ ပါဝင်ပတ်သက်ခဲ့သူတွေ စတဲ့ အချက်တွေကို ထည့်သွင်းလိုက်မယ်ဆိုရင် အနာဂတ်အတွက် အထောက်အပံ့ဖြစ်စေနိုင်မယ့် အတိတ်က အရေးကြီးတဲ့အပိုင်းတွေကို ဖော်ထုတ်နိုင်မယ်လို့ ဆိုပါတယ်။

### The Crossroad Model ဆိုရာဝယ်

ဘဝမှာ လမ်းဆုံလမ်းခွတစ်ခုကို ရောက်နေသလိုမျိုးဖြစ်နေပြီး ဘယ်လမ်းကိုသွားရင် ကောင်းမလဲ ဆုံးဖြတ်ရမယ့်အချိန်မှာ အသုံးတည့်တဲ့ မိုဒယ်ပဲဖြစ်ပါတယ်။ အဲဒီလိုအခြေအနေ၊ အချိန်မျိုးနဲ့ တွေ့ကြုံလာခဲ့ရရင်တော့ (၁) ကိုယ်ဘယ်က စတင်ခဲ့တာလဲ၊ (၂) ကိုယ့်အတွက် တကယ့်အရေးကြီးတဲ့အရာတွေက ဘာတွေလဲ၊ (၃) ကိုယ့်အတွက်အရေးကြီးတဲ့သူတွေက ဘယ်သူလဲ၊ (၄) အဟန့်အတားဖြစ်နေတဲ့အရာတွေက ဘာတွေလဲ၊ (၅) စိုးရွံ့မိနေတာကဘာလဲဆိုတဲ့ မေးခွန်းလေးတွေကို ကိုယ့်ကိုယ်ကို ပြန်ပြီးမေးကြည့်ရမှာ ဖြစ်ပါတယ်။

ပြီးရင်တော့ ကိုယ့်ရဲ့ဖော်ထုတ်ထားရှိချက်တွေထဲမှာ ဘာတွေကျန်သေးလဲ၊ ဘာတွေဖြစ်လာနိုင်သေးလဲစတာတွေကို ပြန်စစ်ကြည့်ပြီး ဒီနေ့အထိ ကိုယ်ဟာ ဘယ်လိုလူစားလဲဆိုတာကို ဖော်ထုတ်နိုင်ရမှာ ဖြစ်ပါတယ်။ လိုအပ်ရင် ကိုယ့်ဘာသာ မေးခွန်းတွေထပ်မေး၊ အဖြေရတာတွေကို ထပ်ဖြည့်စတာမျိုး လုပ်ဆောင်ရပါမယ်။ အားလုံးပြီးပြီဆိုရင်တော့ အောက်မှာဖော်ပြပေးထားတဲ့ ပန်းတိုင်လမ်းကြောင်း ခြောက်ခုထဲမှ အနာဂတ်မှာ သွားရမယ့် လမ်းကြောင်းက ဘာဖြစ်နိုင်လဲဆိုတာကို စိတ်ကူးပုံဖော်ကြည့်ပြီး ဘယ်လမ်းကြောင်းကို ရွေးချယ်မယ်ဆိုတာ ဆုံးဖြတ်ရမှာဖြစ်ပါတယ်–

(က) မိမိဖြတ်သန်းလာခဲ့ပြီးဖြစ်တဲ့ လမ်းကြောင်း၊
(ခ) ပန်းတိုင်အတွက် မီးပြတိုက်သဖွယ်ဖြစ်မယ့် လမ်းကြောင်း၊
(ဂ) ဖြစ်နိုင်တာ၊ မဖြစ်နိုင်တာအပထား ကိုယ်စိတ်ကူးယဉ်ရူးသွပ်လာတဲ့ အနာဂတ်အိပ်မက်သဖွယ်ဖြစ်နေတဲ့ လမ်းကြောင်း၊
(ဃ) ရွေးချယ်ဖို့ အသင့်ဆုံးဖြစ်မယ့်လမ်းကြောင်း တစ်နည်းအားဖြင့် ကိုယ်တန်ဖိုးထားလေးစားရသူတွေရဲ့ သဘောထားနဲ့လည်း ကိုက်ညီမှုရှိတဲ့ လမ်းကြောင်း၊
(င) မသွားသင့်တဲ့လမ်းကြောင်း ဆိုလိုတာကတော့ တစ်ခါမှတောင် မစဉ်းစားမိဘူးတဲ့ လမ်းကြောင်း၊
(စ) ဘေးကင်းလုံခြုံမှုရှိတဲ့နေရာလို့ ကိုယ်ခံစားမိတဲ့နေရာသို့ ပြန်လည်ပို့ဆောင်ပေးမယ့် လမ်းကြောင်း စတာတွေပဲဖြစ်ပါတယ်။

### The John Whitmore Model ဆိုရာဝယ်

ဒီလိုအဘက်ဘက်က စဉ်းစားဆုံးဖြတ်ပြီးပြီဆိုရင်တော့ ဘယ်လမ်းကို ရွေးချယ်မလဲဆိုတာ ဆုံးဖြတ်ရတော့မှာ ဖြစ်ပါတယ်။ John Whitmore ဆိုတဲ့ ပညာရှင်တစ်ဦးက Goal Setting လို့ခေါ်တဲ့ ရည်မှန်းချက်ပန်းတိုင်ချမှတ်ရာမှာ လက်တွေ့ကျမှု (Reality)၊ ရွေးချယ်နိုင်မှု (Options) လည်းရှိပြီး လုပ်ဆောင်လိုတဲ့ဆန္ဒ (Will) ရှိရမယ်ဆိုတဲ့ GROW Model ကို ဖော်ထုတ်ခဲ့ပါတယ်။ သူ့ရဲ့ပုံစံဟာ အလွန်ခေတ်စားခဲ့သလို လုပ်ဖော်ကိုင်ဖက်တစ်ဦးဖြစ်တဲ့ Peggy Klaus ကလည်း “SMART Goals: How to Make Your Dreams a Reality” စာအုပ်ကို ရေးသားပြုစုခဲ့ပါတယ်။ ကိုယ့်ရဲ့ရည်မှန်းချက်အတိုင်း လက်တွေ့ဖြစ်လာစေဖို့ဆိုရင် မိမိရဲ့ပန်းတိုင်ဟာ SMART ဆိုတဲ့အချက်တွေနဲ့ ကိုက်ညီဖို့လိုအပ်တယ်လို့ ဆိုလိုတာဖြစ်ပါတယ်။

ဒီလိုပဲ မိမိရဲ့ရည်မှန်းချက်ပန်းတိုင်ကို ချမှတ်တဲ့အခါ နောက်ဆုံးအဆုံးသတ် ရည်မှန်းချက်ပန်းတိုင်နဲ့ စွမ်းဆောင်နိုင်မှုပန်းတိုင်ဆိုတဲ့ ကြားကာလပန်းတိုင်လေးတွေ (Performance Goals) ကို ခွဲခြားထားသင့်တယ်လို့လည်း John Whitmore က ဖော်ထုတ်ခဲ့ပါသေးတယ်။ ဥပမာအားဖြင့် မာရသွန်ပြေးပွဲ ဝင်ပြိုင်မယ်ဆိုတဲ့ အဆုံးသတ်ပန်းတိုင် ချမှတ်ထားသူတစ်ယောက်အနေနဲ့ ဒါကိုပေါက်မြောက်နိုင်ရေးမှာ အထောက်အကူပြုတဲ့ မနက်ခင်းတိုင်း အနည်းဆုံးမိနစ် ၃၀ လောက်တော့ ပုံမှန်လေးရှရှပြေးနေရမယ်ဆိုတဲ့ လုပ်ဆောင်နိုင်စွမ်း စိတ်ပိုင်းဖြတ်ထားမှုမျိုးရှိရမှာ ဖြစ်ပါတယ်။

အားလုံးကို ခြုံငုံပြီးပြောရရင်တော့ အဲဒီမိုဒယ်အရ မိမိရဲ့ပန်းတိုင်ကိုချရေးကြည့်ပြီး ဆန်းစစ်လိုက်တဲ့အခါမှာ သူနဲ့ဆက်နွှယ်ပတ်သက်မှုရှိနေသော SMART, PURE and CLEAR ဆိုတဲ့ လိုက်နာရမယ့် အောက်ဖော်ပြပါအချက်တွေနဲ့ ကိုက်ညီဖို့ လိုအပ်နေပါတယ်။ ဒါတွေကတော့–

(က) တိကျရမယ် (Specific)၊
(ခ) တိုင်းတာနိုင်ရမယ် (Measurable)၊
(ဂ) ရယူနိုင်ရမယ် (Attainable)၊
(ဃ) လက်တွေ့ကျရမယ် (Realistic)၊
(င) အချိန်သတ်မှတ်ချက်ရှိရမယ် (Time Phased)၊
(စ) မှန်ကန်တဲ့ပန်းတိုင် (Right Goal) ဖြစ်ဖို့ဆိုရင် အောက်မှာဖော်ပြထားတဲ့ အချက်လေးချက်နဲ့ ကိုက်ညီမှုရှိရပါမယ်–
  (၁) အပြုသဘောဆောင်ရမယ် (Positively Stated)၊
  (၂) နားလည်သဘောပေါက်ရမယ် (Under-stood)၊
  (၃) ဆီလျော်မှုရှိရမယ် (Relevant)၊
  (၄) စောင့်ထိန်းလိုက်နာအပ်တဲ့ ကျင့်ဝတ်နဲ့ ညီညွတ်ရမယ် (Ethical)၊
(ဆ) စိန်ခေါ်မှုရှိရမယ် (Challenging)၊

စာမျက်နှာ ၁၉ သို့ ❍

# ဇီးကုန်းမြို့နယ် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ကျင်းပ

**ဇီးကုန်း အောက်တိုဘာ ၂၆**

ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ် "စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်" အခမ်းအနားကို ယနေ့နံနက် ၉ နာရီက အထက (ဇီးကုန်း) ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။



ဦးစွာ "စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်" မှန်ဦးဖွင့်ပွဲ အခမ်းအနားကို ပဲခူးတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးမျိုးအောင်၊ တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးစိုးပိုင်၊ ပဲခူးတိုင်းဒေသကြီး (အနောက်)တိုင်းပညာရေးမှူးရုံး (ပြည်မြို့)ရုံးခွဲမှ ညွှန်ကြားရေးမှူး ဦးတင်ယု၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ဝင်းလှိုင်၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မောင်မောင်အောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေး၍ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးခဲ့ကြသည်။

အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးမျိုးအောင်က စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်များ ကျင်းပရခြင်း ရည်ရွယ်ချက်များကို ပြောကြားသည်။

ထို့နောက် လူမှုရေးရာဝန်ကြီး၊ တိုင်း/ခရိုင်အဆင့်တာဝန်ရှိသူများက ကျောင်းသား ကျောင်းသူများ၏ ဘက်စုံပညာနှင့်ပတ်သက်သည့် ပြိုင်ပွဲဝင်နေမှုများ၊ ဂိမ်းကစားမှုအပြင် စိတ်ဝင်စားဖွယ်ရာ ကလေးစာဖတ်ခန်း၊ နံရံကပ်စာစောင်၊ ဓာတ်ပုံ၊ စာအုပ်ပြခန်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် မီးသတ်တပ်ဖွဲ့တို့၏ ပြခန်းများ၊ သင်ထောက်ကူပြခန်း၊ ပန်းချီပြခန်းနှင့် စာအုပ်ဈေးရောင်းဆိုင်များ၊ စတုဒိသာကျွေးမွေးခြင်းတို့ကို လှည့်လည်ကြည့်ရှုအားပေးသည်။

အဆိုပါပွဲတော်ကို မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းပေါင်း ၁၀၄ ကျောင်းနှင့် ကိုယ်ပိုင်ကျောင်းများက စုစုပေါင်းဆရာ ဆရာမနှင့် ကျောင်းသား ကျောင်းသူ အင်အား ၂၀၀၀ ခန့် ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# စဉ့်ကိုင်မြို့နယ် စာဖတ်ရှိန်မြှင့်တင်ရေး နယ်လှည့် ဟောပြောပွဲနှင့် ပြပွဲ/ပြိုင်ပွဲများ ကျင်းပ

**စဉ့်ကိုင် အောက်တိုဘာ ၂၆**

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အမက (သင်္ဂတုံ)တို့ ပူးပေါင်း၍ သင်္ဂတုံကျေးရွာ "ဘဝအလင်းသစ်"စာကြည့်တိုက်၌ အောက်တိုဘာ ၂၄ ရက် နံနက် ၉ နာရီက စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုအဖြစ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အန္တရာယ်ကင်းရှင်းရေးအသိပညာပေး ဟောပြောပွဲ၊ ကဗျာရွတ်ပြိုင်ပွဲနှင့် နံရံကပ်စာစောင်ပြသခြင်းများ ပြုလုပ်သည်။

ဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ဝင်းဝင်းသန်းက အဖွင့်အမှာစကားပြောကြားပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအန္တရာယ် ကင်းရှင်းရေးနှင့် ပတ်သက်သည့် ရှောင်ရန်၊ ဆောင်ရန်နည်းလမ်းများကို အသိပညာပေး ဟောပြောခဲ့သည်။ ဆက်လက်၍ အမက (သင်္ဂတုံ)မှ ပြိုင်ပွဲဝင်ကျောင်းသား ကျောင်းသူ ၂၀ တို့က ကဗျာရွတ်ပြိုင်ပွဲတွင် မိမိတို့နှစ်သက်ရာ ခေါင်းစဉ်ဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ပြသထားသော အသိပညာပေး နံရံကပ်စာစောင်များကို လေ့လာကြည့်ရှုခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# အွန်လိုင်းမှတစ်ဆင့် တွေ့သည့်စာအုပ်များကို လူငယ်များဝယ်ယူဖတ်ရှုသည့်ခလေ့ ထွန်းကားလာ

**ရန်ကုန် အောက်တိုဘာ ၂၆**

အွန်လိုင်းမှတစ်ဆင့် တွေ့သည့် စာအုပ်များကို လူငယ်များ ဝယ်ယူဖတ်ရှုသည့်ခလေ့ ထွန်းကားလာကြောင်း စာအုပ်ရောင်းဝယ်ရေး ဈေးကွက်အတွင်း မေးမြန်းထားချက်အရ သိရသည်။

လက်ရှိ စာဖတ်နှုန်း တိုးလာသည့် လူငယ်များအကြားတွင် နောက်ပိုင်းထွက်ရှိလာသော စာအုပ်များကို ဝယ်ယူဖတ်ရှုသူများလာကြောင်းလည်း သိရသည်။



"အခုနောက်ပိုင်း လူငယ်တွေကတော့ စိတ်ဝင်စားတာတွေ့ရတယ်။ နောက်ပိုင်းပေါ်တဲ့ စာအုပ်အသစ်လေးတွေပေါ့။ ပြီးတော့ကလေးတွေက သိန်းဖေမြင့်တို့ ၊ ဘာတို့တောင်သူတို့က မသိတော့ဘူး။ ရှေ့ကလူတွေပဲသိကြတယ်။ ကျန်တဲ့လူတွေ မသိကြတော့ဘူး။ နာမည်ကြီးတဲ့ပုဂ္ဂိုလ်တော်တော်များများကို မသိကြတော့ဘူး၊ မြသန်းတင့်သိမယ်၊ ဂျူးသိမယ်၊ တက္ကသိုလ်ဘုန်းနိုင်ကိုသိမယ်၊ ကျန်တဲ့ရှေ့ကလူတော်တော်များများကို မသိကြတော့ဘူး၊ နောက်ကပေါ်လာတဲ့ဟာမျိုးကိုသူတို့က လိုက်ရှာပြီးဖတ်ကြတယ်။ ဖတ်တဲ့သူတွေတော့ ပုံမှန်လာပြီး ရှာဖွေဖတ်ကြတယ်။ ဖေ့ဘွတ်ခ်မှာ နာမည်တစ်လုံးတက်လိုက်ပြီဆိုတာနဲ့ ဒီမှာလာရှာကြတယ်။ စာအုပ်ကုန်သွားလောက်အောင်ကို လာရှာကြတယ်" ဟု ကျောက်တံတားမြို့နယ်ရှိ စိုးပိုင်စာပေမှ ဆိုင်ရှင်ကပြောသည်။

ယမန်နှစ်ကပြုလုပ်ခဲ့သည့် စာအုပ်ဈေးရောင်းပွဲတော်တစ်ခုကို တွေ့ရစဉ်။

**စာအုပ်အသစ်များ ဈေးကောင်း**

ထို့အပြင် စာအုပ်ဈေးကွက်၌ စာအုပ်အဟောင်းဈေးနှုန်းများစွာ မတက်သော်လည်းစာအုပ်အသစ်များဈေးကောင်းနေကြောင်းလည်း သိရသည်။ "စာအုပ်အဟောင်းဈေးကွက်မှာတော့ သိပ်အများကြီးတက်လို့မရပေမယ့် အသစ်ဈေးကွက်မှာတော့ တော်တော်တက်တယ်။ စာမျက်နှာ တစ်ရာကျော်လောက်ရှိတဲ့ စာအုပ်ဆိုအသစ်ဈေးကွက်မှာ တစ်အုပ်တစ်သောင်းလောက်ထိကို တင်ထားတယ်။ အသစ်ဈေးကွက်က ဈေးအတော်ကောင်းပေမယ့် စက္ကူဈေးနဲ့တွက်ရင် အဲဒီလောက်မကျပါဘူး။ ထုတ်လုပ်မှုဈေးတက်တယ်ဆိုပြီး တင်ထားကြတာတွေ့ရတယ်။ စာအုပ်ဈေးရောင်းပွဲတော်တွေကတော့ တချို့အကြီးကြီးတွေကတော့ ရန်ကုန်ထဲမှာ ပျောက်နေတယ်။ ဒါပေမဲ့ စာအုပ်ဈေးရောင်းပွဲ အသေးလေးတွေကို စူပါမားကက်တွေမှာတော့ သုံးလေးငါးယောက်နဲ့ လုပ်နေကြပါတယ်" ဟု ၄င်းက ပြောသည်။

**Thit Taw**

○ စာမျက်နှာ ၁၈ မှ

(ဈ) တည်ဆဲတရားဥပဒေနဲ့ညီရမယ် (Legal)၊

(ဏ) သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းထားနိုင်မှုမျိုးဖြစ်ရမယ် (Environmentally Sound)၊

(ည) အများလက်ခံနိုင်မှုမျိုးဖြစ်ရမယ် (Agreed)၊

(ဋ) မှတ်တမ်းတင် ထိန်းသိမ်းထားရမယ် (Recorded) ဆိုတာတွေပဲ ဖြစ်ပါတယ်။

ဒီနေရာမှာ နောက်ထပ်မှတ်သားထားရမယ့် အချက်အလက်အချို့ကတော့ ရယူနိုင်စွမ်းမရှိတဲ့ ရည်မှန်းချက်ပန်းတိုင်မျိုးကို မချမှတ်မိစေဖို့ လိုအပ်သလိုပဲ စိန်ခေါ်မှုမျိုးမဟုတ်သလို လွယ်လည်းလွယ်ကူလွန်းတဲ့ ရည်မှန်းချက်ပန်းတိုင်မျိုးကတော့ စိတ်အားထက်သန်မှုကို လျော့နည်းစေမှာဖြစ်ပါတယ်။ အထက်မှာဖော်ပြထားတဲ့ အချက်တွေက သင့်အတွက် သိပ်ပြီးခက်ခဲရှုပ်ထွေးလွန်းတယ်လို့ ထင်ရင်တော့လည်း "ရိုးရိုးလေးနဲ့ ရှင်းလင်းလွယ်ကူရမယ်၊ အကျိုးရှိ ထိရောက်မှုလည်းရှိရမယ် (KISS – Keep It Simple, Stupid)" ဆိုတဲ့ အခြေခံဥပဒေသကို လိုက်နာပြီး မိမိရည်မှန်းချက်ပေါက်မြောက်အောင် အကောင်အထည်ဖော်ကြည့်ဖို့လည်း တိုက်တွန်းအပ်ပါတယ်။

အထက်ပါဆွေးနွေးချက်တွေအရ ရည်မှန်းချက်ပန်းတိုင်ချမှတ်ခြင်း နည်းဗျူဟာဆိုတာ (၁) ကိုယ်ဘာဖြစ်ချင်တာလဲဆိုတဲ့အပေါ် Brainstorm လုပ်ပါ၊ (၂) ပန်းတိုင်ရောက်ဖို့ လုပ်ငန်းအဆင့်ဆင့်ကို သစ်ပင်ပုံရိပ်တစ်ခုလို မြင်ကြည့်လို့ရတဲ့ ပန်းတိုင်သစ်ပင် (Goal Tree) တည်ဆောက်ပါ၊ (၃) အကောင်းမြင်စိတ်ထားမှုနဲ့ လက်တွေ့ကျမှုမျှခြေဖြစ်တဲ့ ပန်းတိုင်မျိုးဖြစ်ပါစေ၊ (၄) မိမိချမှတ်တဲ့ပန်းတိုင်တွေကို သုံးသပ်ဝေဖန်မှုလုပ်ပြီး လိုအပ်ခဲ့ရင် ပြန်လည်ပြုပြင်ပါ၊ (၅) မိမိအရည်အချင်းအပေါ် ယုံကြည်မှုထားရှိပါ၊ (၆) မိမိရဲ့ပန်းတိုင်ကို အခြားသူများသို့ အသိပေးခြင်းမျိုးဖြင့် မိမိရဲ့တာဝန်သိတတ်စိတ်နဲ့ ဖြစ်မြောက်အောင် ကြိုးစားလိုစိတ်ကို ပိုမိုတွန်းအားဖြစ်ပါစေစတာတွေပဲ ဖြစ်ပါတယ်။

နိဂုံးချုပ်အားဖြင့် လူသားတိုင်းမှာ ကိုယ်စီရဲ့ မျှော်လင့်ချက်တွေကို အကောင်အထည်ဖော်နိုင်ဖို့ အစွမ်းအစတွေ ပိုင်ဆိုင်ကြပါတယ်။ သို့ပေမယ့်လည်း မိမိဖြစ်ချင်တဲ့ ရည်မှန်းချက်ပန်းတိုင်ကို ကိုယ်တိုင်ချမှတ်ဆောင်ရွက်ခြင်းမျိုးကသာ မိမိရဲ့စွမ်းဆောင်နိုင်မှုကို ပိုမိုမြှင့်တင်ပြီး မိမိရည်မှန်းချက် ပြည့်ဝလာအောင် ကြိုးစားဖို့အတွက် မိမိကိုယ်ကို တွန်းအားဖြစ်လာစေမှာ ဖြစ်ပါတယ်။

"ဆန္ဒ၊ ဝီရိယ၊ စိတ်တာနဲ့ ဝီမံသ"ဆိုတဲ့ "အဓိပတိတရားလေးပါး" နဲ့အညီ မိမိရဲ့ ဆန္ဒ၊ မိမိဖြစ်ချင်တဲ့ ပန်းတိုင်ကဘာလဲဆိုတဲ့ (Goal Setting) ချမှတ်ခြင်းရဲ့ အဓိကသော့ချက်ကို မပျောက်ဆုံးစေဖို့နဲ့ မိမိရဲ့ ဝီရိယဆိုတဲ့ ကြိုးစားအားထုတ်မှု အလဟဿ မဖြစ်စေဘဲ အောင်မြင်မှုရရှိဖို့အတွက် မိမိရောက်ရှိလိုတဲ့ ပန်းတိုင်ကို ဘယ်လိုမရောက်ရောက်အောင် သွားရမလဲဆိုတဲ့ နည်းလမ်း (Process) နဲ့ ဗျူဟာ (Strategies) တွေကို စနစ်တကျချမှတ်ဆောင်ရွက်ဖို့ လိုအပ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါတယ်….။ ။

■

ဝတ္ထုတို

## ဆောင်းမာန်ဝင့်အောင် (တောင်ကြီး)




(၁)

"ဟဲ့ ဟိုမှာ အေးမြင့်တို့ လင်မယား လာပြီဟေ့"

"ဟယ် တောင်ပေါ်ထင်းသွားခွေပြီး လာတာထင်တယ်"

"ဟုတ်ပ့ါ..ဟယ် ကြည့်ဦး လင်မယား နှစ်ယောက်ချွေးတွေရွှဲလို့"

"နေပူကြီးထဲ ဖိုးမောင်လေးပါခေါ်လာ တာထင်တယ်"

"ကိုမျိုးအောင်ကြီးလည်း ချွေးတွေ ရွှဲလို့တော့"

ဘုန်းကြီးကျောင်းမှာ မနက်ဖြန် ကထိန်အလှူ ရေစက်ချမို့ ရက်ကွက်ထဲ ပျိုပျို၊ အိုအို အရွယ်စုံ လုပ်အားဒါနပြုနေ ကြစဉ် ကျောင်းပေါက်ဝမှလှမ်းဝင်လာ သော ကိုမျိုးအောင်တို့ မိသားစုကို ကြည့်၍ ပြောနေခြင်းဖြစ်သည်။

ကျောင်းပေါက်ဝမှ ဆရာတော် ဘုရားကို ဦးချကန်တော့ပြီး ကျောင်းမီးဖို ချောင်သို့သွားကာ သယ်လာသော ထင်းများကို နေရာတကျစီနေကြသည်။ ဒီနေ့မနက်ကတည်းက လင်မယား နှစ်ယောက် ထင်းသွားခွေတာ ငါးကြိမ်ရှိပြီ မို့ ဒီတစ်ခါနောက်ဆုံးဖြစ်သည်။

ကျလာသောချွေးများကို အပေါ် အဝတ်နဲ့ သုတ်ရင်း ခဏအမောဖြေနေကြ သည်။ တစ်ကိုယ်လုံး ချွေးတွေကရွှဲနေ သည်မို့ လင်မယားနှစ်ယောက်စလုံး လူရုပ်ပင် မပေါက်တော့ပေ။ နေပူကြီးထဲ မှာ အသွားအပြန် ထင်းခုတ်၊ ထင်းသယ် ရသည်မို့ လူကပင်ပန်းလို့နေသည်။ သို့သော် သူတို့မျက်နှာတွင် အပြုံးကမပျက်သွားပေ။ ခဏလောက်အမောဖြေပြီး လုပ်စရာ ရှိတာတွေကို ဆက်တိုက်လုပ်နေကြ တော့သည်။

(၂)

"ဟဲ့အေးမြင့် လာလာ ထမင်းစားမယ်။ ဟဲ့ မလှ၊ အိခိုင် ထမင်းပြင်ပေး၊ ဒီမှာ အေးမြင့်တို့လင်မယားအတွက်"

"ဟာ..ရတယ် ဒေါ်စိန် ကျွန်တော်တို့ ဒီမှာပဲစားလိုက်မယ်။ စားပွဲမှာ မစားတော့ ဘူး။ လူတစ်ကိုယ်လုံး ညစ်ပတ်နေလို့"

ယောကျာ်းဖြစ်သူ မျိုးအောင်၏စကား ကို မအေးမြင့်လည်း ထောက်ခံလိုက် ၏။

"ဟုတ်တယ် ဒေါ်စိန်ရေ.. ဒီနေရာမှာပဲ စားလိုက်တော့မယ်.."

အောက်သမံတလင်းမှာ ထိုင်ရင်း ချဉ်ရည်ဟင်း၊ ငရုတ်သီးကြော်နဲ့ လင်မယား နှစ်ယောက် အားရပါးရစားနေကြသည်။ သားလေးဖိုးမောင်ကလည်း မိခင်နှင့် အတူတူစားနေ၍ သူတို့မိသားစုကို ကြည့်ကာ အားလုံး ဝမ်းနည်းဝမ်းသာဖြစ် နေကြသည်။ ရပ်ကွက်ထဲ သာရေး၊ နာရေး ဆို လက်မနှေးသလို အောက်ခြေသိမ်း အလုပ် အကုန်လုပ်ပေးသည်။ ထင်းခွေ ရောင်း၊ ရေခပ်ရောင်း၊ မြက်ရှင်း၊ မြောင်း ဖော် အလုပ်ကြမ်းများလုပ်၍ ဝမ်းစာ အတွက် ဖြေရှင်းနေကြသူတွေဖြစ်သည်။ အကြော်ဆိုင်၊ စားသောက်ဆိုင်၊ ထမင်း ဆိုင်တွေက သူတို့လင်မယား၏ ပင်တိုင် ဖောက်သည်တွေဖြစ်သည်။ ထင်း၊ ရေ လိုလျှင် သူတို့ကိုပဲ ခိုင်းကြသည်။ ပညာ မတတ်၊ ရိုးသားလှသော လင်မယားမို့ အားလုံးက ချစ်ခင်ကြသည်။

သည်လို အလှူပွဲဆို ရပ်ကွက် ဘုန်းကြီးကျောင်းမှာ ငွေမလှူနိုင်ပေမယ့် လုပ်အားအလှူ၊ ထမင်းဟင်းချက်ဖို့ အတွက် ထင်းလှူနေကြတာဖြစ်သည်။ ရိုးသားပြီး အနေအေးကြသူများမို့လည်း တစ်ရပ်ကွက်လုံးက ချစ်ကြသည်။ အလုပ် လေးတွေပေးကြသည်။ အလုပ်လုပ် ပေးလျှင်လည်း စေတနာပါလွန်းတာမို့ ယုံကြည်စိတ်ချစွာ ခိုင်းကြသည်။

ငွေကြေးမသတ်မှတ်ပေ။ သဒ္ဒါ သလောက် ပေးတာယူသည်။ ဘယ်လောက် မောပန်းနေပါစေ အပြုံးမပျက် အလုပ်လုပ် လွန်းသူတွေမို့ အားလုံးက သနားကရုဏာ သက်ကာ အစားအစာ၊ အဝတ်အထည် လေးတွေကို ပေးကြသည်။ အလုပ်မရှိ သည့်နေ့မှာတောင် သူတို့ မိသားစုစားဖို့ တစ်အိမ်မဟုတ် တစ်အိမ်က ပေးကြ သည်။ နေတာကတော့ ရပ်ကွက်အစွန်ဆုံး တဲလေးမှာနေကြသည်။ ဒါတောင် ခြံပိုင်ရှင်လင်မယားက အိမ်စောင့်အဖြစ် နေခိုင်းခြင်းဖြစ်သည်။ သူတို့ လင်မယား ကလည်း သူဌေးတွေကျေနပ်အောင် ခြံလေးထဲမှာ နေလောက်ရုံတဲအိမ်လေး ဆောက်၍နေကြသည်။ ခြံလေးကိုလည်း သန့်သန့်ရှင်းရှင်းထားကာ သီးပင်၊ စားပင် များ စိုက်ပျိုးထားကြ၍ အိမ်ရှင်လင်မယား ကတောင် သဘောကျကာ လှည့်မကြည့်ဘဲ ယုံကြည်စိတ်ချစွာ တစ်မြို့တစ်ရွာမှာ စီးပွားရှာနေကြခြင်းဖြစ်သည်။

(၃)

"နားနားနေနေ နေကြပါဦးဟ"

"ကျွန်မတို့ လုပ်ပါမယ်"

"ဟုတ်ပ့ါ မအေးမြင့်ရယ် နားဦး"

ကိုမျိုးအောင်ကလည်း အဆင်သင့် သုံးနိုင်ရန် ထင်းခွဲပေးနေသည်။ မအေးမြင့် ကလည်း ခွဲထားသမျှ ထင်းတွေကို မီးဖိုချောင်ထဲသို့ပို့ပေးနေသည်။

"ဟ..နားပါဦးဟ မျိုးအောင်ရ"

"အချိန်မီပါတယ်ကွ"

"မနားတော့ဘူး ဦးလေးမြရေ၊ ကျုပ်တို့ က သူများတွေလို ကထိန်မှာ ပစ္စည်း၊ ငွေကြေး မလှူနိုင်တော့ လုပ်အားအလှူ လေး လုပ်ပါရစေဗျာ"

ကိုမျိုးအောင်စကားကြောင့် အားလုံး က အပြုံးတွေဖြင့်ကြည့်နေရင်း သာခုခေါ် ကြတော့သည်။ သူတို့လင်မယား နှစ်ယောက်ကတော့ သဒ္ဒါအပြုံးကိုယ်စီဖြင့် အလုပ်လုပ်ရတာ ကျေနပ်နေကြတော့ သည်။

"သာခု သာခု သာခု ပါကွာ ကုသိုလ်တွေအများကြီးရနေပါပြီကွ"

ဦးလေးမြ၏သာခုခေါ်သံက မျိုးအောင် ရင်ဘတ်ထဲ အတိုင်းမသိကြည်နူးသွားမိ သည်။ မအေးမြင့်လည်း ထိုနည်းအတိုင်း ပင်ဖြစ်သည်။ ရရစားစား ဘဝလေးမှာ အခုအချိန်အထိ ငွေပိုငွေလျှံဆိုတာ မရှိခဲ့ပေ။ သူတစ်ပါးလှူတာကို အားကျမိကြသည်။ ကိုယ်တိုင်က မပြည့်စုံလေတော့ မာန်လျှော့ခဲ့ရသည်။ သို့သော် သန်မာသည့် ခြေလက်တွေနဲ့ ရသလောက် အလှူ ဒါနကိုပြုရသည်မို့ ကျေနပ်မိကြသည်။

"ကျေနပ်တယ် အေးမြင့်ရေ၊ ငါက တော့ သည်လိုအချိန်ဆို အပျော်ဆုံးပဲကွာ။ ကိုယ်တတ်နိုင်တာလေး ပါဝင်ခွင့်ရလို့"

"အတူတူပါပဲတော်"

(၄)

ရပ်ကွက်ထဲက ကထိန်တွေလှည့်လာ တော့ လင်မယားနှစ်ယောက် ချောင်လေး ထဲကကြည့်ကာ ပြုံးပျော်နေကြသည်။ အဝတ်အစားကောင်းများ၊တောက်တောက် ပြောင်ပြောင်နှင့် ကထိန်အလှူရှင်၊ အလှူ အမများ၊ ရပ်ကွက်ထဲက ပျော်ရွှင်ကြည်နူး နေကြသည့်သူများကို ကြည့်၍ သူတို့ မိသားစုလည်း အားလုံးနည်းတူ အပျော် တွေ ကူးစက်နေတော့သည်။ ကထိန်လှည့် သူများကို အစားကျွေးတော့ လာသမျှ ပန်းကန်များကို ဒိုင်ခံဆေးကြောပေးရင်း ကုသိုလ်ယူနေကြတော့သည်။

သူများတကာတွေလို မဝတ်နိုင် မစားနိုင်သူများမို့ ထင်ထင်ပေါ်ပေါ်လည်း မနေကြပေ။ သူတို့ကြောင့် အားလုံး အနောင့်အယှက်ဖြစ်မှာ စိုးရိမ်တတ်ကြ သည်။ မမြင်ကွယ်ရာလေးကနေ ငေးကြည့် ကြရင်း နိုင်တဲ့ဘက်က ကူညီအားဖြည့် ပေးကြသည်။ မောမောပန်းပန်း ကထိန် လှည့်လာသူများ စားသောက်ထားကြ သည့် ထမင်းပန်းကန်တွေကို ဆေးကြော နေရင်း လင်မယားနှစ်ယောက်လုံး ပီတိဖြာနေကြတော့သည်။ သားလေး ဖိုးမောင်ကတော့ ကလေးပီပီ မအေးမြင့် ရင်ခွင်ထဲမှာ အိပ်ပျော်လို့နေပေပြီ။

(၅)

နောက်နေ့ ကထိန်ရေစက်ချ ကျွေးမွေး ပွဲမှာလည်း အိုးခွက်၊ ပန်းကန် ဆေးကြော တဲ့နေရာမှာ လင်မယားနှစ်ယောက် ဒိုင်ခံ ဆေးကြောပေးကာ အပြုံးမပျက်ပဲ ကုသိုလ်ယူနေကြသည်။

"သည် ဟင်းလောင်းချိုင့်တွေ မြန်မြန်ဆေးဟေ့"

"ပန်းကန်တွေ အမြန်လိုချင်တယ် ဧည့်သည်တွေကျလာပြီဟေ့"

"ဟင်းရည်ပန်းကန်လုံးတွေမြန်မြန်"

"မျိုးအောင်ရေ ထင်းလိုတယ်ဟေ့"

ဂိုဒေါင်ထဲအမြန်ပြေးကာ ထင်းတွေ အကြိမ်ကြိမ်ပြေးယူပေးသည်။ အမြန်ခွဲ ပေးသည်။ ရေလိုလျှင် ရေခပ်ပေးကာ ကုသိုလ်ယူရ၍ ပျော်နေတော့သည်။

"ပန်းကန်တွေ ပုံနေပြန်ပြီဟေ့"

လင်မယား နှစ်ယောက်နှင့်အတူ တခြားလူများလည်း လာရောက်ဝိုင်းကူ ကြသည်။ မနက်ကတည်းက ပင်တိုင် ဆေးနေသူကတော့ အေးမြင့်တို့ လင်မယားပင်ဖြစ်သည်။ မမောပန်းနိုင် ဆေးကြောနေကြတာ အဝတ်တွေလည်း အောက်ပိုင်းစိုရွှဲနေသည်။ ထမင်းတောင် ပန်းကန်ဆေးရင်း အားသည့်အချိန်လေးမှာ စားသည်။ လာသမျှအိုးခွက်တွေကို ဒိုင်ခံဆေးရင်း ထမင်းစားမဏ္ဍပ်သို့လာနေ ကြသော သစ်လွင်တောက်ပသည့် အဝတ် အစားတွေ၊ စိန်ရွှေရတနာအပြည့်နှင့် လူတွေကိုကြည့်၍ လင်မယားနှစ်ယောက် ကြည်နူးနေကြသည်။ သားလေးဖိုးမောင် က သူ့တို့အနားမှာ ဆော့ကစားလျက်ရှိ သည်။

"ဟဲ့ ဒေါ်ရွှေရင်က အလှူငွေ ဆယ်သိန်းနဲ့ ထမင်းလှူတာ"

"ဦးမောင်သိန်းက..ငါးသိန်းတဲ့"

"ဦးဘမောင်မိသားစုက ကထိန် ပဒေသာပင် ငါးခု"

"ဒေါ်ရွှေမိသားစုက ဗီရိုတဲ့"

ရပ်ကွက်ထဲက လှူတန်းသူတွေ အကြောင်း ပြောနေကြတော့ စိတ်ထဲ သာခုခေါ်နေမိသည်။ ရှိလို့ လှူကြသလို ဂုဏ်တုဂုဏ်ပြိုင်ဖြင့် သူတစ်မျိုး ငါတစ်ဖုံ လှူကြသည်ဟု ပြောနေကြပေမယ့် လင်မယားနှစ်ယောက်လုံး ပြုံး၍နေသည်။

ကထိန်အလှူ ရေစက်ချတော့ အလှူရှင်တွေစာရင်းကို ဖတ်ကြားပေးပြီး သာခုခေါ်ဆိုနေကြ၍ အများနည်းတူ မပြီး နိုင်သော အိုးခွက်များကို ဆေးကြောရင်း သာခုခေါ်ကြသည်။ စိတ်ထဲကြည်နူးစွာဖြင့် ပြုံးပျော်နေကြသည်။

ပကာသနမပါ ရိုးရှင်းလှသည့် သူတို့ လိုလုပ်အားဒါနအလှူလေးက အများအမြင် မှာ မထင်ပေါ်ပေမယ့် ကုသိုလ်ထူး လေးမို့ လိပ်ပြာလုံစွာဖြင့် ကြည်နူးနေမိ သည်။ ကထိန်အလှူအတွက် အလှူရှင် တွေ၏ ရေစက်ချ အမျှဝေသံလေးကြား တော့ ဆေးနေသည့် အိုးခွက်လေးတွေ ချကာ မျက်လုံးမှိတ်၊ လက်အုပ်ချီကာ သာခုသုံးကြိမ်ဆို၍ စိတ်ထဲကြည်နူး ပီတိဖြာကာ အမျှဝေလိုက်ကြတော့ သည်။ ။

### ကောင်းရာကိုတွေး ပြုကျင့်ပေး

✳ လောကဝယ် လူသားချင်း
ဖေးမရင်း ကူညီပါ၊
မိမိကိုယ် စိတ်နှလုံး
ရွှင်ပြုံးအစဉ်သာ။

✳ အေးချမ်းခြင်း ရိပ်မြုံဟာ
ရင်တွင်းမှာ အမြဲရှိ၊
ဒေါသမာန် ဖယ်ကြဉ်သတ်
စိတ်ဓာတ်မြတ်၏။

✳ ဘဝကို လျှောက်လှမ်းကြည့်
အသိသတိ အတူယှဉ်၊
လူသားတွေ ကောင်းကျိုး
သယ်ပိုးနေ့စဉ်။

✳ ပရဟိ အတ္တနှင့်
စိတ်ဘဝင် မမြင့်ဘဲ၊
မိမိကိုယ် နှိမ့်ချ
အေးမြရင်ထဲ။

✳ ကောင်းမှုတွေ ယှဉ်တွဲ
ရခဲလှ ဘဝဝယ်၊
မကောင်းတာ မှန်သမျှ
ရှောင်ရှားကြမယ်။

✳ လောဘဒေါသ မောဟပယ်
အတ္တရယ် မောင်းထုတ်၊
လူသားတွေ ကောင်းကျိုး
အစွမ်းကုန်ကြိုးကုတ်။ ။

ချစ်သက်(မြန်မာစာ)

### မျိုးဆက်သစ်ပျိုးခင်းကဏ္ဍအတွက် စာမူများပေးပို့နိုင်

ကြေးမုံသတင်းစာတွင် မျိုးဆက်သစ်ပျိုးခင်းကဏ္ဍကို အပတ်စဉ်တနင်္ဂနွေ နေ့တိုင်း ဖော်ပြလျက်ရှိသည်။

မျိုးဆက်သစ်ပျိုးခင်းကဏ္ဍတွင် မျိုးဆက်သစ်လူငယ် မောင်မယ်များအနေဖြင့် သုတ၊ ရသဆောင်းပါး၊ ကဗျာ၊ ဝတ္ထုတို၊ အတွေးအမြင်၊ ဟာသ၊ သရော်စာ စသည် ဖြင့် စာမူများ ရေးသားပေးပို့နိုင်သည်။

စာမူပေးပို့ရာတွင် စာရေးသူ၏ အမည်၊ ကလောင်အမည်၊ မှတ်ပုံတင်နံပါတ်၊ အသက်၊ နေရပ်လိပ်စာ အပြည့်အစုံ၊ ပညာအရည်အချင်း၊ ဖုန်းနံပါတ်၊ ကိုယ်ရေး အချက်အလက်များနှင့် စာရေးသူ၏ ဓာတ်ပုံတစ်ပုံ ပူးတွဲပေးပို့ရမည့်အပြင် စာမူ ကို ကိုယ်တိုင်ဖန်တီးရေးသားကြောင်းနှင့် အခြားသော မဂ္ဂဇင်း၊ ဂျာနယ်၊ သတင်းစာတိုက်များသို့ တိုက်ပြိုင်ပေးပို့ထားခြင်းမရှိကြောင်း ဝန်ခံကတိပြုချက် ဖော်ပြပါရှိ ရမည်။

မျိုးဆက်သစ်ပျိုးခင်းသို့ ပေးပို့ပြီး စာမူများကို ရက်သတ္တနှစ်ပတ်အတွင်း ရွေးချယ်ဖော်ပြခံရခြင်း မရှိပါက အခြားနေရာများသို့ ပေးပို့နိုင်သည်။ အထူး ပန်ကြားလိုသည်မှာ စာမူများကို mirrormyosathit@gmail.com သို့သာ ပေးပို့ရ မည်ဖြစ်ပါသည်။ ဖော်ပြပါရှိသည့် စာမူခများကို အမှတ်(၇၇)၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ရန်ကုန်မြို့၊ ကြေးမုံသတင်းစာတိုက်တွင် ထုတ်ယူ နိုင်ပါသည်။

စာတည်းအဖွဲ့

## ဂုဏ်ရှိန်ပေါင်းစု ဘုံကထိန်းကောင်းမှု

❖ လှူကထိန် မြတ်သင်္ကန်းနဲ့
မဂ္ဂင်လမ်း မှန်းရွယ်ကာ၊
သဒ္ဓါဖြူ ကုသိုလ်လွှမ်းဖို့
စိတ်မှန်းလို့သာ၊
နိဗ္ဗာန်လမ်း မြန်းဖို့ရာ
လှမ်းလို့သာ လှူဒါန်း၊
ကျောင်းတော်မှာ ပြောသံဆက်လို့
ထက်ဝဋ္ဋာလွှမ်း။

❖ လတန်ဆောင် နေ့အထူးမှာ
ရည်စူးလို့ လှူကြတာ၊
တစ်နှစ်မှာ တစ်ရက်တည်း
ဆင်နွှဲလို့သာ၊
ထူးမြတ်တဲ့ ဂုဏ်အရှိန်
ဘုံကထိန် ဆင်နွှဲ၊
ကထိန်လျာ ဥတ်သင်္ကန်းကိုလ
လှူဒါန်းတဲ့ပွဲ။

❖ ဘုံကထိန် မြတ်ကောင်းမှု
ပေါင်းစုလို့ အတူတူ၊
စေတနာ သဒ္ဓါပွား
စိတ်ထားဖြူဖြူ၊
အလှူအကျိုး ကုသိုလ်တစ်မူ
သူမတူ ရမည်သား၊
လူအများ ရစေရာ
အမျှဝေကာ သာဓုခေါ်ကြောင်းကိုလ
သောင်းတိုင်ကကြား။

❖ ကထိန်လျာ မြတ်သင်္ကန်း
လှူဒါန်းကြ သူများမှာ၊
အကျိုးရယ် ငါးဖြာက
ရကြမည်သာ၊
လှူသူလည်း စိတ်ချမ်းသာ
အလှူခံ ပုဂ္ဂိုလ်ပါ
ရမည်သာ မလွဲ၊
ဂုဏ်အရှိန် ပေါင်းစုပါတဲ့
ဘုံကထိန် ကောင်းမှုရဖို့
(ကွယ်.....)
ပေါင်းစုဆင်နွှဲ။

မောင်ခ(ပညာရေး)

ဆောင်းပါး

# သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ကိုယ်ကျင့်တရား

■ **ဇင်မင်းစိုး (ဗိုလ်ကလေး)**

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

ကမ္ဘာမြေကြီး၏ ပတ်ဝန်းကျင်အနေအထားကို လူသားတို့၏လုပ်ရပ်များက ပြောင်းလဲစေလျက်ရှိပါသည်။ သဘာဝပတ်ဝန်းကျင်ပြောင်းလဲမှုများမှာ အိုဇုန်းလွှာလျော့ပါးမှု၊ အပူပိုင်းဒေသသစ်တောများ ပြုန်းတီးမှု၊ အက်စစ်များ စုပြုံအနည်ထိုင်ကျမှု၊ လေထုအတွင်း ဓာတ်ငွေ့များစုဝေးမှုတို့ကြောင့် အပူငွေ့ကို ထိန်းသိမ်းထားပြီး ကမ္ဘာကြီး၏ရာသီဥတုကို ပူနွေးစေလေသည်။ ထို့အပြင် လူသားတို့၏ ကျောက်ဖြစ်ရုပ်ကြွင်းလောင်စာဟုခေါ်သော ကျောက်မီးသွေးများကို ထင်းလောင်စာအဖြစ် မီးရှို့ခြင်း၊ စက်ရုံအလုပ်ရုံများမှ မီးခိုးအညစ်အကြေးများ ထွက်ပေါ်စေခြင်း အပင်နှင့် တိရစ္ဆာန်သတ္တဝါများ မှီခိုရာဖြစ်သည့် သစ်ပင်သစ်တောများ ခုတ်ယူခြင်းတို့ကြောင့်လည်း သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးကာ ရာသီဥတု ပြောင်းလဲလာခဲ့လေသည်။

သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးလာခြင်းကြောင့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်လာကာ လူသားတို့၏ အသက်အိုးအိမ်စည်းစိမ်နှင့် လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေးတို့သည် ယိုယွင်းပျက်စီးလာရပါသည်။ သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးမှုသည် လူသားတို့၏လုပ်ဆောင်ချက်ကြောင့် အများဆုံးပျက်စီးရပြီး ဖြစ်ပေါ်လာသော ဆိုးကျိုးများကို လူသားများသာမက သက်ရှိသတ္တဝါအားလုံး ခံစားကြရလေသည်။ ယခုအခါ သဘာဝပတ်ဝန်းကျင် ချစ်ခင်မြတ်နိုးကြသူများ၊ ပရဟိတအသင်းအဖွဲ့များ၊ အရပ်ဘက်အဖွဲ့အစည်းများ ပူးပေါင်း၍ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးအကြောင်း သိကောင်းစရာအကြောင်းအရာများကို ပညာပေးမျှဝေပေးခြင်း၊ သစ်တောသစ်ပင်များ ပြန်လည်စိုက်ပျိုးခြင်း၊ ဂေဟစနစ်နှင့် ဇီဝနည်းပညာအကြောင်း ဟောပြောပို့ချခြင်းများ တက်တက်ကြွကြွ ပူးပေါင်းပါဝင် ဆောင်ရွက်လျက်ရှိကြပါသည်။

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရာတွင် အသိပညာပေးခြင်းလုပ်ငန်းသည် အဓိကအရေးပါလှသည်။ လူတို့၏ နေ့စဉ်ပြုမူဆောင်ရွက်ချက်များသည် သဘာဝပတ်ဝန်းကျင်ပျက်စီးခြင်းနှင့် ထိန်းသိမ်းခြင်းတို့အတွက် အဓိကကျလေသည်။ လူတို့၏ကိုယ်ကျင့်တရားနှင့် ဓလေ့ထုံးတမ်းများသည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရာတွင် အထူးအရေးပါလှပါသည်။ အမှိုက်ကို စနစ်တကျစွန့်ပစ်ခြင်း၊ လူအများစုဝေးရာနေရာများတွင် ဆေးလိပ်သောက်ခြင်းနှင့် ကွမ်းစားခြင်း၊ သစ်တောသစ်ပင်များကို အတိုင်းအဆမဲ့ လောဘတကြီးခုတ်လှဲခြင်း၊ မြေပေါ်မြေအောက်သယံဇာတများကို စနစ်တကျထုတ်ယူခြင်းမပြုဘဲ အလွန်အကျွံထုတ်ယူခြင်းများသည် လူသားတို့၏ကိုယ်ကျင့်တရားနှင့် သက်ဆိုင်ပြီး “ငါ” ဟူသော“အတ္တ”ကို ရှေ့တန်းတင်သူများအဖြစ် မှတ်ယူနိုင်လေသည်။

နောင်မျိုးဆက်များ စဉ်ဆက်မပြတ် ထုတ်ယူသုံးစွဲနိုင်ရေးကို မရှေးရှုဘဲ မိမိအဆင်ပြေရေး၊ ကြွယ်ဝချမ်းသာရေးဟူသော မကောင်းသောကိုယ်ကျင့်တရားတို့၏ ဦးဆောင်မှုဖြင့် သဘာဝသယံဇာတများ ခန်းခြောက်ဆုံးရှုံးကာ သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးခြင်းကို ဖြစ်ပေါ်ရလေသည်။ ထိုသို့သော ကိုယ်ကျင့်တရားပျက်ယွင်းခြင်းကြောင့် ဖြစ်ပေါ်လာသော ဆိုးကျိုးများကို မိမိတစ်ဦးတည်းသာမကဘဲ လူသားအားလုံး တွေ့ကြုံခံစားရသည်ဖြစ်ရာ အထူးသတိထားဆင်ခြင်ရန် လိုအပ်လှပါသည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရနှင့် ကုလသမဂ္ဂမိတ်ဖက်အဖွဲ့အစည်းများက သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများကို ထိထိရောက်ရောက် အသိပညာပေးဟောပြောပို့ချလျက်ရှိပါသည်။ သဘာဝပတ်ဝန်းကျင်ပျက်စီးစေသည့် အချို့သောဆောင်ရွက်ချက်များကိုလည်း ဥပဒေများချမှတ်၍ တားဆီးကာကွယ်လျက်ရှိပါသည်။

“အသိယှဉ်တွဲ စည်းကမ်းမြဲ
စွဲထင်မကွာ တစ်သက်တာ
ကြောက်လို့လိုက်နာ စည်းကမ်းမှာ
ခဏတာသာမြဲ ...” ဟူသော အသိတရား၊ ကိုယ်ကျင့်တရားနှင့်ဆိုင်သော လင်္ကာလေးတွင် မိမိ၏အသိတရား ကိုယ်ကျင့်တရားသာလျှင် အဓိကကျကြောင်း တွေ့မြင်ရပါသည်။ မပြုလုပ်သင့်သောအရာကို ပြုလုပ်ခြင်းသည် ကိုယ်ကျင့်တရားပျက်ပြားခြင်းဖြစ်ပြီး အများအကျိုးကို မငဲ့ကွက်ရာလည်း ရောက်လေသည်။ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းရာတွင် ကိုယ်ကျင့်တရားကောင်းမွန်ခြင်းသည် အရေးပါလှလေသည်။

လူတို့သည် တစ်ဦးတစ်ယောက်တည်းနေခြင်း မဟုတ်ပေ။ အများနှင့်စုဖွဲ့နေခြင်းဖြစ်သဖြင့် အများအကျိုးကို ကြည့်ရှုငဲ့ကွက်ရမည်ဖြစ်ပါသည်။ မိမိကိုယ်ကိုကောင်းအောင်ကြိုးစားရင်း အများအကျိုးကိုလည်း သယ်ပိုးရွက်ဆောင်ရမည်ဖြစ်ပါသည်။ မိမိ၏အတ္တ၊ မာန၊ လောဘတို့ကြောင့် အများအကျိုးပျက်စီးရလျှင် ထိုအခြင်းအရာကို တစ်ကိုယ်ကောင်းဆန်သည်ဟု ဆိုနိုင်ပါသည်။ မိမိတို့တွင် ပတ်ဝန်းကျင်ရှိကြပါသည်။ ထိုအနီးဆုံးပတ်ဝန်းကျင်မှာ မိမိ၏မိသားစုဝင်များပင် ဖြစ်လေသည်။

မိမိတို့ဘဝအခြေလှဖို့ ထိန်းသိမ်းစောင့်ရှောက်ရန်မှာ ငွေကြေးပစ္စည်းဥစ္စာ လိုအပ်လှပါသည်။ ထိုငွေကြေးဥစ္စာရရှိရန်မှာ အလုပ်လုပ်ရန်လိုအပ်လှပါသည်။ မိမိလုပ်သောအလုပ်သည် အများကိုမထိခိုက်စေဘဲ အပြစ်ကင်းစင်ရမည်ဖြစ်ပါသည်။ မိမိပြုလုပ်သောအရာသည် မိမိကျင့်ကြံသောတရားသာ ဖြစ်လေသည်။ ထိုအရာကို ကိုယ်ကျင့်တရားဟုခေါ်ပါသည်။ မိမိလုပ်ရပ်ကောင်းလျှင် ကိုယ်ကျင့်တရားကောင်းသည်ဟု သတ်မှတ်၍ မိမိလုပ်ရပ်မှားလျှင် ကိုယ်ကျင့်တရားပျက်ယွင်းသည်ဟု ပြောဆိုကြလေသည်။ ကိုယ်ကျင့်တရားသည် လူတို့တွင် မရှိမဖြစ်လိုအပ်သော ဂုဏ်ဒြပ်တစ်ရပ် ဖြစ်ပါသည်။

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရာတွင် ကိုယ်ကျင့်တရားကောင်းမွန်ရေးသည် အဓိကအခန်းကဏ္ဍမှ ပါဝင်လေသည်။ “အမှိုက်မပစ်ရ” ဟူသောနေရာတွင် အမှိုက်မပစ်ဘဲ အခြားနေရာတွင် အမှိုက်ပစ်ပါကလည်း ကိုယ်ကျင့်တရားနည်းပါးသည်ပင်ဖြစ်လေသည်။ ကိုယ်ကျင့်တရားဟူသည် စိတ်ဓာတ်ကိုအခြေခံလေရာ စိတ်ဓာတ်ကောင်းမှသာ ကိုယ်ကျင့်တရားကောင်းမွန်သည်ဟု ဆိုနိုင်ပေမည်။

“အမှိုက်ပစ်တာ ရှက်စရာပါ
အမှိုက်ကောက်တာ ရှက်စရာမဟုတ်” ဟူသည့် ဆောင်ပုဒ်လေးတွင် အမှိုက်ပစ်ခြင်းကို ရှက်စရာဟု ထင်မှတ်ပါက အမှိုက်ပစ်ဝံ့မည်မဟုတ်ချေ။ ထို့အတူ အမှိုက်ကောက်ခြင်းကို ရှက်စရာမဟုတ်ဟု ထင်မှတ်ပါက အမှိုက်ကောက်ခြင်းကို ဂုဏ်ယူဖွယ်ရာအဖြစ် သတ်မှတ်ကြလေမည်မှာ အမှန်အကန်ပင် ဖြစ်လေသည်။ ထိုအရာတို့သည် စိတ်ဓာတ်ကိုအခြေခံသော ကိုယ်ကျင့်တရားများပင် ဖြစ်လေသည်။

ဂျပန်နိုင်ငံရှိ နေရာဒေသအများအပြားနှင့် လူစည်ကားရာနေရာများတွင် အမှိုက်ကင်းစင်သန့်ရှင်းနေလေသည်။ လမ်းမကြီးများတွင်လည်း အမှိုက်တစ်စပင်မရှိချေ။ အမှိုက်မရှိ၍ အမှိုက်ပုံးရှိသလားဟုဆိုလျှင် အမှိုက်ပုံးလည်းမရှိချေ။ လူတစ်ဦးချင်းစီက မိမိအမှိုက်များကို မိမိကိုယ်တိုင်သိမ်းဆည်း၍ စည်းကမ်းတကျ အမှိုက်ပုံးရှိရာတွင် စွန့်ပစ်ကြသည်။ ကိုယ်ကျင့်တရားကောင်းမွန်သော၊ ယဉ်ကျေးမှုဓလေ့ထုံးတမ်းမြင့်မားသော စိတ်ဓာတ်အလုပိုင်ရှင်များ ဖြစ်ကြလေသည်။ ဆောင်းဝင်ခါစအချိန်များတွင် ဖူးပွင့်လေ့ရှိသော ချယ်ရီပန်းကလေးများကိုလည်း ခူးဆွတ်ခြင်းမပြုဘဲ သဘာဝအလျောက် ပင်စည်မှာဖူးပွင့်နေခြင်းကိုပင် အလှကြည့်ရှုကြသော ကိုယ်ကျင့်တရားကောင်းမွန်သူများ ဖြစ်ပါသည်။

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရာတွင် လိုအပ်သောကိုယ်ကျင့်တရားများသည် အထူးပင်တန်ဖိုးကြီးမားလှပါသည်။ အများအကျိုးအတွက် ဆောင်ရွက်ရသဖြင့် စိတ်စေတနာမွန်မြတ်ဖြူစင်လှလေသည်။ မြတ်ဗုဒ္ဓ၏ တရားတော်အရ ကံ ကံ၏အကျိုးကို ယုံကြည်သက်ဝင်ကြသည့် အားလျော်စွာ တူသောအကျိုးကိုခံစားရမည်ဟု စိတ်မှာမှတ်သားကြ၏။ ကိုယ်ကျင့်တရားကောင်းမွန်ရေးအတွက် မြတ်ဗုဒ္ဓ၏တရားတော်များ၊ ထင်ပေါ်ကျော်ကြားသူများ၏ အဆုံးအမများသည်လည်း အရေးပါလှပါသည်။

ကျွန်ုပ်တို့ပြည်သူများအနေဖြင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရာတွင် ဒေသအလိုက် ကာကွယ်စောင့်ရှောက်ရမည့် အရင်းအမြစ်သယံဇာတများ ရှိကြပါသည်။ ၎င်းတို့မှာ –

(က) ထန်းပင်၊ ထန်းတောများကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊
(ခ) အဖိုးတန်သစ်ပင်သစ်တောများ ထိန်းသိမ်းစောင့်ရှောက်ခြင်း၊
(ဂ) လေထုညစ်ညမ်းမှုကို လျှော့ချခြင်း၊
(ဃ) ဝါးနှင့်ပြုလုပ်သော လူသုံးကုန်များ သုံးစွဲခြင်း၊
(င) ရေအရင်းအမြစ်များ စနစ်တကျသုံးစွဲခြင်း၊
(စ) သန္တာကျောက်တန်းများကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊
(ဆ) ဆောင်းခိုငှက်များ ဖမ်းဆီးသတ်ဖြတ်ခြင်းအား ပညာပေးတားမြစ်ခြင်း၊
(ဇ) စွမ်းအင်ရင်းမြစ်များ ချွေတာသုံးစွဲခြင်း၊
(ဈ) မိုးသစ်တောများ ထိန်းသိမ်းခြင်း၊
(ည) အမှိုက်များ စနစ်တကျစွန့်ပစ်ခြင်း၊
(ဋ) တောရိုင်းတိရစ္ဆာန်များ ကာကွယ်စောင့်ရှောက်ခြင်း၊
(ဌ) ကျောက်မီးသွေးနှင့် သတ္တုတူးဖော်မှုများ စနစ်တကျကြပ်မတ်ခြင်း၊
(ဍ) ရေဆိုးစွန့်ပစ်မှုနှင့် သန့်ရှင်းသော ယင်လုံအိမ်သာများ သုံးစွဲခြင်း၊
(ဎ) သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် ပညာပေးခြင်း၊
(ဏ) အဲယားကွန်းနှင့် လေအေးပေးစနစ်များ သုံးစွဲမှုလျှော့ချခြင်း ... စသော သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းများကို ကိုယ်ကျင့်တရားရှုထောင့်အမြင်ဖြင့် ကြပ်မတ်ဆောင်ရွက်ရန် လိုအပ်လှပါသည်။

မျက်မှောက်ခေတ် ကမ္ဘာမြေကြီး၏ ပတ်ဝန်းကျင်အနေအထားသည် အလွန်စိုးရိမ်ဖွယ်အနေအထားတွင်ရှိသဖြင့် ကမ္ဘာတစ်ခု အနာဂတ်တစ်ခုဟု ဥပမာပြု ခေါ်ဝေါ်ကြခြင်းဖြစ်လေသည်။ ကမ္ဘာမြေကြီးပျက်စီးပါက သက်ရှိသတ္တဝါတို့၏ အသက်ရှင်ရပ်တည်နိုင်မှုသည်လည်း ပျက်စီးနိုင်ပါသဖြင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို ယခင်ကထက် ပိုမိုဆောင်ရွက်ကြရန် အရေးကြီးလှပါသည်။ ကိုယ်ကျင့်တရားကိုအခြေခံသော စိတ်ဓာတ်ကောင်းများဖြင့် ကမ္ဘာမြေကြီး ကျန်းမာကြံ့ခိုင်စေရေးနှင့် သာယာလှပစေရေးအတွက် အားလုံးပူးပေါင်းဆောင်ရွက်ကြပါရန် ရေးသားတိုက်တွန်းအပ်ပါသည်။ ။

# ရှမ်းပြည်နယ်ဝန်ကြီးချုပ် မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ်လမ်း (ကလောခရိုင်)လမ်းပိုင်း ပြုပြင်နေမှုကို ကြည့်ရှုစစ်ဆေး



တောင်ကြီး အောက်တိုဘာ ၂၆

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်သည် ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးနေဝင်းအောင်နှင့် တာဝန်ရှိသူများလိုက်ပါလျက် သဘာဝဘေးဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့် မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ်လမ်း (ကလောခရိုင်) လမ်းပိုင်း ပြုပြင်နေမှုကို ယနေ့ မွန်းလွဲ ၃ နာရီက ကြည့်ရှုစစ်ဆေးသည်။

ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရှမ်းပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီး နယ်စပ်ရှိ နယ်ခြားဆိုင်းဘုတ်သို့ ရောက်ရှိကြည့်ရှုစစ်ဆေးပြီး နယ်ခြားဆိုင်းဘုတ်နှင့် ပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေး၊ ခရီးသွားပြည်သူများ စိတ်ချမ်းမြေ့စွာ သွားလာနိုင်ရေး ပြင်ဆင်ဆောင်ရွက်သွားရန် တာဝန်ရှိသူများအား မှာကြားခဲ့သည်။

## ပြုပြင်ဆောင်ရွက်

ဆက်လက်၍ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေတိုက်စားသဖြင့် လမ်းသားပွဲကျ ပျက်စီးခဲ့သော မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ်လမ်း (ကလောခရိုင်)လမ်းပိုင်း မိုင်တိုင် အမှတ် ၅၄/၄ ၊ ၅၄/၅ ၊ ၅၅/၁ ၊ ၅၅/၂ ၊ ၅၇/၆-နှင့် ၆၆/၀ တို့တွင် စက်ယန္တရားများဖြင့် လမ်းပြုပြင်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးရာ ပြည်နယ်လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသူရဇော်နှင့် ကလောခရိုင်လမ်းဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါ်စောစန္ဒာသိန်းတို့က လမ်းပိုင်းများပြုပြင်ဆောင်ရွက်နေမှုအခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် လမ်းပြုပြင်ဆောင်ရွက်နေမှု တင်ပြချက်များနှင့်စပ်လျဉ်း၍ ပြည်နယ်ဝန်ကြီးချုပ်က သတ်မှတ်စံချိန်စံညွှန်းနှင့် ကိုက်ညီမှုရှိစေရေး၊ အချိန်မီပြီးစီးရေး၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးနှင့် ခရီးသွားပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစွာသွားလာနိုင်ရေး၊ လမ်းကြောပိတ်ဆို့မှု မရှိစေရေးအတွက် စနစ်တကျဆောင်ရွက်သွားရန် လမ်းညွှန်မှာကြားခဲ့ကြောင်းသိရသည်။

ပြည်နယ်(ပြန်/ဆက်)

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် စစ်တွေမြို့ရှိ MSME လုပ်ငန်းများ လှည့်လည်ကြည့်ရှု

စစ်တွေ အောက်တိုဘာ ၂၆

ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးထိန်လင်းသည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့ နံနက်ပိုင်းက စစ်တွေ လေယာဉ်ကွင်းသန့်ရှင်းသာယာရေးနှင့် လုံခြုံရေးဆောင်ရွက်ထားရှိမှု အခြေအနေများကို သွားရောက် ကြည့်ရှုစစ်ဆေးပြီး စစ်တွေမြို့ပေါ်ရှိ MSME လုပ်ငန်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။



## ကြည့်ရှုစစ်ဆေး

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စစ်တွေလေဆိပ်သို့သွားရောက်ပြီး လေယာဉ်ကွင်း၊ လေယာဉ် ပြေးလမ်းပတ်လည်အတွင်း လေယာဉ်များတက်/ဆင်းရာတွင် အန္တရာယ်ကင်းရှင်းနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ထားရှိမှု၊ လေဆိပ် ပတ်ဝန်းကျင်သန့်ရှင်းသာယာရေးအတွက် ဆောင်ရွက်ထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် လေဆိပ်လုံခြုံရေးတာဝန် ထမ်းဆောင်နေကြသည့် တပ်ဖွဲ့ဝင်များနေထိုင်နိုင်ရန် အဆောက်အအုံ ဆောက်လုပ်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးကြပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားခဲ့သည်။

## လှည့်လည်ပြသ

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စစ်တွေမြို့ မြောက်စံပြရပ်ကွက်ရှိ MSME လုပ်ငန်းများဖြစ်သော စံပြမုန့်မျိုးစုံလုပ်ငန်းကို သွားရောက်ကြည့်ရှုအားပေးကြရာ စံပြမုန့်လုပ်ငန်းပိုင်ရှင်က မုန့်မျိုးစုံထုတ်လုပ်နေမှု၊ ဖြန့်ချိရောင်းချနေမှု၊ ဒေသခံလူငယ်များအား အလုပ်အကိုင်အခွင့်အလမ်းများရရှိမှု၊ ကုန်ကြမ်းများဝယ်ယူစုဆောင်းထားရှိမှုတို့ကို ရှင်းလင်းတင်ပြပြီး လုပ်ငန်းခွင်အတွင်း လှည့်လည်ပြသသည်။

ဆက်လက်ပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပြည်တော်သာရပ်ကွက်ရှိ BMG သောက်ရေသန့်စက်ရုံသို့ သွားရောက်ကြည့်ရှုကြရာ စက်ရုံတာဝန်ခံက စက်ရုံအတွင်း ရေသန့်ဘူးအဆင့်ဆင့်ထုတ်လုပ်နေမှုကို လှည့်လည်ပြသပြီး ရေသန့်ဘူးမျိုးစုံထုတ်လုပ်နေမှု၊ ဖြန့်ချိရောင်းချနေမှု၊ ဒေသခံလူငယ်များ အလုပ်အကိုင်အခွင့်အလမ်းများရရှိမှုတို့ကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်းသိရသည်။

တင်ထွန်း(ပြန်/ဆက်)

# လွိုင်လင်မြို့နယ်အတွင်း သဘာဝဘေးကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် နေအိမ်များနှင့် မိသားစုဝင်များအတွက် ထောက်ပံ့ပေးအပ်

လွိုင်လင် အောက်တိုဘာ ၂၆

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့နယ်အတွင်း သဘာဝဘေးအန္တရာယ်ကြောင့်ပျက်စီးဆုံးရှုံးခဲ့သည့် နေအိမ်များနှင့်မိသားစုဝင်များအား ထောက်ပံ့ပေးအပ်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းထွဋ်က ထောက်ပံ့ပေးအပ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် ရေဘေးကြောင့် ပျက်စီးသွားသည့် နေအိမ်များနှင့်အိမ်ထောင်စုများအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့ကပေးပို့သည့် ၆၅ အိမ်အတွက် တစ်အိမ်လျှင်ငွေကျပ် ၂၃၅၀၀၀၀ ကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကြည်မြင့်၊ မြို့နယ်ဥက္ကဋ္ဌ ဦးသိန်းထွဋ်နှင့် ဘေးအန္တရာယ်စီမံခန့်ခွဲမှုဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်သန္တာရွှေနှင့် တာဝန်ရှိသူများက လည်းကောင်း၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက ပေးပို့လာသည့် ဆန်နှင့်ထောက်ပံ့ပစ္စည်းများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်များကလည်းကောင်း ပေးအပ်ရာ သဘာဝဘေးသင့်ပြည်သူများက လက်ခံရယူကြသည်။

ယနေ့ထောက်ပံ့ပေးအပ်မှုတွင် သဘာဝဘေးကြောင့်ပျက်စီးသွားသည့် နေအိမ် ၆၅ လုံးအတွက် တစ်အိမ်လျှင်ငွေကျပ် ၂၃၅၀၀၀၀ ဖြင့် စုစုပေါင်းကျပ်သိန်း ၁၅၀၀ ကျော်၊ ဆန်အပါအဝင်ထောက်ပံ့ပစ္စည်း ၂၅ မျိုးတို့ဖြစ်သည်။ အဆိုပါထောက်ပံ့ပစ္စည်းများသည် ကမ္ဘောဒီးယား၊ ဂျပန်၊ အိန္ဒိယနှင့် အာဆီယံနိုင်ငံများက ထောက်ပံ့လှူဒါန်းခြင်းဖြစ်ကြောင်း၊ လွိုင်လင်မြို့နယ်တွင် ဘေးသင့်ပြည်သူများအတွက် ထောက်ပံ့လှူဒါန်းမှုသည် စတုတ္ထအကြိမ်လှူဒါန်းခြင်းဖြစ်ကြောင်းတာဝန်ရှိသူထံမှသိရသည်။

ခရိုင်(ပြန်/ဆက်)

# AFC Challenge League အုပ်စု(D)တွင် ပါဝင်သည့်အသင်းများ ပွဲကြိုသတင်းစာရှင်းလင်းပွဲ ကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၆

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် ၂၀၂၄-၂၀၂၅ ရာသီ AFC Challenge League ပြိုင်ပွဲ အုပ်စု(D)တွင် ပါဝင်သည့် အသင်းများ၏ ပွဲကြိုသတင်းစာရှင်းလင်းပွဲကို အောက်တိုဘာ ၂၆ ရက်က ရန်ကုန်မြို့ သုဝဏ္ဏဘောလုံးကွင်းရှိ သတင်းစာရှင်းလင်းပွဲခန်းမ၌ ကျင်းပသည်။



အုပ်စု (D) တွင် ပါဝင်သည့် ရှမ်းယူနိုက်တက်၊ Young Elephant နှင့် တိုင်နန်စီးတီးအသင်းနည်းပြချုပ်များကို တွေ့ရစဉ်။

အုပ်စု(D)တွင် မြန်မာကလပ်ရှမ်းယူနိုက်တက်အသင်း၊ လာအိုကလပ် Young Elephant အသင်း၊ တရုတ်တိုင်ပေကလပ် တိုင်နန်စီးတီးအသင်းတို့ပါဝင်ပြီး ယင်းသုံးသင်းမှ နည်းပြချုပ်နှင့် ကစားသမားများ တက်ရောက်သည်။ ရှမ်းယူနိုက်တက်အသင်းနည်းပြချုပ်ဖြစ်သူ ဂျပန်နိုင်ငံသား ဟီရိုက " ကျွန်တော်တို့ အသင်းအနေနဲ့ အုပ်စုပွဲစဉ်တွေရော၊ နောက်လာမယ့် ပွဲစဉ်တွေထက် မနက်ဖြန် စတင်ကစားရမယ့် ပွဲစဉ်ကိုပဲ အရင်ဆုံး အာရုံစိုက်ထားပါတယ်။ ပွဲတိုင်းကအရေးကြီးပါတယ်။ ဒီလို အာရှအဆင့်ပွဲတွေမှာ အသင်းတိုင်းက သေသေချာချာ ပြင်ဆင်လာကြတာပါ။ ပြည်တွင်းလိဂ်နဲ့မတူညီတဲ့ ပြိုင်ဘက်နဲ့ မတူညီတဲ့ ချဉ်းကပ်ပုံမျိုးတွေရှိပါတယ်။ ကျွန်တော့် ကစားသမားတွေကိုလည်း ဖိအားမဖြစ်စေချင်ပါဘူး။ သူတို့လေ့ကျင့်ရေးမှာ ကောင်းကောင်းလုပ်နေသလို တက်တက်ကြွကြွရှိပြီး သူတို့ကို ယုံကြည်မှုလည်းရှိထားပါတယ်။ သူတို့ အကောင်းဆုံး ကြိုးစားပြမှာပါ။ ကျွန်တော်တို့ အနိုင်ရဖို့ပဲကစားမှာပါ။ ဒီအတွက် ပရိသတ်ရဲ့အားပေးမှုလည်း လိုပါတယ်။ အသင်းအပေါ် အားအင်ဖြစ်စေဖို့ ပရိသတ်ကွင်းထဲ အရောက်လာအားပေးစေချင်ပါတယ်'' ပြောကြားခဲ့သည်။

လာအိုကလပ် Young Elephant အသင်း နည်းပြချုပ် ဆောင်ဂူလာဗောင်က "ပွဲတွေအားလုံးက ခက်ခဲပြီးတော့ အရေးကြီးပါတယ်။ အုပ်စုကတက်ဖို့ဆိုရင် ပွဲအားလုံးကို လေးလေးစားစားနဲ့ ကစားရမှာပါ။ ဒီပြိုင်ပွဲအတွက် ကျွန်တော်တို့ မျှော်လင့်ချက်အပြည့်နဲ့လာတာပါ။ မနက်ဖြန်ပွဲကတော့ အရေးကြီးဆုံးပါ။ နိုင်ပွဲအတွက် မျှော်လင့်ထားပြီး ယုံကြည်မှုရှိပါတယ်''ဟု ပြောကြားခဲ့သည်။ တရုတ်တိုင်ပေကလပ် တိုင်နန်စီးတီးအသင်းနည်းပြချုပ် ရာဖေးလ်က "ဒီပြိုင်ပွဲကို လာရောက်ကစားရတာ ပျော်ပျော်ရွှင်ရွှင်နဲ့ အားလုံးကျေနပ်စရာကောင်းပါတယ်။ ကစားရမှာကလည်း အသင်းကောင်းတွေနဲ့ပဲ ဆိုတော့ ခက်ခဲမှာပါ။ ပွဲတွေအားလုံးကို ရာနှုန်းပြည့် အာရုံစိုက်ပြီး ကြိုးစား ကစားသွားပါမယ်။ အုပ်စုက တက်ခွင့်ရဖို့ ဖြစ်နိုင်သမျှ အခွင့်အလမ်းတွေ အားလုံးကို ဖန်တီးပြီး ကြိုးစားသွားပါမယ်''ဟု ပြောကြားခဲ့သည်။

အုပ်စု (D) ပွဲစဉ်များကို အောက်တိုဘာ ၂၇ ရက်မှ နိုဝင်ဘာ ၂ ရက်အထိ ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ကျင်းပမည်ဖြစ်ပြီး အုပ်စုပထမပွဲအဖြစ် အောက်တိုဘာ ၂၇ ရက် ညနေ ၄ နာရီတွင် ရှမ်းယူနိုက်တက်အသင်းနှင့် လာအိုကလပ် Young Elephant အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

သတင်း-ရှိုင်းထက်ဇော်

ဓာတ်ပုံ-MFF

# ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ခရိုင်နှင့် မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



**ပဲခူး အောက်တိုဘာ ၂၆**

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး တော်ဝင်ဟံသာ အစည်းအဝေးခန်းမ၌ ယမန်နေ့နံနက်ပိုင်းက ပဲခူး တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း ဦးဆောင် ၍ ခရိုင်နှင့်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့် (၇/၂၀၂၄)လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပသည်။

**ဖတ်ကြားရှင်းလင်း**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ၏ လမ်းညွှန်ချက်များအား ဖတ်ကြားရှင်းလင်းကာ အမှာစကားပြောကြားခဲ့သည်။

ထို့နောက် ပြည်၊ နတ်တလင်း၊ သာယာဝတီ၊ တောင်ငူ၊ ညောင်လေးပင်နှင့် ပဲခူးခရိုင်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌများနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများက ဒေသအလိုက် အုပ်ချုပ်ရေး၊ စီးပွားရေး နှင့် လူမှုရေးဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းတင်ပြ ခဲ့ကြရာ တင်ပြချက်များနှင့်ပတ်သက်၍ တိုင်းဒေသကြီး အဆင့်ဌာနဆိုင်ရာများက ကဏ္ဍအလိုက် ဖြည့်စွက် ရှင်းလင်းတင်ပြခဲ့ကြသည်။

**ဖြည့်စွက်လမ်းညွှန်မှာကြား**

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးများက အုပ်ချုပ်ရေးနှင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များ၊ စိုက်ပျိုး ရေးနှင့် မွေးမြူရေးဆိုင်ရာကိစ္စရပ်များ၊ လူမှုရေးဆိုင်ရာ ကိစ္စရပ်များနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များ ကို အကြံပြုတင်ပြခဲ့ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် က ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများ၏ ဒေသအလိုက် တင်ပြချက်များအပေါ် ကဏ္ဍတစ်ခုချင်း အလိုက် လိုအပ်သည်များ ဖြည့်စွက်လမ်းညွှန် မှာကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ပဲခူးတိုင်းဒေသကြီးအတွင်း အခွန်ပညာပေးရှင်းလင်းဆွေးနွေးပွဲ ကျင်းပ



**တောင်ငူ အောက်တိုဘာ ၂၆**

ပဲခူးတိုင်း ဒေသကြီးအတွင်း အခွန်ဘဏ္ဍာငွေ ပိုမိုတိုးတက်ရရှိ စေရေး၊ ပြေစာများအပေါ် အခွန် အမှတ်တံဆိပ်ကပ်နှိပ်ဆောင်ရွက် စေရေး၊ အခွန်ကြွေးကျန်များ၊ အခွန်တိမ်းရှောင်မှုနှင့် အခွန် လွတ်ကင်းမှုမရှိစေရေး အခွန် ပညာပေးရှင်းလင်းဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီက တောင်ငူမြို့ ခပေါင်းခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ပဲခူးတိုင်း ဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးတင်ဦးက တိုင်းဒေသကြီး အတွင်း စားသောက်ဆိုင်လုပ်ငန်း၊ ဟိုတယ်/တည်းခိုခန်းလုပ်ငန်း၊ ရွှေထည်လက်ဝတ်ရတနာရောင်းချ သည့်လုပ်ငန်း၊ လက်ကိုင်ဖုန်းနှင့် ဆက်စပ်ပစ္စည်းများ ရောင်းချ သည့် လုပ်ငန်း စုစုပေါင်း လုပ်ငန်းရှင် ၃၆၀ ရှိကြောင်း၊ စားသောက် ဆိုင်များတွင်လည်း ပြေစာ တောင်းယူနိုင်ရန်အတွက် စားသုံး သူ မိဘပြည်သူများသို့ အသိပေး နှိုးဆော်စာ ကြော်ငြာဗီနိုင်းများ ကပ်ထားပြီးဖြစ်ကြောင်း၊ ပြေစာ ရရှိသော်လည်း အခွန်အမှတ် တံဆိပ်ကပ်နှိပ်ထားမှု မရှိခြင်းများ တွေ့ရှိပါက အထောက်အထားနှင့် အတူ နီးစပ်ရာ အခွန်ရုံးသို့ တိုင်ကြားနိုင်ကြောင်း၊ နိုင်ငံတော် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို ပံ့ပိုးပြောင်းလဲနိုင်ရန်အတွက် တာဝန်သိသိ အခွန်ကို လိုလားစွာ ပေးဆောင်ကြရန် အခွန်ထမ်း ပြည်သူများက ဝိုင်းဝန်းပူးပေါင်း ကူညီဆောင်ရွက် ပေးကြရန် ပြောကြားသည်။

ဆက်လက်၍ ပဲခူးတိုင်း ဒေသကြီး ပြည်တွင်းအခွန်များ ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးပြည့်ဖြိုးအောင်က အခွန်ဆိုင်ရာ သိမှတ်ဖွယ်ရာများ အကြောင်း ရှင်းလင်းဆွေးနွေးပြီး တက်ရောက် လာကြသော အခွန်ထမ်းပြည်သူ များက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြကြောင်း သိရ သည်။

**ခရိုင်(ပြန်/ဆက်)**

# သတင်းနှင့်စာနယ်ဇင်း ဝန်ထမ်းဟောင်းများအသင်းသို့ အလှူငွေများ ပေးအပ်လှူဒါန်း

**ရန်ကုန် အောက်တိုဘာ ၂၆**

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၅ ရက်တွင် ကျင်းပ မည့် သတင်းနှင့်စာနယ်ဇင်း ဝန်ထမ်းဟောင်း များအသင်း ဆရာကန်တော့ပွဲနှင့် အသက် ၈၀ နှင့်အထက် အသင်းဝင် ဝန်ထမ်းဟောင်း များ သက်ကြီးပူဇော်ပွဲအတွက် ဦးသိန်းမြင့်၊ စိမ်းလန်းရွှေမြေကုမ္ပဏီကိုယ်စား ဦးညီညီက အလှူငွေကျပ် ၂၀၀၀၀၀၊ အထက်ကြည့်မြင်တိုင် လမ်းနေ ဦးသန်းလွင်-ဒေါ်မွန်မွန်သာဆိုင် မိသားစုက ငွေကျပ် ၁၅၀၀၀၀၊ ဒေါ်စန်းမြင့် (ခေတ္တ-ဂျပန်)က ငွေကျပ် ၁၀၀၀၀၀၊ မယုဇနအောင်(ပိုးအိ) ခေတ္တ-ဂျပန်က ငွေကျပ် ၁၀၀၀၀၀၊ ကိုဇော်မျိုးထက်(ခေတ္တ- ကိုရီးယား)- မဝင့်ဝါထွန်း မြလမ်း ထောက်ကြန့်မြို့က ငွေကျပ် ၅၀၀၀၀၊ ကိုဇော်သူရဝင်း- မခိုင်ဇာ သွယ်(ပုံ့ပုံ့) မြလမ်း ထောက်ကြန့်မြို့က ငွေကျပ် ၅၀၀၀၀၊ ဦးညွန့်ဝေ-ဒေါ်ခိုင်ခိုင်ညွန့် မြလမ်း ထောက်ကြန့်မြို့က ငွေကျပ် ၃၀၀၀၀၊ ဦးခင်မောင်ဝင်း -ဒေါ်ခင်အုန်းမြင့် ကိုဦးစတိုး တပ်နယ်ဈေး(ပုသိမ်)က ငွေကျပ် ၃၀၀၀၀ နှင့် ဦးထွန်းထွန်းနိုင် - ဒေါ်ခင်မြင့်နွယ် မိသားစုက ငွေကျပ် ၂၀၀၀၀ စုစုပေါင်း အလှူငွေကျပ် ၇၃၀၀၀၀ ကို ယနေ့နံနက်ပိုင်းက အသင်း ရုံးခန်းသို့ လာရောက်ပေးအပ်လှူဒါန်းရာ အသင်းဥက္ကဋ္ဌ ဦးမြင့်ဆွေ(မြင့်ဆွေမြင့်)နှင့် အမှုဆောင်များက လက်ခံရယူခဲ့ကြောင်း သိရသည်။

**အေးသန်း(စိန်တုံးကြီး)**



# ပခုက္ကူမြို့နယ်၌ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ရာနှုန်းပြည့်ကောက်ယူပြီးစီး



**ပခုက္ကူ အောက်တိုဘာ ၂၆**

မကွေးတိုင်းဒေသကြီး ပခုက္ကူ မြို့နယ်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင် စာရင်းကို အောက်တိုဘာ ၁၀ ရက် မှစတင်၍ စဉ်ဆက်မပြတ် ကောက်ယူလျက်ရှိရာ ယခုအခါ ကောက်ကွက်အားလုံး ရာနှုန်း ပြည့် ကောက်ယူပြီးစီးနေပြီ ဖြစ်ကြောင်း သိရသည်။

**ရာနှုန်းပြည့်ကောက်ယူ**

ပခုက္ကူမြို့နယ်တွင် ရပ်ကွက် ပေါင်း ၁၅ ရပ်ကွက်ရှိပြီး လူဦးရေ နှင့်အိမ်အကြောင်းအရာ သန်းခေါင် စာရင်း အချက်အလက်များ ကောက်ယူမှုလုပ်ငန်းကို တစ်ရက် လျှင် စာရင်းစစ်၊ စာရင်းကောက် အဖွဲ့ ၁၇ ဖွဲ့ဖြင့် ကောက်ယူလျက် ရှိရာ အောက်တိုဘာ၂၅ ရက်အထိ အိမ်ထောင်စုပေါင်း ၂၁၅၇၀ ၊ လူဦးရေ ၇၈၀၈၄ ဦး၊ စာရင်း ကောက်ကွက် ၁၇၁ ကွက်အားလုံး ရာနှုန်းပြည့် ကောက်ယူနိုင်ခဲ့ပြီ ဖြစ်သည်။

သန်းခေါင်စာရင်း ကောက်ယူ နေမှုကို နယ်မြေခံတပ်မှ တပ်မမှူး ဗိုလ်မှူးကြီး ဇော်မင်းထက်၊ ခရိုင် သန်းခေါင်စာရင်းကော်မတီ ဥက္ကဋ္ဌ ဦးနေမျိုးအောင်နှင့်အဖွဲ့ဝင် များ၊ မြို့နယ်သန်းခေါင်စာရင်း ကော်မတီဥက္ကဋ္ဌ ဦးအောင်စိုးမိုးနှင့် အဖွဲ့ဝင်များက ကွင်းဆင်းကြည့်ရှု ကြီးကြပ်ကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေး လျက်ရှိကြောင်း သိရသည်။

**ဘာမီသာ(ပခုက္ကူ)**

# လယ်ဝေးမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများတွင် စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်ရေးရာအသိပညာပေးဟောပြောပွဲနှင့် ပြပွဲများ ကျင်းပ

**လယ်ဝေး အောက်တိုဘာ ၂၆**

ပြည်ထောင်စုနယ်မြေ လယ်ဝေး မြို့နယ်အတွင်းရှိ အခြေခံပညာ ကျောင်းများတွင် လူငယ်များ စာပေဖတ်ရှုမှု တိုးတက်မြင့်မား လာစေရန်အတွက် စာဖတ်ရှိန် မြှင့်တင်ရေးလူငယ်ရေးရာ အသိ ပညာပေး ဟောပြောပွဲနှင့် ပြပွဲများ ကို ယမန်နေ့က ကျင်းပသည်။

ဦးစွာ သော်မှော်ကုန်းကျေးရွာ အခြေခံပညာ အလယ်တန်း ကျောင်း(ခွဲ)တွင် အသိပညာပေး ဟောပြောပွဲနှင့် ပြပွဲကျင်းပရာ လယ်ဝေးမြို့နယ် ပြန်ကြားရေးနှင့်



ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဝေကြည်စန်း အောင်က လူငယ်များ စာဖတ်ရှိန် မြှင့်တင်ရေးအတွက် လူငယ်နှင့် စာဖတ်ခြင်း ခေါင်းစဉ်ဖြင့် အသိပညာပေး ဟောပြောကာ ကျောင်းအုပ်ဆရာကြီး ဦးငွေစိုးက ကျေးဇူးတင်စကား ပြန်လည် ပြောကြားသည်။

ဆက်လက်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ပြသထားသည့် စာဖတ်ရှိန်မြှင့်တင် ရေး လူငယ် ရေးရာ အသိပညာပေး နံရံကပ်စာစောင်အား ကျောင်းသား ကျောင်းသူ လူငယ်များက စိတ်ပါ ဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ ကြောင်း သိရသည်။

**အိအိငြိမ်းဖြူ(ပြန်/ဆက်)**

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်း ပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)
- (၁) ၀၆၇- ၃၄၀၄၉၁၁၊ ၀၆၇- ၃၄၀၄၉၂၂၊ ၀၆၇- ၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၁

( ခ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၂

( ဂ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၇

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၈

( င ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၉

( စ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၀

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု(SMS)၀၉-၂၅၅၀၀၂၅၁၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၂

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၃

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၄

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၅

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကဒ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ရသူများ၊ လျှော့ပေါ့ခွင့်ရသူများနှင့် ရွှေ့ဆိုင်းခွင့်ရသူများ

## ကင်းလွတ်ခွင့်

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေ ပုဒ်မ -၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) သာသနာ့ဝန်ထမ်းများ။

( ခ ) အိမ်ထောင်သည်အမျိုးသမီးများ ( အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်း ပါဝင်သည်)။

( ဂ ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။

(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်း မသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။

( င ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ

(က)ဉာဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တ ပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။

( ခ ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။

( ဂ ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင် (သို့မဟုတ်) အတတ်ပညာရှင်များ။

(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏ သားသမီးအရင်းအချာများ (ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများ မပါ)။

**မှတ်ချက်။** အကယ်၍ ၎င်း သားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက် ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန် ခွင့်ပြုနိုင်သည်။

( င ) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ် တစ်ခုခုရရှိသော အားကစားသမားများ။

( စ ) နိုင်ငံ့ဝန်ထမ်းတာဝန် ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့် အထက်ရှိသော ဆရာဝန်နှင့် သူနာပြုများ။

(ဆ) တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့် အထက်ရှိသော တပ်မတော်စစ်သည် အစားခန့် အရပ်သားဝန်ထမ်းများ။

( ဇ ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေ လိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

## လျှော့ပေါ့ခွင့်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏ မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါ လျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။

( ခ ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက်တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူ ဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

( ဂ ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့ နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

## ရွှေ့ဆိုင်းခွင့်

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ၊၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှ တင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကို စိစစ်ရာတွင် အောက်ပါအချက်များနှင့် အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) ယာယီအားဖြင့်စစ်မှုထမ်းနိုင်မည့် ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာ တပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။

( ခ ) နိုင်ငံ့ဝန်ထမ်းများ။

( ဂ ) ပညာသင်ကြားနေသူများ။

(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိအိုဖအိုများကို ပြုစုလုပ်ကျွေးနေသူများ။

( င ) မူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများ။

( စ ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် တာဝန်မှ ရွှေ့ဆိုင်းခွင့်ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည်အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက် သေဆုံးသွားခြင်း။

( ခ ) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆ ဖြစ်ရပ်တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။

( ဂ ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ၊ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏ လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

( င ) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းပေးရန် မဖြစ်မနေ လိုအပ်နေသူဖြစ်ခြင်း။

**ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်**



## ဟသ်ာတမြို့နယ်၌ ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုပွဲအခမ်းအနား ကျင်းပ

ဟသ်ာတ အောက်တိုဘာ ၂၆

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ်၌ ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက အမှတ်(၁)ခြေခံပညာ အထက်တန်းကျောင်း ဟသ်ာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဟသ်ာတမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညွန့်ဆန်းထွန်းက အဖွင့်အမှာစကားပြောကြားပြီး ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အောင် ငါးဘာသာဂုဏ်ထူးရှင် လူရည်ချွန် မရွှေရည်ဝင့်ဝါက ကျောင်းသား ကျောင်းသူများကိုယ်စား ကျေးဇူးတင်စကား ပြောကြားသည်။ ထို့နောက် ဟသ်ာတခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်မြင့်စိုးနှင့်အဖွဲ့ဝင်များ၊ တာဝန်ရှိသူများက တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးအသီးသီးဖြင့် အောင်မြင်ခဲ့ကြသော ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်၍ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများက တေးသီချင်းများ၊ အကများဖြင့် ဖျော်ဖြေခဲ့ကြကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

**❂ ကျောဖုံးမှ**

အဆိုပါပြိုင်ပွဲ၏ အမျိုးသားရှစ်တက်လှော်မီတာ ၂၀၀ ပြိုင်ပွဲတွင် မြန်မာအသင်းက ပထမ(ရွှေတံဆိပ်)ဆု၊ တရုတ်အသင်းက ဒုတိယ (ငွေတံဆိပ်)ဆုနှင့် ရုရှားအသင်းက တတိယ(ကြေးတံဆိပ်)ဆုကိုလည်းကောင်း၊ အမျိုးသား+ အမျိုးသမီး ရှစ်တက်လှော် မီတာ ၅၀၀ ပြိုင်ပွဲတွင် မြန်မာအသင်းက ပထမ(ရွှေတံဆိပ်)ဆု၊ တရုတ်အသင်းက ဒုတိယ(ငွေတံဆိပ်)ဆုနှင့် ရုရှားအသင်းက တတိယ (ကြေးတံဆိပ်)ဆုကိုလည်းကောင်း၊ အမျိုးသား+အမျိုးသမီး မီတာ ၂၀၀၀ ပြိုင်ပွဲတွင် တရုတ်အသင်းက ပထမ(ရွှေတံဆိပ်)ဆု၊ မြန်မာအသင်းက ဒုတိယ (ငွေတံဆိပ်) ဆုနှင့် ရုရှားအသင်းက တတိယ(ကြေးတံဆိပ်)ဆုကိုလည်းကောင်း ဆွတ်ခူးရရှိခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံကိုယ်စားပြု လှေလှော်အားကစားအဖွဲ့သည် ရွှေသုံးခု၊ ငွေတစ်ခု ဆွတ်ခူးရရှိထားပြီး အောက်တိုဘာ ၂၇ ရက်တွင် ပြိုင်ပွဲများ ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## သတင်းကြေညာချက်

နေပြည်တော် အောက်တိုဘာ ၂၆

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် အကျိုးတူပူးပေါင်း ဆောင်ရွက်လျက်ရှိသော South-East Asia Crude Oil Pipeline Company Limited သည် မဒဲကျွန်းရေနံတင်ချဆိပ်ကမ်းသို့ ရေနံတင်သင်္ဘောကြီးများ ဝင်ထွက်သွားလာနိုင်ရန် ရေလမ်းကြောင်းအား ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ (Dredging Project)ကို Trailing Suction Hopper Dredger, REEM ISLAND ဖြင့် ဆောင်ရွက်သွားမည့် ရေလမ်းကြောင်းတူးဖော်မည့်ဧရိယာ Coordinate များဖြစ်သော Point A1 မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၆ မိနစ် ၄၃ ဒသမ ၅၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၃ မိနစ် ၁၅ ဒသမ ၄၃ စက္ကန့်၊ Point A2 မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၆ မိနစ် ၂၂ ဒသမ ၇၁ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၄ မိနစ် ၄၂ ဒသမ ၄၃ စက္ကန့်၊ Point A3 မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၆ မိနစ် ၁၅ ဒသမ ၄၈ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၅ မိနစ် ၀၃ ဒသမ ၁၂ စက္ကန့်၊ Point A4 မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၆ မိနစ် ၂၇ ဒသမ ၇၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၅ မိနစ် ၀၆ ဒသမ ၃၈ စက္ကန့်၊ Point A5 မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၆ မိနစ် ၅၃ ဒသမ ၆၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၃ မိနစ် ၁၈ ဒသမ ၁၂ စက္ကန့်၊ Point B1 မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၈ မိနစ် ၁၆ ဒသမ ၀၉ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၂၇ မိနစ် ၄၀ ဒသမ ၁၀ စက္ကန့်၊ Point B2 မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၇ မိနစ် ၅၄ ဒသမ ၉၈ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၂၉ မိနစ် ၈ ဒသမ ၁၆ စက္ကန့်၊ Point B3 မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၈ မိနစ် ၂ ဒသမ ၇၉ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၂၇ မိနစ် ၃၇ ဒသမ ၈၀ စက္ကန့်၊ Point B4 မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၇ မိနစ် ၄၁ ဒသမ ၇၃ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၂၉ မိနစ် ၅ ဒသမ ၉၄ စက္ကန့်၊ Point C1 မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၉ မိနစ် ၅၄ ဒသမ ၁၂ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၂၀ မိနစ် ၅၀ ဒသမ ၅၁ စက္ကန့်၊ Point C2 မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၉ မိနစ် ၃၄ ဒသမ ၂၉ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၂၂ မိနစ် ၁၂ ဒသမ ၆၅ စက္ကန့်၊ Point C3 မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၉ မိနစ် ၄၀ ဒသမ ၉၃ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၂၀ မိနစ် ၄၆ ဒသမ ၉၉ စက္ကန့်၊ Point C4 မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၉ မိနစ် ၂၁ ဒသမ ၀၉ စက္ကန့်၊ အရှေ့ လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၂၂ မိနစ် ၁၀ ဒသမ ၁၆ စက္ကန့်၊ ရာသီဥတု ဆိုးရွားပါက ခေတ္တနားခိုမည့် shelter area coordinate များဖြစ်သော No.1 မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၅ မိနစ် ၂၁ ဒသမ ၂၀၄၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၇ မိနစ် ၀၅ ဒသမ ၇၄၂၀ စက္ကန့်၊ No.2 မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၃ မိနစ် ၄၅ ဒသမ ၄၆၄၁ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၉ မိနစ် ၁၀ ဒသမ ၇၇၇၉ စက္ကန့်၊ No.3 မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၃ မိနစ် ၄၃ ဒသမ ၉၅၀၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၉ မိနစ် ၃၆ ဒသမ ၆၇၈၃ စက္ကန့်နှင့် No.4 မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၃ မိနစ် ၄၃ ဒသမ ၈၉၇၈ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၉ မိနစ် ၅၈ ဒသမ ၆၄၈၃ စက္ကန့်၊ အရေးပေါ်အခြေအနေတွင် ခေတ္တနားခိုမည့် shelter area coordinate များ လျာထားနေရာ(၁) ဖြစ်သော Point A မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၅ မိနစ် ၀၈ ဒသမ ၈၁၈၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၄ မိနစ် ၄၀ ဒသမ ၈၃၈၁ စက္ကန့်၊ Point B မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၅ မိနစ် ၀၃ ဒသမ ၁၈၃၄ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၄ မိနစ် ၃၉ ဒသမ ၆၃၂၉ စက္ကန့်၊ Point C မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၄ မိနစ် ၅၅ ဒသမ ၁၆၀၁ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၅ မိနစ် ၀၉ ဒသမ ၁၅၆၁ စက္ကန့် နှင့် Point D မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၅ မိနစ် ၀၇ ဒသမ ၄၀၀၅စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၅ မိနစ် ၀၉ ဒသမ ၀၁၂၈ စက္ကန့်၊ အရေးပေါ်အခြေအနေတွင် ခေတ္တနားခို မည့် shelter area coordinate များ လျာထားနေရာ(၂)ဖြစ်သော Point A မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၄ မိနစ် ၅၈ ဒသမ ၉၉၄၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၅ မိနစ် ၁၄ ဒသမ ၇၆၆၀ စက္ကန့်၊ Point B မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၄ မိနစ် ၅၂ ဒသမ ၈၆၂၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၅ မိနစ် ၁၄ ဒသမ ၈၈၁၈ စက္ကန့်၊ Point C မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၄ မိနစ် ၅၄ ဒသမ ၂၁၄၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၅ မိနစ် ၃၁ ဒသမ ၆၀၁၆ စက္ကန့်နှင့် Point D မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၄ မိနစ် ၅၉ ဒသမ ၀၉၇၅ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၅ မိနစ် ၃၁ ဒသမ ၄၆၁၉ စက္ကန့်နှင့် မြေသားစုပုံမည့်ဧရိယာ (Toss mud area) Coordinate များဖြစ်သော Center Point မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၃၂ မိနစ် ၄၉ ဒသမ ၇၉ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၂၄ မိနစ် ၅၁ ဒသမ ၃၉ စက္ကန့် တို့အတွင်းတွင် ၂၀၂၄ ခုနှစ် အောက်တိုဘာ ၂၁ ရက်မှ ဒီဇင်ဘာ ၃၁ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်သည်။

၂။ သို့ဖြစ်ပါ၍ မဒဲကျွန်းရေနံတင်ချဆိပ်ကမ်းသို့ ရေနံတင် သင်္ဘောကြီးများ ဝင်ထွက်သွားလာနိုင်ရန် ရေလမ်းကြောင်းအား ပြုပြင် ထိန်းသိမ်းခြင်းလုပ်ငန်းများ(Dredging Project)ကို Hopper Dredger, REEM ISLAND ရေယာဉ်ဖြင့် လုပ်ငန်းများဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများနှောင့်နှေး ကြန့်ကြာမှုမဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါတည် လုပ်ငန်းခွင်ဧရိယာမှ မီတာ ၅၀၀ ပတ်လည်အတွင်းနှင့် ရာသီဥတုဘေးအန္တရာယ်ခိုလှုံမည့်နေရာ (Shelter Anchorage) ဧရိယာမှ မီတာ ၂၅၀ ပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီး၊ ငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်းနှင့် ငါးဖမ်းကိရိယာများ ချထားခြင်းမပြုလုပ်ကြရန် အသိပေးကြေညာအပ်ပါသည်။ **ငါးလုပ်ငန်းဦးစီးဌာန**

## ဒုတိယအကြိမ် MBC Professional Boxing ပြိုင်ပွဲများ ကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၆

မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်၊ ဂျပန်လက်ဝှေ့ကော်မရှင်နှင့် MBC ကုမ္ပဏီတို့ ပူးပေါင်းကျင်းပသည့် ဒုတိယအကြိမ် MBC Professional Boxing ပြိုင်ပွဲများကို ယနေ့မွန်းလွဲပိုင်းက ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလက်ဝှေ့ရုံ၌ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ Myanmar Boxing Commission မှ တာဝန်ရှိသူများ၊ လက်ဝှေ့ဝါသနာရှင်များက ကြည့်ရှုအားပေးကြသည်။

အဆိုပါပြိုင်ပွဲ၏ သုံးမိနစ်ထိုး နှစ်မိနစ်နား ခြောက်ချီပြိုင်ပွဲများတွင် အမျိုးသား ၅၀ ဒသမ ၈၀ ကီလိုတန်း၌ နော်ဖုန်းက ကောင်းပြည့်စုံကို လေးချီတွင် အနိုင်ရရှိပြီး ၇၂ ဒသမ ၅၇ ကီလိုတန်းတွင် ထက်ဝေလင်းက ငြိမ်းပြည့်စုံကို အမှတ်ဖြင့်အနိုင်ရရှိသည်။

၅၇ ဒသမ ၁၅ ကီလိုတန်းတွင် စောခိုင်ရဲလင်းနှင့် နေထက်အောင်တို့ ပြိုင်ပွဲမှာ ပူးတွဲသရေဖြစ်ခဲ့ပြီး ၆၃ ဒသမ ၅၀ ကီလိုတန်းတွင် မင်းခန့်သူက မင်းကိုကိုအား ပထမအချီ၌ အလဲထိုးဖြင့် အနိုင်ရရှိခဲ့သည်။

ထို့ပြင် ၇၉ ဒသမ ၃၈ ကီလိုတန်းတွင် ဇော်ဆိုင်းနော်က မျိုးမြင့်မြတ်ကို အမှတ်ဖြင့်လည်းကောင်း၊ ၅၉ကီလိုတန်းတွင် နိုင်လတ်က ဩဂတ်စတင်းဆွတ်ရိန်အောင်ကို အမှတ်ဖြင့်လည်းကောင်းအနိုင်ရရှိခဲ့သည်။

ထို့နောက် အနိုင်ရရှိသူများအား Myanmar Boxing Commission မှ တာဝန်ရှိသူများက ဆုတံဆိပ်များချီးမြှင့်ကြသည်။

Boxer တွင် ဝင်ထားသူများ record များပြားလာစေရန်၊ MBC ၏ ပထမဆုံးခြေလှမ်းအနေဖြင့် JBC ပြိုင်ပွဲများသို့ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန်၊ MBC professional boxer license ထုတ်ပေးနိုင်ရန် ရည်ရွယ်၍ ယခုပြိုင်ပွဲကို စီစဉ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။ **လင်းရာမ**



၅၉ ကီလိုတန်းတွင် နိုင်လတ်နှင့် ဩဂတ်စတင်းဆွတ်ရိန်အောင်တို့ ယှဉ်ပြိုင်ထိုးသတ်စဉ်။

**❍ မြန်မာ့လက်ရွေးစင်မှ**

ပွဲထွက်လူစာရင်းကို အပြောင်းအလဲအချို့ ပြုလုပ်ခဲ့သော်လည်း ပြတ်သားသည့်ရလဒ်ဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် အိစန္ဒာဇော်(ဂိုး)၊ မေသက်မွန်မြင့်၊ ယုယုနိုင်၊ ဖြူဖြူဝင်း၊ နော်ထက်ထက်ဝေ၊ ရူပါခိုင်၊ လင်းမြင့်မိုရ်၊ မြတ်နိုးခင်၊ ရွှေရည်ထွန်း၊ စန်းသော်သော်၊ ဝင်းသိင်္ဂီထွန်းတို့ဖြင့် ပွဲထွက်လာသည်။ ၁၆ မိနစ်တွင် လင်းမြင့်မိုရ်က မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းအတွက် ဦးဆောင်ဂိုးသွင်းယူခဲ့သော်လည်း ၂၅ မိနစ်တွင် လီကွာရီက ဟောင်ကောင်အသင်းအတွက် ချေပဂိုးပြန်သွင်းခဲ့သည်။ ချေပဂိုးပြန်ပေးလိုက်ရသော်လည်း မြန်မာအသင်း ကစားကွက်ပျက်မသွားဘဲ ၂၉ မိနစ်တွင် စန်းသော်သော်က ဒုတိယဂိုးထပ်သွင်းကာ ပထမပိုင်းအပြီးတွင် နှစ်ဂိုး-တစ်ဂိုးဖြင့် ဦးဆောင်နေသည်။

ဒုတိယပိုင်းတွင် နှစ်သင်းစလုံး ကစားသမားများ အပြောင်းအလဲပြုလုပ်ခဲ့သော်လည်း မြန်မာအသင်းက ပွဲပြီးခါနီးတွင် သွင်းယူသည့်ဂိုးများဖြင့် ဂိုးပြတ်အနိုင်ရခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းအတွက် အနိုင်ဂိုးများကို ၈၈ မိနစ်တွင် ယုယုနိုင်နှင့် ၉၀+၁ မိနစ်တွင် ဝင်းသိင်္ဂီထွန်းတို့က သွင်းယူခဲ့သည်။

မြန်မာအသင်းသည် ဇူလိုင်လတွင် အိန္ဒိယလက်ရွေးစင်အသင်းနှင့် နှစ်ပွဲ၊ အောက်တိုဘာလတွင် ဟောင်ကောင်လက်ရွေးစင်အသင်းနှင့် နှစ်ပွဲ ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားခဲ့သည်။

**သတင်း - ကိုညီလေး၊ ဓာတ်ပုံ - MFF**


**သက်ဆိုင်သူနှင့်အများသိစေရန်**

ကျွန်ုပ်၏မိတ်ဆွေ ဦးရဲမင်းကျော်(ဘ) ဦးကျော်ကျော် [၅/အတန(နိုင်)၀၇၅၅၉၃]၏ ဇနီးဖြစ်သူ ဒေါ်အိခိုင်(ဘ)ဦးမြင့်အောင်[၅/အတန(နိုင်)၀၉၄၆၆၀] သည် မိမိ၏စိတ်ဆန္ဒအလျောက် ခင်ပွန်းနှင့် သားသမီး(၂)ဦးအား ထားခဲ့လျက် နေအိမ်မှ မည်သည့်အရပ်ဒေသသို့ ထွက်ခွာနေထိုင်သည်ကို မသိရှိတော့ပါ။ သို့ဖြစ်ပါ၍ ဤကြော်ငြာပါသည့်နေ့မှစ၍ တစ်ဦးနှင့်တစ်ဦး မည်သည့်ကိစ္စမှ ပတ်သက်စပ်ဆိုင်ခြင်းမရှိတော့သည့်အပြင် ကျွန်ုပ်မိတ်ဆွေ၏ဇနီးအဖြစ် မသက်ဆိုင်တော့ပါကြောင်း ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝသည်လည်း မိသားစုနှင့်သက်ဆိုင်ခြင်းမရှိပါကြောင်း ကြေညာအပ်ပါသည်။

**ဦးရဲမင်းကျော်၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခိုင်စိုးဝေ (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၄၁၆) (၃၁-၁၀-၂၀၂၃)**
**အမှတ်(၃၂)၊ ဗဟိုလမ်း၊ (၁၃)ရပ်ကွက်၊ လှိုင်မြို့နယ်။**
**Ph:09-971617061**

## ရွှေဘုန်းပွင့်စေတီတော် မဟာရံတံတိုင်းပြုပြင်မှုအတွက် ပါဝင်လှူဒါန်းနိုင်ကြောင်း အသိပေးကြေညာခြင်း

ပုဇွန်တောင်မြို့နယ်၊ ဦးရွှေဂွန်းလမ်းနှင့် ဦးရွှေဂွန်းလမ်းတို နှစ်ဖက်၊ တောင်ဘက်ရထားသံလမ်းအပါပေါ်တွင် တည်ထားသည့် ရွှေဘုန်းပွင့်စေတီတော်ကြီး၏မူလတည်ဆောက်ထားသော လေးဘက်လေးတန် မဟာရံတံတိုင်းများအား ၂၀၂၅ ခုနှစ်အမီ စေတီတော်နှင့် လိုက်ဖက်အောင် မြှင့်တင်ပြုပြင်မည်ဖြစ်ပါသည်။ မူလအလှူရှင်ဟောင်းများ ဂေါပကရုံးသို့ အမြန်ဆက်သွယ်ကြစေလိုပါသည်။

(၈) ပေပတ်လည် (၁)ခန်းလျှင် ကျပ်(၆)သိန်း

(၁) ပေပတ်လည် (၁)ခန်းလျှင် ကျပ်(၁)သောင်း

မည်သူမဆို သဒ္ဓါတတ်အား နည်းများမဆို ပါဝင်လှူဒါန်းနိုင်ကြပါသည်။ (၈)ပေပတ်လည် အခန်းအလှူရှင်များအား ကမ္ပည်းမှတ်တမ်းရေးထိုးပေးပါမည်။

**ရွှေဘုန်းပွင့်စေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့**

## အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁)၊ မြေကွက်အမှတ် (၁၈၅/က)၊ အနော်မာ(၄)လမ်း၊ အကျယ်အဝန်း (၂၀ပေx၆၀ပေ)၊ (၁၂၀၀)စတုရန်းပေရှိ **ဒေါ်ညွန့်တင်** (CI-၀၁၄၄၃၇)အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်အား ဒေါ်ညွန့်တင်နှင့် ခင်ပွန်းဖြစ်သူ ကွယ်လွန်ခဲ့ပြီးဖြစ်၍ အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိသူ သားသမီး(၃)ဦးအနက် သမီး(၂)ယောက်မှာ ကွယ်လွန်သွားသဖြင့် ကျန်ရစ်သူ သား(၁)ဦးနှင့် မြေး(၆)ယောက်တို့၏ ကိုယ်စား **ဦးသန်းထိုက်**(TKA-၁၁၂၆၈၈)နှင့် **ဒေါ်မြင့်မြင့်ခိုင်**(TKA-၁၁၂၅၃၁)တို့က ပိုင်ဆိုင်မှုအရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုလျက် ရောင်းချခဲ့ရာ ကျွန်ုပ်တို့၏မိတ်ဆွေ **ဦးခင်မောင်** [၁၁/ မပန (နိုင်)၁၅၇၇၃၀] မှ (၁၁-၅-၂၀၂၄)ရက်စွဲပါ နှစ်ဦးသဘောတူ နှစ်(၆၀)ဂရန် မြေကွက်နှင့် အိမ်အပြီးအပိုင် အရောင်းအဝယ် ကတိစာချုပ်ဖြင့် အပြီးအပိုင်ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး အရောင်းအဝယ်ပြုလုပ်သည့်ငွေများအား အပြည့်အဝပေးချေခဲ့ပြီး ယင်းမြေကွက်၊ အိမ်နှင့်သက်ဆိုင်သည့် နှစ်(၆၀)ဂရန်မူရင်းအား (၁၁-၅-၂၀၂၄)ရက်နေ့ကတည်းကပင် လက်ရောက်ရယူခဲ့ပြီးဖြစ်ပါကြောင်းနှင့် ၎င်းတို့နှစ်ဦး၏ မေတ္တာရပ်ခံချက်အရ နေထိုင်ရန် အခက်အခဲရှိသဖြင့် မြေနှင့်အိမ်အား ယင်းနေ့တွင်ပင် အငှားစာချုပ် ချုပ်ဆို၍ ခေတ္တနေထိုင်ခွင့်ပြုခဲ့ပါသည်။ သို့ဖြစ်ပါ၍ ၎င်းမြေကွက်နှင့် အိမ်နှင့် ပတ်သက်သည့် သုံးစွဲနေထိုင်စီမံ ပိုင်ဆိုင်ခွင့်အလုံးစုံသည် ကျွန်ုပ်တို့မိတ်ဆွေ၏ လက်ဝယ်တွင် အပြည့်အဝ ကျရောက်ပြီးဖြစ်ကြောင်းနှင့် အရှုပ်အရှင်းပြဿနာ တစ်စုံတစ်ရာ ပေါ်ပေါက်လာခဲ့လျှင် ပြုလုပ်သူများ၏ တာဝန်သာ ဖြစ်ကြောင်းနှင့် တည်ဆဲဥပဒေအရ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးခင်မောင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်မွန်မွန်ချို (LL.B)** | **ဒေါ်စန္ဒာဝင်း(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၂၆၈)** | **အထက်တန်းရှေ့နေ(စဉ်-၂၆၄၀၉)** |

**အမှတ် (၈၂၈/က)၊ ကျွန်းရွှေမြိုင်လမ်း၊ (၁၈/စီ) ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၂၅၀၆၈၅၇၁၇၊ ၀၉-၇၉၇၆၄၀၆၁၆၊ ၀၉-၅၀၇၉၉၇၈**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သဃ်န်းကျွန်းမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-၂၉သုဝဏ္ဏ(တန်ဘိုးနည်း)၊ မြေကွက်အမှတ်-၅၉၊မြေကွက်တည်နေရာအမှတ်(၅၉)၊ကမာကြည်လမ်း၊ (၂၉)ရပ်ကွက်၊သုဝဏ္ဏ၊သဃ်န်းကျွန်းမြို့နယ်၊ဦးမြတ်ထွန်း(DV-၁၁၃၈၁၁) အမည်ပေါက်နှစ်(၆၀)မြေငှားဂရန်မြေအားအမည်ပေါက်-ဦးမြတ်ထွန်း(ဖခင်) နှင့်ဒေါ်ခင်သန်း(မိခင်)တို့အသီးသီးကွယ်လွန်ကြသဖြင့်ပိုင်ဆိုင်ကြောင်းစာချုပ်အမှတ်-၁၇၅၇/၂၀၁၂(၉-၄-၂၀၁၂)ဖြင့်ဒေါ်ခင်အေးမြင့်၊ဦးသံတူ၊ဦးရန်ဖြူ၊ဦးပန်ယူထွန်း၊ဒေါ်ဆင့်ဆင့်ယဉ်၊ဒေါ်ဆင့်ဆင့်ခင်တို့မှပိုင်ဆိုင်လာပါသည်။ ပိုင်ဆိုင်သူ(၆)ဦးအနက်ဦးသံတူထံမှစွန့်လွှတ်စာချုပ်အမှတ်-၁၇၅၈/၂၀၁၂ (၉-၄-၂၀၁၂)ဖြင့်ဦးသံတူ၏အစုအတွက်ဒေါ်ဆင့်ဆင့်ယဉ်၊ဒေါ်ဆင့်ဆင့်ခင်တို့မှရရှိပြီး၊ထပ်မံ၍အမကြီးတစ်ဦးဖြစ်ဒေါ်ခင်အေးမြင့်သည်အပျိုကြီးဘဝဖြင့်ကွယ်လွန်သဖြင့်၎င်း၏ပိုင်ဆိုင်မှုအစုအတွက်ကျန်မောင်နှမများဖြစ်ကြသောဦးသံတူ(၁၂/သဃက(နိုင်)၀၃၂၂၆၉)ဦးရန်ဖြူ(၁၂/ဒဂတ(နိုင်)၀၁၅၇၃၆) ဦးပန်ယူထွန်း(၁၂/သဃက(နိုင်)၀၃၀၁၆၈)၊ဒေါ်ဆင့်ဆင့်ယဉ်(၁၂/သဃက(နိုင်)၀၃၁၅၂၁)၊ဒေါ်ဆင့်ဆင့်ခင်(၁၂/သဃက(နိုင်)၀၃၀၁၁၈)တို့မှတရားဝင်အမွေဆက်ခံခွင့်ရှိသည့်မောင်နှမများတော်စပ်ကြောင်းကျမ်းကျိန်လွှာ-၆/၁၃၄၁/၂၀၂၄(၂၈-၆-၂၀၂၄)၊သေစာရင်း၊အိမ်ထောင်စုစာရင်း၊ဂရန်မူရင်း၊ ပိုင်ဆိုင်ကြောင်းစာချုပ်မူရင်း၊စွန့်လွှတ်စာချုပ်မူရင်းတို့တင်ပြ၍ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားလာမှုအပေါ်ကန့်ကွက်ရန်ရှိပါက တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။ ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)

မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

သစ် တော မှန် လျှင် အသုံး ဝင် အစဉ် ထာ ဝ ရ ထိန်း သိမ်း ကြ

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်၊ တိုးချဲ့(၃)ရပ်ကွက်၊ မြမဉ္ဇူလမ်း၊ မြေကွက်အမှတ်- (၃/၅၈၀) ဟုခေါ်တွင်သော ဦးထွန်းမြင့်အမည်ပေါက် (၂၅ပေ x ၅၀ပေ) ကျယ်ဝန်းသော ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၁)ထပ်နေအိမ်တို့အား ဒေါ်ဇီဇဝါဝင်း [၁၂/မရက (နိုင်) ၁၃၀၀၀၇]မှ ပိုင်ဆိုင်လက်ရှိထား အကျိုးခံစားလျက်ရှိပြီး ၎င်းတစ်ဦးတည်းသာ လွှဲပြောင်းရောင်းချခွင့်ရှိကြောင်းနှင့် အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံလျက် ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်ဝင်းသီရိဆွေ [၁၂/စခန(နိုင်) ၀၆၇၁၃၄]မှ ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်း(မူရင်း) အထောက်အထားများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးသိန်းမင်းဦး** | **ဒေါ်ပြည့်သဉ္ဇာငွေ** |
| **(LL.B, WIPO-Switzerland)** | **(LL.B, WIPO-Switzerland)** |
| **အထက်တန်းရှေ့နေ(စဉ်-၅၄၅၇၄)** | **အထက်တန်းရှေ့နေ(စဉ်-၅၄၅၂၈)** |

**အမှတ်(၁၀)၊ ( A )ရုံပထမထပ်၊ အင်းစိန်ဈေးကြီး၊ လှိုင်မြစ်လမ်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း- ၀၉-၇၉၄၄၇၀၆၅၁၊ ၀၉-၄၄၄၄၆၄၄၅၂**

## "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၁၂)၊ သူကြွယ်(၁)လမ်း၊ အိမ်အမှတ်(၇၂၀/က)ဒေါ်သန်းညိမ်း(CE-၁၀၀၀၂၅) ပါမစ်မူရင်းအမည်ပေါက် (၂၀x၆၀)ပေမှ ခွဲခြမ်းစိတ်ဖြာထားခြင်းမရှိသေးသော (၁၀x၆၀) ပေနေအိမ်နှင့် မြေကွက်မှမြေပေါ်မြေအောက် အကျိုးခံစားခွင့်အားလုံးတို့အား ရောင်းချပိုင်ခွင့်ရှိသော အမည်ပေါက်၏ အမွေဆက်ခံခွင့်ရှိသူ ဒေါ်ခင်မျိုးကြွယ် [၁၂/ကမတ(နိုင်)၀၀၀၂၆၄]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်နွယ်နွယ်စိုး[၁၂/ဥကတ(နိုင်) ၁၈၄၈၈၇]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်အတူ လူကိုယ်တိုင်ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်နွယ်နွယ်စိုး၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ဇာခြည်သက်(LL.B)**

**အထက်တန်းရှေ့နေ(စဉ်-၄၈၁၇၈)**

**၀၉-၄၄၀၉၈၆၁၄၆**

## သင့်သွေးဖြင့် အသက်ကယ်ပါ

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ လေးထောင့်ကန်ရပ်ကွက်၊ စွယ်တော်(၃)လမ်းရှိ (၂၃. ၆ ပေx ၆၇ ပေ)အကျယ်အဝန်းရှိသောမြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော အမှတ်(က/၁၈)ဟုခေါ်တွင်သည့် (၁)ထပ်နေအိမ်တို့အား ဦးဌေးလွင် [၁၂/မဂဒ(နိုင်)၀၆၃၃၀၂] မှ ဆက်စပ် စာချုပ်တို့ဖြင့် ပိုင်ဆိုင်လက်ရှိထား အကျိုးခံစားလျက်ရှိပြီး ၎င်းတစ်ဦးတည်းသာ လွှဲပြောင်းရောင်းချခွင့်ရှိကြောင်းနှင့် အရှုပ်အရှင်းကင်းရှင်းကြောင်းဝန်ခံလျက် ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးရာဇာလင်း [၈/နမန(နိုင်)၁၄၆၂၃၇] မှ ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်း(မူရင်း)အထောက်အထားများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ရန် မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးသိန်းမင်းဦး** | **ဒေါ်ပြည့်သဉ္ဇာငွေ** |
| **(LL.B, WIPO-Switzerland)** | **(LL.B, WIPO-Switzerland)** |
| **အထက်တန်းရှေ့နေ(စဉ်-၅၄၅၇၄)** | **အထက်တန်းရှေ့နေ(စဉ်-၅၄၅၂၈)** |

**အမှတ်(၁၀)၊ (A)ရုံပထမထပ်၊ အင်းစိန်ဈေးကြီး၊ လှိုင်မြစ်လမ်းမကြီး၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၇၉၄၄၇၀၆၅၁၊ ၀၉-၄၄၄၄၆၄၄၅၂**

## လူမှုကွန်ရက် Social Media Facebook တွင် Sheis Shi Marentha Facebook Account နှင့် Tik Tok တွင် Shimaretha Account တို့၏ပိုင်ရှင် ဒေါ်အိအိခင်ဖြိုးနှင့် ၎င်း၏ထုတ်လွှင့်ချက်ကို ကူညီအားပေးသူအားလုံးအပါအဝင် အများပြည်သူသိရှိရန် သတိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ (၇)ရပ်ကွက်၊ ရွှေဘုံသာလမ်း(အလယ်ဘလောက်)၊ ရွှေဘုံသာကွန်ဒိုမီနီယံ၊ တိုက်အမှတ်(၃၁၆/၃၂၂)၊ အခန်းအမှတ် (11 A+B)၌ ကုမ္ပဏီရုံးခန်းဖွင့်လှစ်တည်ထောင်ထားသော Lucky diamonds Myanmar Co., Ltd. (Lucky DIAMONDS MYANMAR DIAMONDS & JEWELLERY WHOLESALE & RETAIL နှင့် LUCKY DIAMONDS MYANMAR စိန်တိုက်) ၏ကိုယ်စား ဦးကျော်(ခ)ဦးဝင်းသန်း Chairman နှင့် ဒါရိုက်တာ ဒေါ်မေဇင်ဦးတို့၏ လွှဲအပ်ညွှန်ကြားချက်အရ သက်ဆိုင်သူ Sheis Shi_Marentha Facebook Account နှင့် Tik Tok တွင် Shimaretha Account တို့၏ပိုင်ရှင် ဒေါ်အိအိခင်ဖြိုး အပါအဝင် အပေါင်းအပါများနှင့်တကွ အများပြည်သူတို့ သိရှိစေရန်အတွက် သတိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်သူ ဦးကျော်(ခ)ဦးဝင်းသန်း Chairman နှင့် ဒါရိုက်တာဒေါ်မေဇင်ဦး တို့၏ကုမ္ပဏီသည် Lucky diamonds Myanmar အမည်ဖြင့် စိန်ရွှေလက်ဝတ်ရတနာပစ္စည်းများကို ရောင်းချရာတွင် နိုင်ငံကျော်အနုပညာရှင်များနှင့် စိန်ရွှေလက်ဝတ်ရတနာ ပန်းတိမ်လုပ်ငန်းများအကြောင်း နားလည်သိရှိတတ်ကျွမ်းသည့် Social Influencer များအားဖိတ်ခေါ်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း Lucky diamonds Myanmar Facebook page မှ နေ့စဉ် Live sale ထုတ်လွှင့်တင်ဆက်၍ ကောင်းသတင်းများဖြင့် ရောင်းချလျက်ရှိသည်မှာ အများပြည်သူတို့ သိရှိပြီးဖြစ်ပါသည်။

ကျွန်ုပ်တို့၏မိတ်ဆွေ ကုမ္ပဏီအမည်ဖြင့် ရောင်းချသော စိန်ရွှေလက်ဝတ်ရတနာပစ္စည်းများနှင့်ပတ်သက်၍လည်းကောင်း၊ ကျွန်ုပ်တို့၏မိတ်ဆွေ ဦးကျော်(ခ)ဦးဝင်းသန်းနှင့်ပတ်သက်၍လည်းကောင်း Sheis Shi Marentha (Shi Marentha) Account ပိုင်ရှင် ဒေါ်အိအိခင်ဖြိုး၊ နိုင်ငံသားကတ်အမှတ် [၉/မဟမ(နိုင်)၀၈၇၆၂၂] (ဘ) ဦးဇော်လင်းမှ မမှန်မကန်သောသတင်းများကို ဖန်တီးလုပ်ကြံလီဆယ်၍ Facebook စာမျက်နှာများနှင့် Tik Tok Social media များတွင် ၎င်း၏ Sheis Shi Marentha (Shi Marentha) Account ဖြင့် Social Media Platform များအား ခုတုံးလုပ်အသုံးချကာ သတင်းမှားများ ဖြန့်ချိရေးသားပြောဆိုမှုများကို နေ့စဉ်ရက်ဆက်ပြုမူထုတ်လွှင့်ဆောင်ရွက်နေကြောင်း အထောက်အထားများနှင့်တကွ ဗီဒီယိုဖိုင်များအား တွေ့မြင်နေကြရသည်ကို အများပြည်သူတို့ သိရှိပြီးဖြစ်ပါသည်။

Sheis Shi Marentha (Shi Marentha) Account ပိုင်ရှင် ဒေါ်အိအိခင်ဖြိုးသည် (၂၂-၁-၂၀၂၄)ရက်နေ့တွင် ကျွန်ုပ်တို့မိတ်ဆွေကုမ္ပဏီ၏ ရောင်းချသော စိန်ရွှေလက်ဝတ်ရတနာပစ္စည်းများနှင့်ပတ်သက်၍ လူမှုကွန်ရက်စာမျက်နှာပေါ်၌ မမှန်မကန်လီဆယ်ဖန်တီးထုတ်လွှင့်ခဲ့မှုများအား မှားယွင်းစွာ ပြုမူဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း ၎င်း၏သဘောဆန္ဒအလျောက် တောင်းပန်ဖြေရှင်းခဲ့သည်ကိုလည်း အများပြည်သူအားလုံး မျက်ဝါးထင်ထင်သိရှိခဲ့ပြီးဖြစ်ပါသည်။ ထိုသို့တောင်းပန်ခဲ့ပြီးနောက်ပိုင်းတွင်လည်း Sheis Shi Marentha (Shi Marentha) Account ပိုင်ရှင် ဒေါ်အိအိခင်ဖြိုးသည် ၎င်း၏မှန်ကန်ခြင်းမရှိသောလုပ်ရပ်များကို ရပ်တန့်ခြင်းမရှိဘဲ Social media အား ခုတုံးလုပ်လီဆယ်၍ ကျွန်ုပ်တို့၏မိတ်ဆွေ ဦးကျော်(ခ)ဦးဝင်းသန်း ကိုသော်လည်းကောင်း၊ ကျွန်ုပ်တို့မိတ်ဆွေ၏ ကုမ္ပဏီအမည်ဖြင့် ရောင်းချသော ကုန်ပစ္စည်းများနှင့်ပတ်သက်၍လည်းကောင်း၊ မမှန်မကန်လီဆယ်ဖန်တီးလုပ်ကြံသည့် သတင်းအမှားများအား အများပြည်သူတို့ အထင်အမြင်လွဲမှားစေရန် ရည်ရွယ်ချက်ရှိရှိဖြင့် အားပေးကူညီသူများ၏ အထောက်အပံ့ကို အသုံးချကာ ထပ်မံဖြန့်ဝေလွှင့်တင်မှုများအား ဆက်တိုက်ပြုလုပ်ဆောင်ရွက်လာကြောင်းတွေ့ရှိခဲ့ရပါသည်။

Sheis Shi Marentha ( Shi Marentha) Account ပိုင်ရှင် ဒေါ်အိအိခင်ဖြိုး၏ရည်ရွယ်ချက်ရှိစွာ ဖန်တီးတိုက်ခိုက်သည့်လုပ်ရပ်များအပေါ် မဟာအောင်မြေမြို့နယ်ရဲစခန်းတွင် ကျွန်ုပ်တို့၏မိတ်ဆွေကုမ္ပဏီဘက်မှ ဆက်သွယ်ရေးဥပဒေပုဒ်မ-၆၆(ဃ)ဖြင့် တရားဝင်တိုင်ကြားခဲ့ပြီး မဟာအောင်မြေမြို့နယ်တရားရုံးတော်၌ ရာဇဝတ်အထွေထွေမှုအမှတ်- ၁၀၆ / ၂၀၂၄ ကို ဖွင့်လှစ်စွဲဆိုထားခဲ့ရာ Sheis Shi Marentha (Shi Marentha) Account ပိုင်ရှင် ဒေါ်အိအိခင်ဖြိုးသည် တစ်စုံတစ်ရာ လာရောက်ဖြေရှင်းခြင်းမရှိဘဲ ပြည်ပထိုင်းနိုင်ငံသို့ အမှုအားရင်မဆိုင်ဘဲ ထွက်ပြေးတိမ်းရှောင်၍ အထက်တွင်ဖော်ပြထားသော မမှန်မကန်ဖန်တီးလီဆယ်ပြုလုပ်မှုများကို လူမှုကွန်ရက်ပေါ်သို့ သက်ဆိုင်သူအပေါင်းအပါများနှင့်တကွ ထပ်မံကျူးလွန်ဆောင်ရွက်လျက်ရှိပါသည်။ Sheis Shi Marentha (Shi Marentha) Account ပိုင်ရှင် ဒေါ်အိအိခင်ဖြိုး၏ မမှန်မကန် လီဆယ်ဖန်တီးထားသော သတင်းအမှားများကို အမှန်တကယ်ဟု ထင်ယောင်ထင်မှား ဖြစ်စေရန် Like ပေးခြင်း၊ Share ပေးခြင်း၊ အားပေးထောက်ခံသည့် comment များရေးသားခြင်းနှင့် Social media ပေါ်သို့ Sheis Shi Marentha ( Shi Marentha) Account ပိုင်ရှင် ဒေါ်အိအိခင်ဖြိုး၏ ရုပ်ပုံနှင့်ပူးတွဲ၍ ကျွန်ုပ်တို့မိတ်ဆွေ ဦးကျော်(ခ)ဦးဝင်းသန်းရုပ်ပုံ၊ မိသားစုများ၊ ကုမ္ပဏီ၏ ရုပ်ပုံပါအသံဖိုင်များအား အသုံးပြု၍ ကျွန်ုပ်တို့မိတ်ဆွေ ဦးကျော်(ခ)ဦးဝင်းသန်း၏ပုံရိပ်ထိခိုက်အောင် Reaction Video Edit ပြုလုပ်ပြီး ပြန်လည်တင်ဆက်ခြင်းများစွာရှိနေသည်ကို တွေ့မြင်နေရပါသည်။

သို့ဖြစ်ပါ၍ အများပြည်သူများအနေဖြင့် ယခုအသိပေးကြေညာခြင်းပြုလုပ်ပြီးနောက်ပိုင်းတွင် ထပ်မံ၍ လူမှုကွန်ရက်များပေါ်ရှိ Sheis Shi Marentha (Shi Marentha) Account ပိုင်ရှင် ဒေါ်အိအိခင်ဖြိုးထုတ်လွှင့်သော မမှန်မကန်ဖန်တီးလီဆယ်ပြုလုပ်မှုလုပ်ရပ်များအား Like ပေးခြင်း၊ Share ပေးခြင်း၊ အားပေးထောက်ခံသည့် comment များရေးသားခြင်းနှင့် Social media ပေါ်သို့ Sheis Shi Marentha ( Shi Marentha) Account ပိုင်ရှင် ဒေါ်အိအိခင်ဖြိုး၏ ရုပ်ပုံနှင့်ပူးတွဲ၍ ကျွန်ုပ်တို့မိတ်ဆွေ ဦးကျော်(ခ)ဦးဝင်းသန်းရုပ်ပုံ၊ မိသားစုများ၊ ကုမ္ပဏီ၏ ရုပ်ပုံပါအသံဖိုင်များအားအသုံးပြု၍ ကျွန်ုပ်တို့မိတ်ဆွေ ဦးကျော်(ခ)ဦးဝင်းသန်း၏ပုံရိပ်ထိခိုက်အောင် Reaction Video Edit ပြုလုပ်ခြင်းများအား ထပ်မံ၍ မပြုလုပ်ကြရန်နှင့် Sheis Shi Marentha (Shi Marentha) Account ပိုင်ရှင် ဒေါ်အိအိခင်ဖြိုး အား ကျွန်ုပ်တို့၏မိတ်ဆွေ ဦးကျော်(ခ)ဦးဝင်းသန်း၏ရုပ်ပုံ၊ မိသားစု၏ရုပ်ပုံ၊ ကုမ္ပဏီ၏ရုပ်ပုံများအားအသုံးချ၍ ကျွန်ုပ်တို့၏မိတ်ဆွေ ဦးကျော်(ခ)ဦးဝင်းသန်း၏ ပုံရိပ်ထိခိုက်အောင် မမှန်မကန် လီဆယ်ဖန်တီးပြုလုပ်မှုများအား ဆက်လက်၍မပြုလုပ်ရန် သတိပေးကြေညာပါသည်။ ဆက်လက်ပြုလုပ်နေမည်ဆိုပါက Sheis Shi Marentha (Shi Marentha) Account ပိုင်ရှင် ဒေါ်အိအိခင်ဖြိုးနှင့် ပူးတွဲအားပေးကူညီသူများအား သက်ဆိုင်ရာတည်ဆဲဥပဒေများနှင့်သော်လည်းကောင်း၊ သက်ဆိုင်ရာ နိုင်ငံတကာ Social Team များနှင့် အရေးယူနိုင်သော နိုင်ငံတကာအဖွဲ့အစည်းများသို့လည်းကောင်း တင်ပြတိုင်ကြားသွားမည်ဖြစ်ပါသည်။

အမှုမှထွက်ပြေးတိမ်းရှောင်သူအဖြစ် မဟာအောင်မြေမြို့နယ်တရားရုံး၊ ရာဇဝတ်အထွေထွေမှုအမှတ်- ၁၀၆/၂၀၂၄ ၌ ဆယ်သွယ်ရေးဥပဒေပုဒ်မ-၆၆(ဃ)/ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ- ၅၁၂ အရ တရားစွဲဆိုခြင်းခံထားရသူ Sheis Shi Marentha (Shi Marentha) Account ပိုင်ရှင် ဒေါ်အိအိခင်ဖြိုး (ဘ) ဦးဇော်လင်း [၉ / မဟမ(နိုင်)၀၇၈၆၂၂]အား တွေ့ရှိသူနှင့် ပြည်ပထိုင်းနိုင်ငံ၌ ၎င်းနေထိုင်သည့်တည်နေရာလိပ်စာကို အတိအကျသတင်းပေးမည်ဆိုပါက ထိုက်ထိုက်တန်တန် ဆုတော်ငွေများအား ကျွန်ုပ်တို့၏မိတ်ဆွေကုမ္ပဏီဘက်မှ ချီးမြှင့်မည်ဖြစ်ပါကြောင်း အများပြည်သူသိရှိစေရန် လေးစားစွာဖြင့် သတိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | | |
|---|---|---|
| **ဦးမောင်ကြီး(စဉ်-၁၇၇၇)** | **ဦးစိန်မြင့်(စဉ်-၁၀၉၁၆)** | **ဦးရွှေ(စဉ်-၅၅၉၃၈)** |
| **တရားလွှတ်တော်ရှေ့နေ** | | **အထက်တန်းရှေ့နေများ** |

**အမှတ်(၂၀၃)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၁-၃၇၇၄၀၆**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

( ခ ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါ အတိုင်း အလေးထားလုပ်ဆောင်ရေး။

( ဂ ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

( ခ ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

( ဂ ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကိုအကောင်အထည်ဖော်ဆောင်ရေး။

( ခ ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူ အားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

( ဂ ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များ အနေဖြင့် အဓိက စွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရာတွင် အချိန်ယူဆောင်ရွက်ရခြင်းဖြစ်သည့် အတွက် ကျောင်းသား၊ ကျောင်းသူများ၏ ပညာအရည်အသွေးပြည့်မီရေး၊ ခေတ်မီအတတ်ပညာများ၊ နည်းပညာများ သင်ကြားနိုင်ရေးနှင့် မှန်ကန်သည့် တွေးခေါ်မြော်မြင်မှုများရရှိရေး လေ့ကျင့်ပျိုးထောင်ရမည်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ မတ်လ ၂၁ ရက်နေ့တွင် ပြုလုပ်သော အမျိုးသားစီမံကိန်းကော်မရှင်(၁/၂၀၂၄) အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)



## မြန်မာလှေလျှော်အားကစားအဖွဲ့ ကမ္ဘောဇလား နဂါးလှေလျှော်ပြိုင်ပွဲနှင့် ၂၀၂၅ ကမ္ဘောဇလား အားကစားပြိုင်ပွဲအတွက် လက်ရည်စစ်ပြိုင်ပွဲတွင် ရွှေတံဆိပ် နှစ်ခုနှင့် ငွေတံဆိပ်တစ်ခု ထပ်မံဆွတ်ခူးရရှိ

ရန်ကုန် အောက်တိုဘာ ၂၆

အပြည်ပြည်ဆိုင်ရာ ကနူးလှေလှော်အဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ကမ္ဘောဇလား နဂါးလှေလှော်ပြိုင်ပွဲနှင့် ၂၀၂၅ ခုနှစ် ချန်ဒူးတွင်ကျင်းပမည့် ကမ္ဘာ့အားကစားပြိုင်ပွဲ၏ လက်ရည်စစ်ပြိုင်ပွဲ ချန်ပီယံရှစ် နဂါးလှေလှော်ပြိုင်ပွဲတွင် မြန်မာလှေလှော်အားကစားအဖွဲ့ ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိရာ ယနေ့တွင် ရွှေတံဆိပ် နှစ်ခုနှင့် ငွေတံဆိပ်တစ်ခု ထပ်မံဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။

စာမျက်နှာ ၂၅ ကော်လံ ၁ သို့ ❂

## မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်း ခြေစမ်းပွဲနှစ်ပွဲစလုံး ဂိုးပြတ်အနိုင်ရ

ရန်ကုန် အောက်တိုဘာ ၂၆

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းနှင့် ဟောင်ကောင်လက်ရွေးစင် အမျိုးသမီးအသင်းတို့၏ ဒုတိယခြေစမ်းပွဲကို အောက်တိုဘာ ၂၆ ရက်က ရန်ကုန်မြို့ရှိ YUSC ကွင်း၌ကျင်းပရာ မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းက လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ဟောင်ကောင်အသင်းကို ခြေစမ်းပွဲနှစ်ပွဲစလုံး လေးဂိုး-တစ်ဂိုးရလဒ်ဖြင့် အနိုင်ယူခဲ့ခြင်းဖြစ်သည်။ မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည်

စာမျက်နှာ ၂၅ ကော်လံ ၁ သို့ ○



မြန်မာ့လက်ရွေးစင်အသင်းနှင့် ဟောင်ကောင်လက်ရွေးစင်အသင်းတို့ ခြေစမ်းကစားစဉ်။

## ယနေ့ ဖတ်စရာ

**ပန်းတိုင်ချမှတ်ခြင်းနှင့် အောင်မြင်မှုဆီသို့ ခြေလှမ်းများ**
ဆောင်းပါး စာမျက်နှာ » ၁၈

**အွန်လိုင်းမှတစ်ဆင့်တွေ့သည့် စာအုပ်များကို လူငယ်များ ဝယ်ယူဖတ်ရှုသည့်ဓလေ့ ထွန်းကားလာ**
စာမျက်နှာ » ၁၉

**AFC Challenge League အုပ်စု(D)တွင် ပါဝင်သည့်အသင်းများ ပွဲကြိုသတင်းစာရှင်းလင်းပွဲ ကျင်းပ**
စာမျက်နှာ » ၂၂

## MFF ယူ-၁၉ ဖူဆယ်ချန်ပီယံရှစ်ပြိုင်ပွဲတွင် ဟသ်ာအသင်း ဗိုလ်စွဲ




ချန်ပီယံဆုရရှိခဲ့သည့် ဟသ်ာအသင်းကစားသမားများကို တွေ့ရစဉ်။

ရန်ကုန် အောက်တိုဘာ ၂၆

MFF ယူ-၁၉ ဖူဆယ်ချန်ပီယံရှစ်ပြိုင်ပွဲ တတိယနေရာလုပွဲနှင့် ဗိုလ်လုပွဲကို အောက်တိုဘာ ၂၆ ရက်က ကျင်းပရာ ဟသ်ာအသင်း ဗိုလ်စွဲခဲ့သည်။

**အနိုင်ရ**

တတိယနေရာလုပွဲတွင် ဘူရှီဒို လူငယ်အသင်းက YCDC Marga အသင်းကို ရှစ်ဂိုး-ခြောက်ဂိုး၊ ဗိုလ်လုပွဲတွင် ဟသ်ာအသင်းက ရန်ကုန်ဖူဆယ်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

စာမျက်နှာ ၁၄ ကော်လံ ၁ သို့ ❖